
# မောင်နှင်းသွေ

လုရှောင်ပုန်း နှင့် နဂါးအမောက်ကျောက်စိမ်းပြား



စီစဉ်သူ

မေ အိမ့်နိုး

မြတ် ပန်း မွှေး စာ ပေ

၂၇၂/၅ ကျောင်းလမ်း

စာမူခွင့်ပြုချက် အမှတ် ၄၁၂/၉၈ (၈)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (      )

ပထမ အကြိမ် ....၁၉၉၈

တန်ဖိုး ...၂၂၀/

အုပ်ရေ ....၅၀၀/

မျက်နှာဖုံးနှင့် အတွင်းရိုက်....ဦးကျော်စိုး (မြဲ-၀၂၉၀၉)
ကျောက်စိမ်း အော့ဖ်ဆက်
အမှတ် ၁၇၁/၃၃-လမ်း
ရန်ကုန်မြို့၊

ထုတ်ဝေသူ ...ဦးနှင်းဆွေ (မြဲ-၀၂၉၀၉)
ပန်းလက်ဆောင် စာပေ
အမှတ် ၅၁၆-ခ/ပုလဲလမ်း
(၁၆)ရပ်ကွက်၊ မြောက်ဥက္ကလာပ
ရန်ကုန်မြို့။

ဖြန့်ချိရေး ....မြန်ပန်းမွှေး စာပေ
၂၇၂/၅ ကျောင်းလမ်း

ပွင့်စာပေ
အမှတ် ၁၅/၁၃၈၊ မြေဝင်
တောင်ဥက္ကလာ
ဖုန်း ၂၁၄၄၄

# မောင်နှင်းဆွေ

## လုရှောင်ဖုန့်နှင့် နဂါးအမောက် ကျောက်စိမ်းပြား

(ပ + ဒ ပေါင်းချုပ်)

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ပြလမ်း
တောင်ဥမြို့။
ဖုန်း ၂၁၇၆၆

## နဂါးအမောက် ကျောက်စိမ်းပြား

### ဇာတ်လမ်း အကျဉ်း

လုရှောက်ဖုန့်သည် စုယုံယုံတို့နှင့် စီကုန်းမြို့ရှိ တည်းခိုခန်းတွင် နေထိုင်စဉ် ထူးဆန်းသော အဖြစ်အပျက် တစ်ခုကို တွေ့ကြုံရသည်။ တည်းခိုခန်း အဝင်လမ်းကလေးအတိုင်း လူတစ်ယောက် လျှောက်လာရာမှ လဲကျသေဆုံးသွားခဲ့ခြင်း ဖြစ်၏။ လုရှောက်ဖုန့်က လဲကျသေဆုံးသူ၏ထံမှ အလံနှင့် လ, ခြမ်းပါသော အဝတ်စကို ရယူခဲ့၏။

ထိုနေ့မှာပင် တည်းခိုခန်း၌ လူနှစ်ဦး ရန်ဖြစ်ရာ အားနည်းသူဖက်မှ လုရှောက်ဖုန့် ဝင်ကူခဲ့သည်။ ထိုရန်စမှတစ်ဆင့် တာမင်တန်ကျွန်းတွင် နေထိုင်သူများက လုရှောက်ဖုန့်ကို လှည့်စားတိုက်ခိုက်ပြီး စုယုံယုံတို့ သုံးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့လေသည်။

တာမင်တန် ကျွန်းသည် ဒုစရိုက်သမားများ နေထိုင်ရာ ကျွန်းဖြစ်ကြောင်း သူ့အား ဝင်ရောက်ကူညီ တိုက်ခိုက်ပေးခဲ့သည့် 'စန့်ကွမ်းမုံ'က ရှင်းပြသောကြောင့် သိခဲ့ရသည်။

စန့်ကွမ်းမုံသည် သူ့ဘဝဇာတ်ကြောင်းအား ပြောပြ၍ တာမင်တန်ကျွန်းသို့ ရောက်ရှိသွားသည့် 'နဂါး အမောက် ကျောက်စိမ်းပြား'ကို လိုချင်နေခဲ့သည်။

လုရှောက်ဖုန်း၏ မိတ်ဆွေဖြစ်သူက လာရောက်၍ အထင်လွဲ တိုက်ခိုက်ရာမှ စန့်ကွမ်းမုံနှင့် ကွဲကွာသွားပြီးနောက် ပြန်ရောက်လာသောအခါတွင် စန့်ကွမ်းမုံကို 'ကင်းမြီးကောက်ဂိုဏ်း'မှ ဖမ်းဆီးသွားကြောင်း သိရှိရသည်။

လုရှောက်ဖုန်းသည် ကင်းမြီးကောက်ဂိုဏ်းရှိရာသို့ မိတ်ဆွေတစ်ဦးနှင့် အတူသွားရောက် တိုက်ခိုက်ရာမှ တာမင်တန်ကျွန်းတွင် နေထိုင်သော ဂိုဏ်းချုပ်တစ်ဦးနှင့် ရင်ဆိုင်ရလေသည်။ လုရှောက်ဖုန်းသည် တာမင်တန်ကျွန်းသို့ သွားရောက်နိုင်ရန်အတွက် ရုပ်ဖျက်ကာ သင်္ဘောပေါ်သို့ တက်ရောက်ခဲ့၏။

သို့သော် လုရှောက်ဖုန်းမှန်း မှတ်မိ၍ ဝိုင်းဝန်းတိုက်ခိုက်ကြရာ လုရှောက်ဖုန်းမှာ ပင်လယ်ထဲသို့ ကျသွားခဲ့၏။

ပင်လယ်ထဲသို့ ကျသွားခဲ့သော လုရှောက်ဖုန်းကို 'နတ်မိမယ်'က ကယ်တင်ခဲ့သည်။ နတ်မိမယ်သည် လုရှောက်ဖုန်းကို



သူနေထိုင်ရာရွာသို့ ခေါ်ဆောင်သွားခဲ့သည်။ 'နဂါးအမောက်ကျောက်စိမ်းပြား'ကို ယူဆောင်ပေးလျှင် စုယုံယုံတို့ကို ပြန်လွှတ်ပေးမည်ဟု နတ်မိမယ်က ပြောကြားခဲ့သည်။

လုရှောက်ဖုန်းက 'နဂါးအမောက် ကျောက်စိမ်းပြား'ကို ခြေရာခံနိုင်ခဲ့ပြီး နတ်မိမယ်ရရှိစေရန် စီစဉ်ခဲ့သည်။ သို့သော် ထိုကျောက်စိမ်းပြားကြောင့် နတ်မိမယ်မှာ အသတ်ခံခဲ့ရသည်။

ကျောက်စိမ်းပြားကို စန့်ကွမ်းမုံက ယူဆောင်သွားခဲ့သည်။

နောက်ဆုံးတွင် ပြဿနာများကို ဖြေရှင်းပေးခဲ့ပြီးနောက် ပင်လယ်ပြင်ကို ဖြတ်ကာ စုယုံယုံတို့နှင့်အတူ ခရီးထွက်လာခဲ့လေသည်။

ပြီး

# ရည်ရွယ်ချက်

၁။ မကောင်းမှု ဒုစရိုက်များ ပပျောက်စေရန်၊

၂။ သိုင်းပညာကိုတိုင်းပြည်နှင့်လူမျိုးကာကွယ်ရာအသုံးချလိုစိတ် ဖြစ်လာစေရန်၊

၃။ ကိုယ့်အမျိုး ကိုယ့်ဘာသာကို ချစ်မြတ်နိုးတတ်စေရန်၊

၄။ သူတစ်ပါးအား ဒုက္ခရောက်အောင်ပြုလုပ်၍ အကျိုးမရှိသည်ကို သိစေရန်၊

၅။ လူအချင်းချင်း ညှာတာထောက်ထားသော စိတ်မျိုးပေါ်ပေါက်စေရန်... ရည်ရွယ်၍ ဤဇာတ်လမ်းကို ရေးသားပါသည်။

လုရှောက်ဖုန့်နှင့် နဂါးအမောက် ကျောက်စိမ်းပြား

## အခန်း ( ၁ )

နံနက်ခင်းသည် ကြည်လင်ယာယာ၍ နေ၏။

ဆီးနှင်းများ ကျနေသောကြောင့် ဆောင်ဥတု၏သာယာသော နံနက်ခင်းကို တည်းခိုခန်းတစ်ခုရှိ ပြတင်းပေါက်မှ လူတစ်ဦးက ထိုင်ကြည့်နေသည်။

ထိုသူမှာ မျက်ခုံးလေးခုရှင် လုရှောက်ဖုန့်ပင် ဖြစ်သည်။ ဟုတ်ပါသည်။ မျက်ခုံးလေးခုရှင် လုရှောက်ဖုန့်သည် နံနက်ခင်းအလှကို ထိုင်ကြည့်လို့နေပါသည်။

သစ်ပင်အုပ်ကြီးများ ပေါ်မှ ကျေးငှက်များ၏ အသံက နံနက်ခင်း၏ အလှကို ထိုင်ကြည့်လို့နေပါသည်။ သစ်ပင်အုပ်ကြီးများပေါ်မှကျေးငှက်များ၏ အသံက နံနက်ခင်း၏အလှကို ပို၍ သာယာစေပါသည်။

'စိတ်ချမ်းမြေ့စရာ တည်းခိုခန်း' တွင် လုရှောက်ဖုန့် ရောက်နေသည်။ သူသည် စုယုံယုံ၊ ဟုန်ရှူးနှင့် အန်းကော့ တို့ကိုပါ ခေါ်ကာ 'စိတ်ချမ်းမြေ့စရာ' တည်းခိုခန်းဆောင် လာရောက် အပန်းဖြေနေခြင်း ဖြစ်သည်။

စိတ်ချမ်းမြေ့စရာ တည်းခိုခန်းသည် မဆိုးလှပါ။

နှစ်ရက်တိတိတော့ လုရှောက်ဖုန့်တို့ စိတ်ချမ်းမြေ့စရာ ဖြစ်ခဲ့ပါသည်။ သူတို့လေးဦးမှလွဲ၍ စိတ်ချမ်းမြေ့စရာ တည်းခိုခန်းတွင် လာရောက် တည်းခိုသူ မရှိသေး။

အနီးအနားရှိ နေထိုင်သူများကသာ ညနေပိုင်းတွင် လာရောက် စားသောက်ကြသည်။

လုရှောက်ဖုန့်တို့ လေးယောက် လူရှင်း၍ နေရာကောင်းကောင်းရကြသည်။ ကျယ်ဝန်းသောအခန်း လေးခန်းကိုရကာ တစ်ယောက်တစ်ခန်း နေလိုက်ကြသည်။

လုရှောက်ဖုန့် ငေးကြည့်နေသော ပြတင်းပေါက်ထည့်တည့်တွင် ရှည်လျား ကွေ့ကောက်သော လမ်းကလေး တစ်လမ်း ရှိနေပါသည်။



ထိုလမ်းလေးသည်သဲပွင့်ဖြူဖြူများခင်းထားသောကြောင့် ကြည့်၍ ကောင်းနေသည်။

သို့သော် ထိုလမ်းကလေးကို ကြည့်နေရင်း လုရှောက်ဖုန့်၏ စိတ်တွင် တစ်မျိုးကြီးဖြစ်လာမိသည်။ လုရှောက်ဖုန့်စိတ်မှာ လမ်းကလေးကို ကြည့်နေရာမှ လေးလံလာသည်။

တစ်စုံတစ်ခုကို စိုးရိမ်မိသလို ဖြစ်လာပါသည်။

'မမယုံရေ...ဒီ တည်းခိုခန်းကတော့ သဘောကျနေပြီထင်တယ်၊ မမယုံလူကြီး ဒီတည်းခိုခန်းမှာများ တစ်သက်လုံး နေတော့မလား မသိဘူး'

လုရှောက်ဖုန့်က လမ်းကလေးကို ငေးကြည့်နေစဉ်မှာပင် လှေကားမှ တက်လာသော ဟုန်ရှူး၏အသံ ပေါ်လာသည်။ ဟုန်ရှူးသည် စကားပြောလျှင် ဒီလိုပင် အလန့်တကြားပြောတတ်သည်။

'ဘာပြောလို့လဲ ရှင့်'

နောက်မှပါလာသော အန်းကော့၏မေးသံပါ ပေါ်လာသည်။

'ဟိုမှာကြည့်ပါလား၊ ပြတင်းပေါက်မှာထိုင်ပြီး ငေးနေတာ ကျောက်ရုပ်တစ်ရုပ် ကျနေတာပဲ'

ဟုန်ရှူးက အန်းကော့ကို လိုရှောက်ဖုန့်ရှိရာသို့ မေးငေါ့ပြရင်း ဖြေကြားလိုက်သည်။ လိုရှောက်ဖုန့်မှာ သူတို့ဖက်သို့ မျက်နှာလှည့်ကြည့်လိုက်သည်။

'အော်....မင်းတို့ နိုးလာပြီကိုး'

လိုရှောက်ဖုန့်က အေးစက်စက်ပြောလိုက်သော လိုရှောက်ဖုန့်၏ မျက်နှာအမူအရာကြောင့် အန်းကော့ရော ဟုန်ရှူးပါ နားလည်ရ ခက်သွားလေ၏။

'ရှင် ဘာတွေတွေးပြီး ဘာတွေများ စိတ်ကူးနေတာလဲ'

အန်းကော့က လိုရှောက်ဖုန့် ကြည့်နေသော လမ်းသွယ်လေးရှိရာသို့ နောက်မှလာရပ်ကြည့်ရင်း မေးမြန်းလိုက်သည်။

'လူတစ်ယောက်ရဲ့ စိတ်ထဲမှာရှိတာကို အကုန်ထုတ်ပြောလို့ ဘယ်ရနိုင်မှာလဲ၊ စိတ်ဆိုတာ ထူးဆန်းတယ်၊ အာရုံတစ်ခုပြီး တစ်ခု ပြောင်းနေတာ ဟုန်ရှူးရေ၊ အန်းအော့ကို စိတ်အကြောင်း နားလည်အောင် ရှင်းပြလိုက်ပါဦး'

လိုရှောက်ဖုန့်၏ စကားကြောင့် အန်းကော့ ခစ်ခနဲ ရယ်လိုက်သည်။

'ကြည့်စမ်း....ဟုန်ရှူး၊ သူက ငါ့ကို ကလေးတစ်ယောက် ကျနေတာပဲ'



အန်းကော့ မခံချင်စိတ်ဖြင့် ပြန်ပက်လိုက်၏။

လိုရှောက်ဖုန့်က လမ်းကလေးကိုကြည့်ရင်း သူ့စိတ်ထဲမှ ဖြစ်ပေါ်လာသည်ကို ပြောလိုက်သည်။

'ဒီလမ်းကို ငါတွေ့နေရတာ စိတ်ထဲမှာ တစ်မျိုးကြီးပဲ'

'အော်....ဒီလမ်းက ကွေ့ကွေ့ ကောက်ကောက် သွားပြီး ထိပ်ဆုံးမှာ ပျောက်သွားလို့ပါ'

ဟုန်ရှူးက သူ မြင်တွေ့နေရသော လမ်းကလေးကို ပြတင်းပေါက်မှကြည့်၍ ဝေဖန်လိုက်သည်။

'ဒီလို လမ်းတွေကတော့ အများကြီးပါ၊ လမ်းတစ်လမ်းဟာ လျှောက်လှမ်းလို့ ရ,ရင် ပြီးတာပဲမို့လား'

အန်းကော့ကတော့ ပြီးစလွယ် ပြောရင်း လိုရှောက်ဖုန့် အခန်းထဲမှ အိပ်ယာများကို သိမ်းဆည်းပေးနေသည်။

အောက်ထပ်မှ စုယုံယုံ၏အသံ ပေါ်လာသည်။

'ကဲ....အပေါ်ထပ်ကလူတွေ ဘာမှမစားဘဲ တစ်နေ့လုံး ဒီလိုပဲ နေကျတော့မှာလား၊ ဒီမှာ ဆာတဲ့လူက ဆာနေပြီ'

'လာပြီ မမယုံရေ...ဒီမှာ လမ်းကို အပြစ်ရှာနေလို့'

အန်းကော့၏အေအာ်သံကြောင့် လိုရှောက်ဖုန့် လ,ရပ်လိုက်ကာ...

'လမ်းကို အပြင်ရှာတာ မဟုတ်ပါဘူးဗျာ၊ ဒီလမ်းကို မြင်ရကတည်းက နီလာ်းပေါ်မှာ တစ်ခုခုတော့ ဖြစ်တော့မှာပဲဆိုတာ ကြိုသိနေလို့ ပြောတာပါ'

လိုရှောက်ဖုန့်က အန်းကော့ကို ရှင်းပြလိုက်၍ အန်းကော့မှာ မျက်နှာထားပြောင်းလဲသွား၏။

'ဟင် ကျွန်ုပ်တို့ အေးအေးဆေးဆေး နေရမည့်လို့ စိတ်ချမ်းမြေ့မှာလာပြီး အနားယူပါတယ် ရှင်က ဘာတွေများ တွေးနေပြန်ပြီလဲ'

ဟုန်ရှူးက မျက်မှောင်ကျုံ့လျက် ပြောလိုက်ခြင်းဖြစ်၏။

'ဒီလမ်းပေါ်ကနေ မြင်းလှည်းတစ်စီးနဲ့ လူတစ်ယောက် အရေးတကြီး သည်က ထွက်သွားကြောင်း အခုထိ မလာသေဘူး'

လုရှောက်ဖုန့်က ရှင်းပြလိုက်သောကြောင့် အန်းကော့ အရေးမစိုက်သလို လုပ်ရင်း အောက်သို့ ဆင်းလာ၏။

'လမ်းပါဆိုမှ လူနဲ့ မြင်းလှည်းတွေကတော့ သွားကြမှာချည့်ပဲပေါ့'



လော့ကာ ကိုဆင်းရင် အန်းကော့က ပြောသွားသောစကားဖြစ်သည်။

'ရှင့်ဟာရှင် ကိုယ့်အကြောင်းကိုယ် တွေးချင်လဲတွေး သူများအကြောင်းတွေ လျှောက်တွေးမနေနဲ့ တော်ကြာ ပြဿနာ အရှုပ်အထွေးထဲ မှာနေဦးမယ်၊ ကဲ ရှင် မဆာသေးရင်လဲ နေခဲ့၊ မဖယ့် အောက်မှာ ခေါ်နေပြီ၊ ကျွန်မတို့ ဆာလို့ ဆင်းစားလိုက်ဦးမယ်'

ဟုန်ရှူးက ပြောပြောဆိုဆို အန်းကော့နောက်မှ လိုက်ပါသွားလေတော့သည်။ လုရှောက်ဖုန့်ကတော့ မတ်တတ်ရပ်၍ ပြတင်းပေါက်ကို လက်တင်ကာ လမ်းကလေးရှိရာသို့ ဆက်ကြည့်နေ၏။

သူ့မြင်ကွင်းတွင် တစ်စုံတစ်ရာ ပေါ်ပေါက်လာသည်။

'ဟင်....'

လှင်စာပေ
အမှတ် ၁၅/၁၃၈၊ မြလမ်း
တောင်ငူမြို့
ဖုန်း ၂၀၇၄၄

## အခန်း (၂)

လမ်းချိုးအကွေ့လေးမှ လူတစ်ယောက် ပြေးထွက်လာပြီး သူ၏ ခြေလှမ်းများက ယိုင်တိုး ယိုင်ထိုး ဖြစ်နေသည်။ ခြေလှမ်းတို့က စာစ်စုံတစ်ရာ ဒဏ်ရာရလာခြင်းကို ဖော်ပြနေကာ လမ်းချိုးကွေ့နေရာသို့ အရောက်တွင် မထိန်းနိုင်တော့ သလို ဖြုဖြုလူရိပ်က လဲကျသွားလေသည်။

'ဟာ....ဒုက္ခပဲ'

အဖြူရောင် ဝတ်စုံ ဝတ်လာသူက လုံရှောက်ဖုန့်တို့ တည်းခိုနေသော 'စိတ်ချမ်းမြေ့စရာ ဂေဟာ' သို့ လာသည့် လမ်းအတိုင်း ပြေးလာရင်းမှ လဲကျသွားခြင်းဖြစ်၍ လုံရှောက်ဖုန့်က ရုတ်တရက် နှုတ်မှ လွှတ်ကနဲ ထွက်သွားသည်။

လုံရှောက်ဖုန့်၏အသံကို အောက်ထပ်ရှိ စားသောက်ခန်းထဲတွင်ရှိသော မိန်းမပျိုသုံးဦးက အတိုင်းသား ကြားလိုက်ရသည်။



စုံယုံယုံက ထိတ်ကနဲဖြစ်သွားသည်။

'ဘာဖြစ်လို့ အော်ရတာလဲရှင့်၊ ရှင့် တစ်ယောက်တည်း ဘာတွေ ဖြစ်နေတာလဲ'

အပေါ်ထပ်မှ လုံရှောက်ဖုန့်ကြားရလောက်အောင် အော်ဟစ် မေးမြန်း လိုက်ရာ လုံရှောက်ဖုန့်က ပြန်၍ အဖြေမပေး။ ထို့ကြောင့် သူတို့ အစားအသောက်ကို ဆက်၍ မစားနိုင်တော့။

လုံရှောက်ဖုန့်ဆိုသည် လူချောတစ်ဦးကို သူတို့သုံးယောက်လုံးက ခင်တွယ်ကြသည်။ ထို့ကြောင့် တစ်ခဏအတွင်း မိန်းမသား သုံးယောက်လုံး လုံရှောက်ဖုန့်အနီးသို့ သူတို့ သုံးယောက် ရောက်လာကြသည်။

လုံရှောက်ဖုန့်က သူတို့သုံးယောက်ကို ဂရုမစိုက်အား လမ်းကလေးကို စူးစိုက်ကြည့်နေသည်။

လမ်းကလေးပေါ်တွင် လဲကျသွားသူက တော့ ကျိုးတော့ကျိုးဖြင့် ပြန်ထ,လာသည်။ သူသည် ရှေ့သို့ ဦးတည်ပြေးနေသည်။ အဖြူရောင်ဝတ်စုံနှင့် ဒဏ်ရာရထားသူ ဦးတည်ပြေးနေသည့်နေရာက စိတ်ချမ်းမြေ့စရာ ဂေဟာရှိရာသို့ပင်။

သို့သော်လည်း ခြေလှမ်းဆယ်လှမ်း မပြည့်မီပင် အဖြူရောင်ဝတ်စုံနှင့်လူက လဲကျသွားပြန်သည်။ သို့သော် အားတင်း၍ ပြန်ထ,သည်။ ဆက်၍ သွားနိုင်ဖို့ ကြိုးစားသည် ကြိုး

စား၍ မရ ဒယိမ်းဒယိုင်ဖြင့် လျှောက်လှမ်းမှုမှာ ပို၍ ဆိုးနေသည်။

'သူ ဒီတစ်ခါ လဲကျရင်တော့ ပြန်ထ,နိုင်မှာ မဟုတ်တော့ဘူး…'

လုံရှောက်ဖုန့်က ရေရွတ် လိုက် သည်။ လုံရှောက်ဖုန့်၏ နောက်တွင် လာရပ်ကြည့်သော စုယုံယုံက…

'သူ့ကိစ္စနဲ့သူ ဖြစ်နေတာကို ရှင် သွားမရှုပ်ပါနဲ့နော်' ဟု ပြောလိုက်၏။

ဟုန်ရှူးကလည်း….

'ဒီလိုမရှုပ်ဘဲ သား သူ နေနိုင်မှာ' ဟု မဲ့ရွဲ့ပြောပြန်၏။

'ဒီလူဟာ ရောဂါဝေဒနာတစ်ခုခု ဖြစ်သာတယ်နဲ့ တူတယ်၊ ဘယ်က လာတာလဲ မသိဘူး'

လုံရှောက်ဖုန့်ကို မော့ကြည့်၍ အန်းကော့ ပြောလိုက်၏။

'ငါထင်တာတော့ သူဟာ ပင်လယ်က လာတာ ရွက်လှေ တစ်စင်းပေါ်က ဆင်းလာတာ ဖြစ်ရမယ်'

လုံရှောက်ဖုန့်က ရုတ်တရက် ဝေဖန်လိုက်သည်။ လုံရှောက်ဖုန့်၏ ခန့်မှန်းချက်များသည် လွဲမှားတတ်မည် မဟုတ်ကြောင်း စုယုံယုံတို့က ယုံကြည်ပြီးဖြစ်သည်။

'အင်း…အနားကို သွားကြည့်ရင်တော့ ပိုပြီး သေချာမှာပဲ…'

'ဟာ…'



လုံရှောက်ဖုန့်က ပြောပြောဆိုဆို ပြတင်းပေါက်မှ လွှားကနဲ ခုန်ချလိုက်သည်။ ရုတ်တရက်ခုန်ချသွားသော လုံရှောက်ဖုန့်ကို မည်သူကမျှ မတားမြစ်နိုင်လိုက်ပေ။

'မပယ်ကလဲ နည်းပါ၊ တားလိုက်တာ မဟုတ်ဘူး'

'သူ့ကို တားလို့ရမယ့် မိန်းလေးက မပေါ်သေးပါဘူးကွယ်…'

ဟုန်ရှူးကို စုယုံယုံက ပြုံး၍ ပြန်ပြောလိုက်သည်။ လုံရှောက်ဖုန့်က လဲကျနေသောသူရှိရာသို့ လစ်ကနဲ ရောက်ရှိသွားသည်။

ထိုသူ့နားတွင် လုံရှောက်ဖုန့်ခဏမျှ ထိုင်၍ ကြည့်လိုက်၏။ ထို့နောက် ချမ်းမြေ့စရာဂေဟာ ရှိရာသို့ ပြန်၍ ထွက်လာခဲ့သည်။ လုံရှောက်ဖုန့်သွားပြီး မြန်မြန်ဆန်ဆန် ပြန်လာခဲ့လိမ့်မည်ဟု စုယုံယုံတို့က မထင်မှတ်ခဲ့။

'ကဲ…ဆရာကြီး၊ ဘာတွေများ စပ်စုလာခဲ့သလဲ'

လုံရှောက်ဖုန့်က သက်ပြင်းချလိုက်၏။

'ငါ ထင်တဲ့အတိုင်း အခု သေသွားတဲ့ လူက ဝါဆန်းသိုင်းအဖွဲ့က အင်မတန် နာမည်ကြီးခဲ့တဲ့ ဓားမှုဆိုး 'နန်းကုန်းချူး' ဆိုတာပဲ'

လုံရှောက်ဖုန့် စကားကြောင့် မိန်းကလေးသုံးယောက် အံ့အားသင့်သွားသည်။

'ဟင်....သိုင်းပညာ ဒီလောက်တတ်တဲ့ 'နန်းကျွန်းချူး' လို လူမျိုးကို ဘယ်သူကများ သေအောင် သတ်နိုင်ပါလိမ့်၊ တော်ရုံတန်ရုံ လူတော့ ဟုတ်မယ် မထင်ဘူး'

အန်းကော့က မှတ်ချက် ချလိုက်သည်။ စုယုံယုံက လို့ ရှောက်ဖုန့်ကို မျက်စောင်းထိုးကာ မေးသည်။

'သူ့ နှုတ်ခမ်းတွေ ပြာနေတယ် မဟုတ်လား ရှင့်'

'ဟင်....ဟုတ်တယ်၊ ယုံယုံ ဘယ်လိုလုပ်ပြီး သိသလဲ'

'အော်....လဲလိုက် ပြန်ထလိုက် ဖြစ်နေကတည်းက အဆိပ်မိ လာတာလို့ ကျွန်မ ထင်သွားပဲ'

စုယုံဘုံက ပြောလိုက်သော စကားကြောင့် လုံရှောက် ဖုန့်က ပြုံးလိုက်သည်။

'ကဲ...ဘယ်လို အဆိပ်မျိုးလဲဆိုတာ ပြောပါဦး'

လုံရှောက်ဖုန့်က ထပ်မေးလိုက်သောကြောင့် အန်းကော့က လုရှောက်ဖုန့်ကို မျက်စောင်းထိုးသည်။

'မမယုံက သိုင်းပညာ ရှင့်လောက် မတော်ချင်နေမယ် အဆိပ်နဲ့ပတ်သက်လို့ကတော့ သူ မသိတာ ရှားသား ရှင့်'

အန်းကော့၏ ဟန်ပါပါ အပြောကြောင့် လုရှောက်ဖုန့်က လည်း ဆောက်ခံလိုက်သည်။



'ဟုတ်ပါတယ်၊ ဒါကြောင့်လဲ သိချင်လို့မေးတာပေါ့'

လုရှောက်ဖုန့်က နောက်တစ်ကြိမ်ပြောတော့မှ စုယုံယုံက သူမ ထင်မြင်ချက်ကို ဖွင့်ဟ ပြောလာတော့သည်။

'ကျွန်မ ထင်တာတော့ ခေါးမှုဆိုး နန်းကျွန်းချူး မိလာတဲ့ အဆိပ်ဟာ ပျားနဂါးအဆိပ်ဖြစ်မယ်'

'ဘယ်လို မမယုံ၊ 'ပျားနဂါး' ဆိုတာ ကျွန်မ တစ်ခါမှ မကြားဘူးပါဘူး'

ဟုန်ရှုးက စိတ်ဝင်စားသံဖြင့် ဝင်ပြောလိုက်သည်။

'ဟုတ်ပါတယ်၊ ဒီအဆိပ်က ကြားဘူးတဲ့သူ နည်းတယ်၊ ပြီးတော့ အဆိပ်ပြုလုပ်ပုံကလည်း သိပ်ပြီး ငြင်သာတယ်'

စုယုံယုံ စကားက စိတ် ဝင် စား စ ရာ ကောင်းလာတာ ကြောင့် လုံရှောက်ဖုန့်အပါအဝင် သူတို့ လေးယောက်စလုံး စားပွဲဝိုင်းပတ်ပတ်လည်တွင် ဝင်ထိုင်လိုက်ကြသည်။

'မမယုံ ဘယ်လိုလုပ်တယ်ဆိုတာ အစအဆုံးသိလို့လား ဟင်....'

အန် ကော့က စိတ်ဝင်စားသောကြောင့် အောင့်မနေနိုင်ဘဲ ထ,မေးလိုက်သည်။

'အင်း....ဒီအဆိပ်နဲ့ မိပြီ ဆိုရင်တော့ အသက်ရှင်လမ်း မရှိတော့ပါဘူး၊ ပြီးတော့ ဒီအဆိပ်ကိုလဲ သူတို့က တော်ရုံနဲ့ အသုံးပြုမယ် မထင်ပါဘူး၊ ကျွန်မ အထင်တော့ နန်းကုန်းချုပ်ဟာ တော်တော်ကြီးမားတဲ့ ပြဿနာတစ်ရပ်ကို လုပ်ခဲ့တာ ဖြစ်မယ်'

စုယုံယုံက မေးထောက်၍ ထိုင်ရင်း ရှင်းပြသည်။ လုံ့ရှောက်ဖုန့်က စုယုံယုံ၏စကားကို ခေါင်းညိတ် ထောက်ခံလိုက်ပါ၏။

'ယုံယုံပြောတာဟုတ်တယ်၊ ဓားမုဆိုးဟာ အနည်းဆုံး လူနှစ်ဆယ်လောက်ကိုတိုက်ပြီး ထွက်ပြေးလာတာ၊ ဒါပေမယ့် ကံဆိုးချင်တော့ သူဟာ ပင်လယ်ဘီလူးနဲ့ တွေ့လာတာ၊ ဒါကြောင့် သူ့လို ထိပ်သီးသိုင်းပညာရှင်ဟာ ပျားနဂါးအဆိပ် မိပြီး ထွက်ပြေးလာရတာပဲ'

'ပျားနဂါး အဆိပ်မိတာတောင်မှ ဒီပေါက်ခရီးကို လာနိုင်သေးတယ်နော် အံ့သြစရာပဲ'

ဟုရှုံ့က ဝေဖန်လိုက်ခြင်းဖြစ်ပါသည်။ ဟုန်ရှုံး၏ဝေဖန်ခြင်းကလည်း မမှားပါ၊ ပျားနဂါး အဆိပ် လက်နက်သည် သာမန် လူတစ်ယောက်သာ ဆိုပါက နေရာမှာပင် ပွဲချင်းပြီး သေဆုံးသွားနိုင်သည်။

'သူ နန်းကုန်းချုပ်ဆီက တစ်ခုခုရလာတာက် မဟုတ်လား'



စုယုံယုံက လုံ့ရှောက်ဖုန့်ကို မျက်လုံးလေးထောင့်ကပ်၍ ကြည့်ရင်း မေးလိုက်သည်။

'ဟုတ်တယ်၊ ဒီအတိုင်းသာဆိုရင် ဒီပြဿနာဟာ မသေးဘူး၊ ဒီမှာ ကြည့်စမ်း'

လုံ့ရှောက်ဖုန့်က သူ့ရင်ကြားထဲတွင် ထည့်ထားသော အရာတစ်ခုကိုဆွဲထုတ်ကာ ဖြန့်ဖြလိုက်သည်။ ပိတ်စလေးတစ်စသာ ဖြစ်ပါ၏။ ပိတ်စလေးမှာ ကြက်လျှာကဲ့သို့ သုံးမြောင့် ဖြစ်နေသည်။

အဖြူရောင်ပိတ်စပေါ်၌ အမှတ်အသားများကို တွေ့မြင်နေရသည်။

'ဘာတွေ ရေးထားတာလဲ ဟင်'

အန်းကော့က ရှေ့တိုးကာကြည့်ရင်း မေးသည်။

'စာတွေ ရေးထားတာတော့ မဟုတ်ပါဘူး၊ သင်္ကေတ အမှတ်တွေပါ'

လုံ့ရှောက်ဖုန့်က ပိတ်စကို အားလုံးမြင်သာအောင် စားပွဲပေါ်၌ ခင်းပြလိုက်သည်။ ပိတ်စပေါ်၌ ရုပ်ပုံသုံးခုပါသည်။ ရုပ်ပုံတစ်ခုမှ လဆန်းရက်တွင်သာသော လပုံ လချမ်း လှေကလေးပုံ ဖြစ်ပါ၏။

ဒုတိယပုံမှာ သစ်ပင်မြင့်မြင့်တစ်ပင် ဖြစ်သည်။ သစ်ပင်မြင့်မြင့်၏ထိပ်တွင် လချမ်းကလေး ရှိသည်။ ထိုသစ်ပင်၏ အောက်ဘက်၌ အမောက် ထောင်နေသော နဂါးခေါင်း တစ်ခု၏ပုံ ဖြစ်သည်။

စုယုံယုံ၊ အန်းကော့နှင့် ဟုန်ရှုံးတို့သည် ပိတ်စပေါ်မှ ရုပ်ပုံများကို စိတ်ဝင်စားစွာ ငုံ့၍ ကြည့်ရှုနေကြလေသည်။ ပိတ်စရှိ လခြမ်းပုံကို သစ်ပင်နှင့် နဂါးခေါင်းတို့မှာ မည်သည့် အဓိပ္ပာယ်ကို ရည်ညွှန်းကြောင်း ရေရေရာရာမသိဘဲ ဖြစ်နေသည်။

'ကဲ...ဘယ်လိုလဲ၊ ဒီပိတ်စပေါ်က ရုပ်ပုံတွေကို ခန့်မှန်းလို့ မရဘူးလား'

လုရှောက်ဖုန်းက ဖျတ်ကနဲခေါင်းထောင်ကာ စုယုံယုံတို့ သုံးယောက်ကို မေးမြန်းလိုက်သည်။

'တစ်ခုကတော့ သိတယ် ရှင့်'

ဟုန်ရှုံး၏ အသံဖြစ်သည်။ အန်းကော့က ဟုန်ရှုံးကို လှည့်ကြည့်လိုက်သည်။

'ဘာလဲ လခြမ်းလေးကိုလား'

အန်းကော့အမေးကို ဟုန်ရှုံးက ခေါင်းညိတ်ပြလိုက်သည်။



'ဟုတ်တယ်လေ၊ ဒီလခြမ်းလေးက လဆန်း ငါးရက်နေ့မှာ ပေါ်တတ်တဲ့ လဆန်းရက်ရဲ့ အဓိပ္ပာယ်ပဲ'

ဟုန်ရှုံး၏ ကောက်ချက်ချမှုကို လုံရှောက်ဖုန်းက သဘောကျသွားသည်။

'အင်း....ဒီတစ်ခါတော့ ဟုန်ရှုံးကမဆိုးဘူးကွ၊ ဟုတ်တယ်၊ လဆန်းတစ်ရက်နေ့မှာ ထွက်တဲ့ လတွေကို ကောင်းကင်ပေါ် မော့ပြီး ကြည့်ဖူးသူတိုင်းဟာ ဒီလဟာ လဆန်းငါးရက်နေ့မှာ ပေါ်တဲ့ လခြမ်းဆိုတာ ခန့်မှန်းနိုင်ကြတာပဲ၊ ကဲ....လဆန်း ငါးရက်ရဲ့ အဓိပ္ပာယ်ကရော'

'လဆန်း ငါးရက်ရဲ့ အဓိပ္ပာယ်ကတော့ ဒီနေ့ လဆန်း ခြောက်ရက်နေ့ဆိုတော့ မနေ့ကနဲ့အဓိပ္ပာယ်ပဲပေါ့ မဟုတ်ဘူး လား....'

စုယုံယုံက ပြောလိုက်ခြင်း ဖြစ်ပါသည်။

'ယုံယုံလဲ့ မဆိုးဘူးဟေ့၊ ကဲ....အန်းကော့ကရော၊ ဒီ သင်္ကေတဟာ မနေ့ကည လ ထွက်တဲ့အချိန်ကို ညွှန်းတယ်ဆို ရင်လဲ ဒီလ ထွက်ချိန်မှာ ဘာတွေဖြစ်နိုင်သလဲ'

'ဟွန့်....သူများက ဗေဒင်ဆရာမှ မဟုတ်တာ ဘယ်အတတ် ဟောနိုင်မလဲ'

အန်းကော့က နှုတ်ခမ်းဆူကာ စိတ်ကောက်သည့် အမူ အယာလေးဖြင့် ပြောလိုက်သည်။

‘ကဲ…အင်းကော့ရယ်၊ မသိတာကို မသိဘူးလို့ ပြောတာဟာလဲ အဖြေတစ်ခုပါပဲ၊ လူတွေက ဘာလို့ မသိဘူးလို့ ဖြေရမှာကို စိုးရွံ့နေရတာလဲ မသိဘူးလို့ ပြောလိုက်ရတဲ့ ရိုးသားမှုအဖြေဟာ သိတာနဲ့ အတူတူပဲဆိုတဲ့ တန်ဘိုးနားလည်ကြဖို့ ကောင်းပါတယ်’

လိုရှောက်ဖုန့်က ကြံကြံဖန်ဖန်ရှင်းပြမှုကြောင့် အင်းကော့၏ မျက်နှာမှာ ပြန်၍ ပြုံးယောင် သမ်းလာသည်။

‘ဟုတ်တယ်နော်၊ သူများမေးတဲ့ မေးခွန်းတိုင်းကို ဘယ်သိနိုင်ပါ့မလဲ၊ မသိတာဟာ အံ့တာမဟုတ်ဘူး၊ အကြောင်းအရာ လွဲတာပဲလို့ ကျွန်မ တွေးတတ်လာပါပြီ ရှင်၊ ကဲ.... ရှင်ပဲ အဲ့ဒီမနေ့က လထွက်ချိန်မှာ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ ပြောပါဦး’

‘မနေ့က လထွက်ချိန်မှာ ဟောဒီအောက်က သစ်ပင်ရဲ့ အနီးမှာရှိတဲ့ နဂါးခေါင်း ကျောက်စိမ်းပြားကို သိုင်းအဖွဲ့ တစ်ဖွဲ့က တူးဖော်တယ်၊ တူးဖော်ပြီးတော့ အာမခံကုမ္ပဏီကြီးတစ်ခုကို လွှဲအပ်တယ် အဲ့ဒီ အာမခံကုမ္ပဏီဟာ နဂါးအမောက် ကျောက်စိမ်းပြားကို တာဝန်ယူသယ်ဆောင်လာရန်မှာလည်း အတိုက်ခိုက် ခံလိုက်ရတယ်၊ အဲ့ဒီ အာမခံအဖွဲ့ကို တိုက်ခိုက်တဲ့ သူကတော့ ဒီ သက်သေခံပစ္စည်းကို ယူလာတဲ့ ဓားမုဆိုး နန်းကုန်းချူးပဲ’



‘ဟင်....ဒါဆို နဂါးအမောက် ကျောက်စိမ်းပြားက သူ ရမလာဘူးလား’

စုယုံယုံက လုရှောက်ဖုန့်ကို မေးလိုက်ခြင်းကို လုရှောက်ဖုန့်က ခေါင်းခါ ပြလိုက်သည်။

‘သူက အာမခံအဖွဲ့ကိုလိုက်နေတဲ့အချိန်မှာ ဗိုင်ရှင်သိုင်းအဖွဲ့ကြီးက နောက်ကပါလာပြီးတော့ သူ့ကို ရှင်းလိုက်တာပဲ’

လုရှောက်ဖုန့်က ရှင်းပြလိုက်သည်။

‘ရှင်ဟာ တော်တော်ဉာဏ်ကောင်းတာပဲ’

ဒါကို မနေ့က ညကတည်းက ရှင် ဒါတွေ သိနေခဲ့တာပေါ့လေ’

ဟုန်ရှူးက လုရှောက်ဖုန့်ကို အပြစ်တင်သံဖြင့် ပြောလိုက်လေသည်။

‘ဒီနဂါးအမောက် ကျောက်စိမ်းပြား’ကို ပိုင်ဆိုင်တဲ့သူဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဖြစ်မှာပဲ၊ အဲ့ဒီ နဂါးအမောက် ကျောက်စိမ်းပြားရဲ့ မူလပိုင်ရှင်ဟာ သိုင်းလောကမှာ ထင်ရှားတဲ့ သူဌေးကြီး ကျီပင်းရက်ပဲ’

‘ကျီပင်းရက်’ဟုတ်လား၊ ဒီနာမည်မျိုး တစ်ချိန်က ကြားဖူးသလိုပဲ’

စုံယုံယုံက လုံရှောက်ဖုန့်ကို မော့ကြည့်ရင်း ခေါင်းကို လက်ညှိုးနှင့်ထောက်ကာ စဉ်းစားလိုက်၏။

'ဟုတယ်၊ ကျွန်မတို့လဲ ဒီနာမည်မျိုးကို ကြားဖူးနေတယ်'

လုံရှောက်ဖုန့်က အချိန်မတန်သေးသောကြောင့် ရှင်းမပြသေး'

'ဘာပဲဖြစ်ဖြစ် ဒီကိစ္စတွေကို ရှင် ဝင်မပါဘို့ အရေးကြီးတယ်နော်'

ဟုန်ရှူးက လုံရှောက်ဖုန့်ကို တားမြစ်သံဖြင့် ပြောလိုက်သည်။

'အလုကားနေရင်တော့ ဝင်မပါ ပါဘူး၊ ဒါပေမယ့် သူတို့ချိန်းဆိုတဲ့သင်္ကေတပိတ်စက ငါ့လက်ထဲရောက်လာပြီလေ'

စုံယုံယုံမျက်နှာတွင် တမုဟုတ်ချင်း စိုးရိမ်သောလက္ခဏာ ပေါ်ပေါက်လာသည်။

'ဒါဆိုရင်တော့ ဒီကျောက်စိမ်းပြားဟာ ပိုင်ရှင်ဆီကနေ တစ်ယောက်ယောက်က လုယူသွားတာ ကြိမ်းသေပြီ၊ ဒီဟာကို သတင်းရတဲ့ သိုင်းလောကသားတွေထဲက လူဆိုး သူဆိုးတွေဟာ အဲဒီမှာသွားပြီး ပြဿနာရှာကြတယ် ထင်တယ်၊ ဒီလို ရှုတ်ထွေးနေတဲ့ အထဲမှာတော့ ရှင် ဝင်ပြီး မပါသင့်ပါဘူးရှင်'



စုံယုံယုံက လုံရှောက်ဖုန့်၏ လက်မောင်းကို ကိုင်ကာ ပြောင့်ဖျပြောဆိုသည်။

'အခုချက်ချင်းတော့ ဝင်မပါသေးပါဘူးလေ၊ ဒါပေမယ့် ပါသင့်တဲ့အချိန်ရောက်ရင်တော့ ပါရမှာပဲ'

လုံရှောက်ဖုန့်က ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ဟုန်ရှူးက သက်ပြင်းချလိုက်သည်။

'ဟုတ်ပါတယ်လေ၊ ကျွန်မတို့ကသာ ပြောနေရတာ လုံရှောက်ဖုန့်ဆိုတဲ့လူကို တားနိုင်တဲ့မိန်းကလေးကတော့ ဘယ်တော့မှ ပေါ်လာမလဲ မသိဘူး'

\+ \+ \+

## အခန်း ( ၃ )

'စိတ်ချမ်းမြေ့စရာ ဂေဟာ' ဆိုင်သည် ပင်လယ်ပြင်နှင့် နီးသော စီကုန်းမြို့ကလေးတွင် ဖွင့်လှစ်ထားသော တည်းခိုခန်းတစ်ခုဖြစ်သည်။ အောက်ထပ်တွင် စားသောက်ဆိုင် ဖွင့်ထား၏။ ပင်လယ်ပြင်တွင် ငါးဖမ်းသင်္ဘောများ ဆိုက်ကပ်ကြသော စားသောက်ဆိုင်တွင် လူများပြည့်နှက်နေတတ်သည်။

ထိုနေ့ညနေတွင် 'ရေနတ်မင်း' အမည်ရှိ သင်္ဘောတစ်စီး ဆိုက်ကပ်သောကြောင့် ညနေပိုင်းတွင် လူစည်ကားနေသည်။ စားသောက်ခန်းရှိရာ အောက်ထပ်သို့ ဆင်းရန် ပြင်နေသော လုရှောက်ဖုန့်တို့သည် ဆူဆူညံညံ အသံများကို ကြားရနေသည်။

'ဟေ့ ဖယ်ကြစမ်း၊ ဒီစားပွဲကို ငါ နေရာယူထားတာကွ'

စားသောက်ခန်းထဲမှ ကျယ်ကျယ်လောင်လောင် အသံ တစ်သံ ကြားရသည်။

'ဟာဗျာ....ကျုပ်တို့က အစောကြီးကတည်းက ရောက်နေတာ၊ နေရာလွတ်ရှိတဲ့နေရာမှာ သွားထိုင်ပါလား'

ခပ်သြသြ အသံတစ်ခု တုန့်ပြန်သံကြားရ၏။

လုရှောက်ဖုန့်သည် ငြင်းခုန်သံကြားရသောကြောင့် သူတို့နေထိုင်ရာ အပေါ်ထပ်မှ တံခါးဖွင့်ကာ ကြည့်လိုက်သည်။ ရောမလူထွားကြီး တစ်ယောက်က စားပွဲဝိုင်းတစ်ခုကို ခါးထောက်ကြည့်နေသည်။

သူ့ကိုယ်တွင် အနက်ရောင် ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားပြီး ခါးတွင် အပြားကြီးသော ဓားကြီးတစ်ချောင်းချိတ်ထား၏။ မျက်နှာက ဝ,အစ်အစ်၊ မေးစေ့နှုတ်လုံး ဖြစ်နေသည်။



ထိုသူမှာ မေးစေ့နှုတ်လုံးပိုင်ရှင် 'ထန်ချူရှင်း'ပင် ဖြစ်သည်။ ထန်ချူရှင်းဆိုသူမှာ ရေနတ်မင်းသင်္ဘောမှ မာလိန်မှူး ဖြစ်သည်

သူ့အကြောင်းကိုသိသူများက သူ့ကိုကြောက်ရွံ့ကြသည်။ ရက်စက်ကြမ်းတမ်းသလောက် ဒေါသကြီးသည်။ ခွန်အားဗလကြီးသာမက ဓားသိုင်း ပညာတွင်လည်း အဆင့်မြင့်မားစွာ တတ်မြောက်ထား၏။

ထန်ချူရှင်းကို ထရပ်ကာ မျက်နှာချင်းဆိုင် စကားပြောနေသူမှာမူ သွားကြားထိုးတံကဲ့သို့ ပိန်ပိန် သေးသေးလေးသာ ဖြစ်သည်။

'ဟေ့ ဒီဆိုင်က ဒီစားပွဲမှာ ငါ ထိုင်နေကျကွ၊ ငါလာရင် ဘယ်သူမဆို ဖယ်ပေးရတာပဲ'

ထန်ချူရှင်းက သွားကြားထိုးတံကဲ့သို့ သေးကွေးပိန်လှီသောသူကို ဂရုမစိုက်ဟန်ဖြင့် မာန်မဲ ပြောလိုက်သည်။

သွားကြားထိုးတံလို လူက ခပ်ယဲ့ယဲ့ ပြုံးလိုက်၏။

'သူများထိုင်တဲ့နေရာကိုလုပြီး ထိုင်ချင်တယ်ဆိုတာ အင်မတန်ရိုင်းစိုင်းတဲ့ အပြုအမူပါဗျာ၊ ဒီတော့ ရိုင်းစိုင်းမှုကို ကန့်ကွက်တဲ့အနေနဲ့ ဖယ်မပေးရပါစေနဲ့'

ထန်ချူရင်း၏မျက်နှာ မဲမှောင်သွားသည်။ သူသည်ဒေါသကြီးလွန်းသောကြောင့် မျက်နှာက ရွာတော့မည့်မိုးလို ညှိုမှောင်သွားခြင်း ဖြစ်သည်။ သွားကြားထိုးတံကဲ့သို့ ပိန်လှီသောသူ့ ဘေးတွင် အဖော်နှစ်ယောက် ရှိပါသည်။

ထိုသူများက ထန်ချူရင်းကို ရင်ဆိုင်ရမည်စိုး၍ ကြောက်ရွံ့ဟန် မျက်နှာကို ငုံ့ထားကြလေသည်။

ထန်ချူရင်းက ထိုအဖြစ်အပျက်ကို သတိထားလေသည်၊

'ဟေ့ ကောင်တွေ မင်းတို့လူကို ဟိုဘက်စားပွဲ ဆွဲခေါ်သွားကြစမ်းကွာ၊ တော်ကြာ မင်းတို့ပါ အချောင်သက်သက် သေနေရမယ်'

'ဟုတ်ကဲ့ ကဲလာပါ 'ဟူလျန်'ရာ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ရန်မဖြစ်နေပါနဲ့ဗျာ'

သွားကြားထိုးတံလေးကိုခေါ်ကာ သူ့အဖော် နှစ်ယောက်က လက်ကိုဆွဲလိုက်သည်။ သို့သော် ဟူလျန် ဟူသော အမည်ရှိသည့် သွားကြားထိုးတံနှင့် လူ၏လက်ကို မကိုင်မိပါ။ လေကိုသာကိုင်မိ၍ ထိုသူနှစ်ယောက် လွင့်ထွက်သွားသည်။

ပိန်လှီသော သေးကွေးသော ဟူလျန်က သူ့အဖော်များကို မည်သို့မျှမလုပ်ပါ။ ထို့အတူ နေရာမှလည်း မရွေ့ပါ။

သေချင်တဲ့ ကောင်တွေဟာ နေရာရွှေ့လို့မရဘူးလို့ ငါကြားဘူးတယ်။



ထန်ချူရင်းက ဒေါသထွက်ထွက်နှင့် အော်မိလေသည်။ အောက်ထပ်မှ စကားများ ရန်ဖြစ်နေသောပွဲကို ကြည့်နေသော လုရှောက်ဖုန့် နောက်သို့ ဟုန်ရှူးနှင့် စုံယုံယုံတို့ ရောက်လာကြသည်။

'ရှင်...ဘာတွေ စပ်စုနေပြန်ပြီလဲ'

ဟုန်ရှူးက လုရှောက်ဖုန့်နောက်မှ ရပ်ကာ မေးမိသည်။

'အော်...ဒီအချိန်ကျတော့လဲ စိတ်ချမ်းမြေ့စရာဂေဟာက စိတ်ရှုတ်စရာ ဖြစ်လာတာပဲလား'

လုရှောက်ဖုန့်က ပြန်လှည့်မကြည့်ဘဲ ပြောမိသည်။ ဟုန်ရှူးက အောက်ထပ်မှ စကားများနေသူ နှစ်ယောက်ကို လှမ်းကြည့်ရင်း....

'ဟင်...ဒီလူက အသက်ချွေခေးသမား ဟူလျန်ပါလား'

ဟု ရေရွတ်မိသည်။

'ဟုတ်တယ်လေ၊ အသက်ချွေ ခေးသမားနဲ့ ရေနတ်မင်းသင်္ဘောက မေးစေ့နှစ်လုံးပိုင်ရှင် ထန်ချူရင်းတို့ တွေ့နေပြီ၊ အင်း–နှစ်ယောက်လုံးကတော့ ထိပ်သီး သိုင်းသမားတွေပဲ'

လုရှောက်ဖုန့်က ရပ်ကြည့်နေရာမှ ဟုန်ရှူးနှင့် စုံယုံယုံတို့ကို ရှင်းပြမိသည်။

‘ထန်ချူးရင်းက သင်္ဘောပေါ်မှာ လူ့ဇာလုပ်နေကျ ဆိုတော့ ‘ဟုလျန်’ ကို ဘယ် အမှုထားပါမလဲ’

စုယုံ ယုံက ဝေဖန်ပြောမိခြင်း ဖြစ်၏။ စုယုံ ယုံ စကား မ ဆုံးမီမှာပင် ထန်ချူးရင်းက လက်ဘစ်ဖဝါးခန့် ဗျက်ကျယ်၍ နှစ်တောင်ခန့် အလျား ရှည်သော ဓားကြီးကို ဆွဲထုတ်သည်။

‘ကဲ…မင်းကို ငါနောက်ဆုံး အခွင့်အရေးပေးမယ်၊ မင်း မှာထားတဲ့စားစရာတွေယူပြီး ဒီနေရာက ရွှေ့’

‘မရွှေ့ဘူး ဆိုရင်ကောကွာ’

‘မရွှေ့ရင်တော့ မင်း အသက်ကို ဒီစားပွဲပေါ်မှာခုတ်ပြီး ချထားခဲ့မှာပေါ့’

စကားဆုံးသည်နှင့် ထန်ချူးရင်းက သူ့ဓားကို ဝှေ့ယမ်းကာ ဟုလျန်ကိုခုတ်ပိုင်းလိုက်သည်။

ထန်ချူးရင်းသည် တစ်ခဏအတွင်းမှာပင် ဓားချက်ပေါင်း နှစ်ဆယ်တိတိဖြင့် တုလျန်ကို ခုတ်ပိုင်းပစ်လိုက်သည်။

အံ့သြစရာကောင်းသည်မှာ တုလျန်က မည်သည့်နေရာကိုမျှ ရွှေ့ခြင်းမရှိခြင်းပင်ဖြစ်သည်။

သို့သော် မလှုပ်မရှားရပ်နေသော တုလျန်ကို ထန်ချူးရင်း၏ ဓားချက်များက ထိအောင်မခုတ်နိုင်ပါ။



ထန်ချူးရင်းသည် ပို၍ဒေါသကြီးလာ၏။ သူ၏သင်္ဘောသားများမှာလည်း အခန်းထောင့်ရှိ စားပွဲတွင် ထိုင်နေကြသည်။

သူတို့၏မာလိန်မှူး အခြေအနေ မကောင်းသည်ကို မြင်သည်နှင့် သင်္ဘောသားဆယ်ယောက်ခန့် ထလာကြသည်၊

သွားကြားထိုးတံကဲ့သို့ ပိန်လှီသော တုလျန်က ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

‘ဘယ်လိုလဲ၊ ခင်ဗျားရဲ့ဓားချက်တွေက လူကို ထိအောင် မခုတ်နိုင်ပါလား၊ ဒီလိုအသုံးမကျတဲ့ဓားမျိုး ဘာလို့ကိုင်နေရတာလဲဗျာ၊ လွှင့်ပစ်လိုက်စမ်းပါ’

တုလျန်က အေးစက်စက်လေသံဖြင့် ပြောသောကြောင့် **ထန်ချူးရင်းက** ဝိုင်းလာသော သင်္ဘောသားများကို အော်ဟစ် အမိန့်ပေးလိုက်လေသည်။

‘ဟေ့…. ဗိန်ပိန်ရှည်ရှည်ကောင်ကို နုတ်နုတ်စင်းပြီးတော့ ပင်လယ်ထဲကငါးတွေကို အစာကျွေးလိုက်စမ်းကွာ’

သူစီးသိုက်၍မရသည်ကို အရှက်မရှိသော အသံဖြင့် ထန်ချူးရင်းတူသော လူထွားကြီးက ဓားကိုဝှေ့ယမ်းရင်း အမိန့်ပေးလိုက်၏။ ထိုအချိန်မှာပင် စကားသံတစ်သံ ထွက်ပေါ်လာသည်။

'ဟို....ဒီအတိုင်းတော့ ဘယ်ကောင်းပါ့မလဲ၊ အလေခင်း အစားတစ်ခုခုနဲ့ လုပ်ဖို့ကောင်းတယ်'

ဟုလျှန်ရော ထန်ချူရှင်းပါ လှည့်ကြည့်မိလိုက်ကြသည်။ အပေါ်ထပ်မှဆင်းလာသော မျက်ခုံးလေးခုရှင် လုံရှောက်ဖုန်ပါ။

လုံရှောက်ဖုန်က ရန်ပွဲကိုကြည့်နေရာမှ တစ်ဖက်စောင်းနင်းဖြစ်လာသောကြောင့် အောက်ထပ်သို့ ဆင်းလာခြင်း ဖြစ်လေသည်။

'ဘာအလေခင်းအစားလဲ၊ မကျေနပ်ရင် ခင်ဗျားပါ ဝင်တိုက်ပါလား'

ထန်ချူရှင်းက လုရှောက်ဖုန်ကို စိန်ခေါ်လိုက်လေသည်။ လုရှောက်ဖုန်ကလည်း ထိုအကွက်ကိုပင် စောင့်နေသူ ဖြစ်ပါသည်။

'ခင်ဗျားတို့က ဟုလျှန်ကိုစိုင်းတိုက်မယ်ဆိုရင်တော့ ဟုလျှန်ဘက်က ကျုပ်ကပါရမှာပဲ၊ ဒါကဲ...ခင်ဗျား ဘာအလေခင်းအစားလုပ်မလဲ'

လုံရှောက်ဖုန်က အေးစက်တည်ငြိမ်သော လေသံဖြင့်မေးလိုက်သောကြောင့် ထန်ချူရှင်းက တဟားဟား ရယ်လိုက်လေသည်။



'ဟား....ဟား....ဟား....တချို့လူတွေက ခေါင်းပြည်ကို အလွယ်တကူ ခုန်ဆင်းတတ်ကြတာကိုး'

ထန်ချူရှင်း၏ အထင်သေးသော စကားကို လုရှောက်ဖုန်က ခေါင်းညိတ်လိုက်သည်။

'ထင်ချင်သလိုထင်ပါ၊ ကျုပ်ဘက်ကဝင်ပြီး တိုက်မှယ်' ကျုပ်ရှုံးရင် ခင်ဗျားတို့လိုချင်တဲ့ ပစ္စည်းကိုပေးမယ်၊ ခင်ဗျားတို့ ရှုံးရင် ကျုပ်တို့ကို ဘာပေးမလဲ'

လုံရှောက်ဖုန်က ခပ်ပြတ်ပြတ်ဖြေလိုက်လေသည်။ ဟုလျှန်ကား မျက်ခုံးလေးခုရှင် လုံရှောက်ဖုန်ကို သိနေပါသည်။

ထို့ကြောင့် စကားမဖြေဘဲ လုံရှောက်ဖုန်၏ အုံးဖြတ်ချက်ကို ငြိမ်ကြည့်နေ၏။

'ဒီမှာ ကျုပ်တို့ရှုံးရင် ရေနဂ်မင်းသတော်ကြီးကို ခင်ဗျားတို့ အပိုင်ယူ'

လုရှောက်ဖုန်ကဲ အပေါ်သို့မော့ကာ လက်ညှိုးထိုးပြလိုက်သည်။

'ကျုပ်တို့ရှုံးရင် အဲဒီမိန်းကလေးသုံးယောက်ကို ခင်ဗျားတို့ အပိုင်ယူ'

'ဟင်'

'အို'

အပေါ်ထပ်အခန်းတံခါးဝမှ ရပ်ကြည့်နေသော စုယုံယုံ ဟုန်ရှုးနှင့် အန်းကော့တို့ အံ့အားသင့်သွားကြသည်။

သူတို့သုံးဦးကို လောင်းကြေးအဖြစ်ထားသော လုံရှောက် ဖုန်းက လောင်းကစားပွဲတစ်ရပ် ဆင်နွှဲနေပါပကော။

'မမယုံရေး ကျွန်မတို့ကို လူ့ဘီလူးကြီးလက်ထဲကိုရောက် အောင် သူကတော့ လုပ်နေပြီ'

အန်းကော့က စုယုံယုံကိုပြော၏။ စုယုံယုံ၏ မျက်နှာက တည်တည်ကြည်ကြည်။

'အို... သူဘာလုပ်သလဲဆိုတာစောင့်ကြည့်ပါဦး၊ လုံရှောက် ဖုန်းဆိုတဲ့လူက သိပ်ဉာဏ်ကောင်းတဲ့လူပါ'

လုံရှောက်ဖုန်းကို ယုံကြည်သောစိတ်ဖြင့် စုယုံယုံက ပြော လိုက်သောကြောင့် အန်းကော့မှာ နှုတ်ပိတ်သွား၏။ လူထွား ကြီး ထန်ချူရှင်းက ချောမောလှပသော မိန်းကလေး သုံး ကောက်ကို တပ်မက်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

'ကိုက်ပြီလေ... ဒီကောင်မလေးတွေကို သင်္ဘောတစ်စီးနဲ့ တန်တယ်လို ကျုပ်သဘောထား လိုက်မယ်'

လောင်းကြေးကို သဘောတူလိုက်ပြီဆို၍ လုံရှောက်ဖုန်းက ဟုလျှန်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။



ဟုလျှန်ကလည်း လုံရှောက်ဖုန်း၏ အကြည့်သည် မည်သည် ကို ရည်ရွယ်ကြောင်း ရိပ်မိလိုက်ပါသည်။

လျှပ်တစ်ပြက်အတွင်း လူဆယ့်တစ်ဦးနှင့် လူနှစ်ဦးတို့၏ တိုက်ပွဲသည် စားသောက်ဆိုင်လေးထဲမှာ ဖြစ်ပေါ်လာ၏။ လူထွားကြီးက လုံရှောက်ဖုန်းကို သူ့ဓားကြီးအား ဝှေ့ယမ်း၍ တိုက်သည်။

မာလိန်မှူးထန်ချူရှင်း၏တိုက်ကွက်ကကြောက်စရာကောင်း လှပါသည်။

သ၏ဓားကွက်မှာ သာမန်လူတစ်ဦးဆိုပါက တစ်ခဏချင်း အသက်ပျောက်သွားနိုင်သည့် ဓားကွက်မျိုးဖြစ်၏။

သို့သော် လုံရှောက်ဖုန်းက ထန်ချူရှင်း၏ဓားကွက်နှစ်ဆယ် ကျော်သည်အထိ ဓားမ်းရှောင်ကာ ထန်ချူရှင်း၏ နဖူးပြင်ကြီး ကိုသာ လက်ဝါးဖြင့်ရိုက်ချလိုက်၏။

'ဖြန်း'

'အား'

တစ်ချက်တည်းပါပဲ အတွင်း အား အချိန်အဆထောင်းလှ သော လုံရှောက်ဖုန်း၏တိုက်ကွက်မှာ အားပါလှသည်။

နှဖူးကို လက်ဝါးနှင့်ရိုက်ရင်း ထန်ချူမှုန်း၏ အတွင်းဒွား ကို ဖြစ်ပေါ်စေသော အကြောင်းကိုပါ ပိတ်လိုက်သည်။

ဟုလျန်နှင့်တိုက်ခိုက်နေသော သင်္ဘောသား ဆယ်ဦးမှာ လည်း တစ်ဦးပြီးတစ်ဦး ဆိုင်အပြင်ဘက်သို့ လွင့်ထွက်သွားနေ သည်။

ကျန်နေသော လူခြောက်ဦးက ဟုလျန်ကမဲကာ ဖိတိုက် နေတဲ့ လိုရှောက်ဖုန်က ထိုသူများ၏ကုတ်ကို ဆွဲကိုင်ကာ ဆိုင် ပြင်သို့ တစ်ယောက်ပြီးတစ်ယောက် ဆွဲလွှင့်ပစ်လိုက်သည်။

တိုက်ပွဲသည် သိပ်မကြာလိုက်ပါ။ ဆိုင်ထဲတွင် မာလိန်မှူး ကြီး ထန်ချူရှင်း လဲကျနေသကဲ့သို့ ဆိုင်အပြင်ဘက်တွင် သူ့ သင်္ဘောသားများ အိပ်ပျော်သွားကြပြီ ဖြစ်သည်။

ဟုလျန်က လိုရှောက်ဖုန့်၏လက်ကို ဖြန်းခနဲ မြည်အောင် ဆုပ်ကိုင်လိုက်သည်။

'မြေခွေးကြီး အကြံတယ်ကောင်းပါလား၊ ဒါဆို အဆင် ပြေသွားပြီ'

'အေးပါ မျောက်လွှဲကျော်ရာ၊ မင်းကိုငါက မျှော်နေ တာ'



လိုရှောက်ဖုန့်က မျက်ရိပ် ပြလိုက်၍ စုံယုံယုံတို့ သုံးဦး အပေါ်ထပ်မှ ပြေးဆင်းလာသည်။

'ကဲ....မျောက်လွှဲကျော်ရေ တို့ခရီးထွက်ကြစို့'

....၀....

## အခန်း (၄)

လိုရှောက်ဖုန့် ဟုလျန်နှင့် စုယုံယုံတို့သုံးဦး ဆိုင်ထဲမှထွက်လာသည်မှာပင် အကြောမိတ်ထားခြင်းခံရကာ ထန်ချူရင်း၏ တဟားဟားအော်ဟစ်သံကား လွင့်ပျံလာသည်။

'ဟား....ဟား....ဟား'

'ဟင်'

လုရှောက်ဖုန့် အကြောမိတ်ထားခြင်းခံရ၍ အတွင်းအားကို အသုံးချမရတော့သော ထန်ချူရင်း၏ အော်ဟစ်ရယ်မောသံက သူတို့ငါးဦးလုံး၏စိတ်ကို ကသိကအောက် ဖြစ်လာစေပါသည်။

'သူဘာလို့ရယ်တာလဲ မြွေခွေးကြီး၊ သူ့ရယ်သံ ကြားရတာ ငါကျောခိမ့်သွားတာပဲ'



ဟုလျန်က ထိတ်လန့်သော အသံဖြင့် လိုရှောက်ဖုန့်ကိုပြောလိုက်၏။ လိုရှောက်ဖုန့်က နက်နက်နဲနဲ စဉ်းစား တွေးတောလိုက်သည်။

'အေး....သူ့ရယ်သံက အဓိပ္ပာယ်ရှိတယ်ကွ၊ မျောက်လွဲကျော်၊ တို့အန္တရာယ်တစ်ခုခု မကြာခင် တွေ့ရလိမ့်မယ် ထင်တယ်၊ ထန်ချူရင်းက သိပ်ကောက်ကျစ်တဲ့သူပဲ'

'ဘာပဲဖြစ်ဖြစ် ကျွန်မတို့ အစစအရာရာ သတိထားရမှာပဲ'

စုယုံယုံက ထိုကဲ့သို့ပြောလိုက်စဉ်မှာပင် လေထဲမှ စိမ်းရွှေရွှေနံ့ကြီးတစ်မျိုး ပေါ်ပေါက်လာသည်။

'ဟင်'

လိုရှောက်ဖုန့် ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။ ဟုလျန်ကလည်း ခြေလှမ်းကိုတုံ့ခနဲ ရပ်လိုက်ရပါသည်။ စုယုံယုံကမူ သူမဝက်ရုံထဲမှဆေးလုံးများကိုထုတ်ကာ လုရှောက်ဖုန့်ကို ပေးလိုက်၏။

'ရော့....ဒါဆို ရှင်မှိုသူငယ်ချင်းပါကျွေးလိုက်၊ ဒါ အဆိပ်ကာကွယ်ဆေးပဲ၊ အခုဟာ လေထဲကနေ အဆိပ်ငွေ့တွေပျံ့လာတာရှင့်၊ ဒါ သစ်မြွေအဆိပ်လို့ခေါ်တယ်'

စုယုံယုံက ပြောပြောဆိုဆို အန်းကော့နှင့် ဟုန်ရှူးတို့ကိုပါ အဆိပ်ဖြေဆေးထုတ်ပေးလိုက်သည်။

လုရှောက်ဖုန့်နှင့်ဟုလျန်တို့က အဆိပ်ဖြေဆေးကိုချက်ချင်း မျိုချလိုက်သည်။

အဆိပ်ဖြေဆေးသောက်လိုက်မှ ခေါင်းထဲမှ မူးဝေဝေဖြစ်နေသော ဝေဒနာသက်သာသွားသည်။

'စုံယုံယုံပါလာလို့ တော်သေးတယ်၊ နို့မို့ဆို ဒီအဆိပ်ကို ရှူမိပြီး ထနိုင်မှာ မဟုတ်ဘူး'

လုံရှောက်ဖုန့်က စုံယုံယုံကို ချီးမွမ်းစကား ဆိုလိုက်လေသည်။

'ကျွန်မပြောသားပဲ၊ ရှင်က သိုင်းပညာ ဘယ်တောက်ပဲတော်တော် မမယုံ့ရဲ့ အဆိပ်ပညာကိုတော့ မမီပါဘူးလို့'

'ငါကလဲ မီတယ်လို့မပြောပါဘူး၊ အန်းကောဒ့နှယ် နှင်ကလဲ နှင့်မမယုံကိုထိရင် မခံချင်ဘူး'

လမ်းကလေးအတိုင်း သူတို့ငါးယောက် လျှောက်လာကြသည်။ ထိုလမ်းကလေးမှ မကြာမီ အုန်းတောကို ဖြတ်ကာ ပင်လယ်ကမ်းစပ်သို့ ရောက်ရှိလာကြ၏။

ပင်လယ်ကမ်းစပ် သောင်ပြင်ကြီးပေါ်တွင် အရိပ်တစ်ရိပ် လှစ်ခနဲပေါ်လာသည်။

'ဟင်'



အရိပ်သည် တဖြည်းဖြည်း ကြီး၍ကြီး၍လာ၏။ သည်တော့မှ မြင်းလှည်းတစ်စီးဖြစ်ကြောင်း သိလိုက်ရသည်။ မြင်းလှည်းကို မြင်းလေးကောင်က ကစုန့်စိုင်း၍ ဆွဲလာသည်။

'ရန်သူလား မိတ်ဆွေလားမှသိဘူး၊ ဟော့....တို့ဆီကို ဦးတည်ပြီး လာနေပြီ'

ဟုလျန်က ခြေလှမ်းကို တုံ့ခနဲရပ်ကာ လုံရှောက်ဖုန့်ကို ပြောလိုက်သည်။

'မိတ်ဆွေဆိုရင်တော့ ဒီလောက် အရေးတကြီး သောင်ပြင်ကိုဖြတ်ပြီး ဒုန်းစိုင်းလာမှာ မဟုတ်ဘူး၊ အဝေးက အော်ဟစ် နှုတ်ဆက်ပြီးလာမှာပဲ၊ အခုဟာက ရန်သူထင်တယ်'

လုရှောက်ဖုန့်စကား မမှားပါ။ သူတို့နှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် မြင်းလှည်းပေါ်ရှိ တံခါးအလုံပိတ်ထားသော အိမ်မိုလေးထဲမှ လူနှစ်ဦးခုန်ဆင်းလာသည်။ ထိုသူနှစ်ဦးလုံးက မျက်နှာဖုံးစွပ်ထားသည်။

လုံရှောက်ဖုန့်က လူတစ်ဦးကိုဝင်တိုက်၍ ဟုလျန်က အခြားတစ်ဦးကိုဝင်တိုက်သည်။

မျက်နှာဖုံးစွပ်ထားသူ နှစ်ဦးလုံး၏ တိုက်ကွက်များမှာ မြန်ဆန်ပြင်းထန်လှပေသည်။

သူတို့ကိုင်ဆောင်ထားသော ဓားများမှာလည်း သေးသွယ်ရှည်လျား၍ နေရောင်တွင်တလက်လက်ဖြစ်နေသည်။ တောက်ပနေသည်။

လိုရှောက်ဖုန့်သည် စူးစူးရဲရဲ ပြင်းပြင်းထန်ထန် ဝင်ရောက်တိုက်ခိုက်သောဓားချက်များကြောင့် ပေါ့ပါးစွာခုန်၍ရှောင်တိမ်းလိုက်ရသည်။

လိုရှောက်ဖုန့်ထွက်သွားမှန်းသိ၍ အနီရောင်ဝတ်စုံဝတ်ဆင်ထားသော မျက်နှာဖုံးစွပ်က ပြင်းပြင်းထန်ထန် ထပ်၍ ဖိတိုက်နေသည်။

မြန်သလောက် အစွမ်းထက်မြက်သည့် ဓားကွက်များ ဖြစ်သောကြောင့် လိုရှောက်ဖုန့်မှာ အပြင်းအထန် ခုခံနေရသည်။ မြင်းလှည်းပေါ်ရှိအိမ်ထဲမှ နောက်ထပ် ဓားသမားနှစ်ဦးထပ်၍ ခုန်ထွက်လာပြန်သည်။

'ဟင်'

ဤမျှသေးငယ်သော မြင်းလှည်းအိမ်လေးထဲမှ ဓားသမားများ ခုန်ထွက်လာသည်မှာ အံ့သြစရာကောင်းသည်။

နှစ်ဦးကျစီ ခုန်ထွက်၍လာသည်မှာ စုစုပေါင်းဓားသမား ဆယ်ဦးဖြစ်သွားပြီး လိုရှောက်ဖုန့်သည် ထိုသူများ၏တိုက်ကွက်ကို ကြည့်ရင်း မျက်နှာပျက်လာသည်။



'ဟင်... ဒါဆိုရင် ဒီကောင်တွေဟာ မီးလျှံနဂါးသိုင်းအဖွဲ့ကပါလား'

လိုရှောက်ဖုန့်မှာ မျက်နှာဖုံးစွပ်ထားသော သိုင်းသမားဆယ်ယောက်၏ မြန်ဆန်သော သိုင်းကွက်များကို ကြည့်ရင်း တစ်စုံတစ်ရာကို သံသယဖြစ်လာမိ၏။

သူသံသယဖြစ်မိသည်မှာ သွားကြားထိုးတံကဲ့သို့ ပိန်လှီသော ဟုလျန်ပင်ဖြစ်၏။

လိုရှောက်ဖုန့်၏ ထင်မြင်ယူဆချက်တို့ကား မမှားပါ။ ဓားသမားဆယ်ယောက်ကို ဦးဆောင်၍တိုက်ခိုက်နေသူမှာ ဟုလျန်ပင် ဖြစ်၏။

ဟုလျန်သည် သူနှင့် ယခင်က ရင်းနှီးသော မိတ်ဆွေပင်ဖြစ်သည်။

ယခုတော့ အဘယ်ကြောင့် မျက်နှာဖုံးစွပ်လူဆယ်ယောက်ကို ဦးဆောင်ကာ သူ့အား တိုက်ခိုက်ရလေသနည်း။

လိုရှောက်ဖုန့်၏ စိတ်ပူပင်မှုမှာ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာသည်။

သူသည် ဟုလျန်က သူ့ဘက်မှ အကာအကွယ် ပေးလိမ့်မည်ဟုထင်မှတ်မိရာမှ သူ့ရန်သူဖြစ်နေသည်ကို တွေ့ရ၍ စုယုံ ယုံ တို့သုံးဦးအတွက် စိုးရိမ်စိတ်ဝင်လာသည်။

'စုယုံယုံ၊ အန်းကော့။ ဟုန်ရှူး'

လုရှောက်ဖုန့်က ကျောဘက်သို့လှည့်ကာ ခေါ်ရင်း တစ်ချက်ကြည့်လိုက်ရာ လုရှောက်ဖုန့်စိုးရိမ်မှုက များစွာနောက်ကျသွားခဲ့ပြီဖြစ်ပါ၏။

စုယုံယုံတို့သုံးဦးစလုံး သူ့နောက်တွင် တစ်ယောက်မျှ မရှိတော့။ ဟုလျန်းမှာ မိတ်ဆွေဖြစ်ခဲ့ဖူးသည်ကိုပင် မထောက်၊ သူ့အား ပြင်းပြင်းထန်ထန် ဝင်၍တိုက်ခိုက်နေသည်ကိုတွေ့ရသည်။

သူသည် ဟုလျန်တစ်ဦးတည်းကိုသာ ထန်ချူရင်းကဲ အင်အားနှဲ့ဖိ၍ ဝင်ရောက်ကူညီတိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သည်။

ယခုတော့ ဟုလျန်က သူ့ကိုပင် တုံ့ပြန်ကာ တိုက်ခိုက်ကာသည်ကို လုရှောက်ဖုန့် နားမလည်နိုင်အောင် ဖြစ်သွားသည်။

'ဟေ့ ကောင် မျောက်လွှဲကျော်၊ မင်းက ဘာသဘောနဲ့ ထန်ချူရင်းရဲ့လူတွေကိုပေါင်းပြီး ငါ့ကို ခုခံတိုက်ခိုက်ရတာလဲကွ'

'ဟား ...ဟား....ဟား....ဟား'

လုရှောက်ဖုန့်၏စကားကို မဖြေဘဲ ဟုလျန်က တဟားဟား အော်ရယ်လိုက်သည်။



လုရှောက်ဖုန့် ကျောထဲမှပင် စိမ့်ခနဲဖြစ်သွားသည်။ ဟုလျန်၏ ရယ်သံမှာ ခြောက်ခြောက်သွေ့သွေ့ကြီး ဖြစ်နေသည်ဟု ထင်မှတ်ရသည်။

သူနှင့်တရင်းတနှီး ပေါင်းသင်းခဲ့သော ဟုလျန်၏ရယ်သံနှင့် မတူပါ။

'ဟား....ဟား....ဟား....ဟား....လုရှောက်ဖုန့်၊ ခင်ဗျားက ကျုပ်ကို ခင်ဗျားရဲ့ မိတ်ဆွေ ဟုလျန်လို့ ထင်နေတာကိုး'

ဟုလျန်က လူ၏မျက်နှာတွင်စွပ်ထားသော မျက်နှာဖုံးကို လက်တစ်ဖက်နှင့် ဆွဲခွာပြလိုက်သည်။

'ဩ....ဒီလိုလား'

မျက်နှာဖုံးချွတ်လိုက်တော့မှ ဟုလျန်အသွင် ဆောင်ထားသူမှာ မီးလျှံနဂါးသိုင်းအဖွဲ့မှ အဖွဲ့သားတစ်ဦး ဖြစ်နေမှန်း သိလိုက်ရတော့၏။

'ကျုပ်က မီးလျှံနဂါးသိုင်းအဖွဲ့က လက်ထောက်အုပ်ချုပ်ရေးမှူး ရှန်းရှောင်ကျူးပါ'

'ဒါဆို မင်းတို့က ငါ့အကြောင်းရော ငါနဲ့ ပတ်သက်တဲ့ အကြောင်းတွေပါ စုံစမ်းထားတဲ့ ကောင်တွေလား'

'သေချာပါတယ်။ ခင်ဗျားလိုထင်ရှားတဲ့ လူတစ်ယောက်ကို ကျုပ်တို့က ပေါ့ပေါ့သဆတော့ ဘယ်ကြံစည်စံ့ပါ့မလဲ'

စကားအဆုံးတွင် စန်းရှောင်ကျူးက သူ့လူများနှင့်အတူ လုရှောက်ဖုန့်ကို ပြင်းထန်စွာ ထိုးနှက်တိုက်ခိုက်လာသည်။

သောင်ပြင်ပေါ်တွင် နံနက်ခင်းနေရောင်က ထိုးဟပ်ထား၍ ဓါးဆောင်များမှာ ဝင်းခနဲ လက်ခနဲဖြစ်သည်။

'အေးလေ....ငါက မင်းကို ယုံစားမိတာ မှားတာပေါ့ စန်းရှောင်ကျူး'

လုရှောက်ဖုန့်က ပြောပြောဆိုဆို သူ၏ကိုယ်ကို သစ်ပတ်လှည့်ကာ နဂါးပတ်ဓါးသိုင်းကို အသုံးပြု၍ အပြင်းထန်ဆုံး တုံ့ပြန်တိုက်ခိုက်တော့၏။

'အား'

'အား'

ကျယ်လောင်သော အသံနှင့်အတူ မျက်နှာဖုံးစွပ်နှစ်ဦး လဲကျသွားသည်။

လုရှောက်ဖုန့်သည် သူ၏အခက်အခဲကို နားလည်လိုက်ပြီ နောက် စန်းရှောင်ကျူး၏ ထောင်ချောက်ထဲသို့ မဝင်မိအောင် ကြိုးစားကာ တိုက်ခိုက်နေရသည်။



စန်းရှောင်ကျူးသည် မီးလျှံနဂါးဂိုဏ်း၏ လက်ထောက်မှူး သိလိုက်သည်နှင့် လုရှောက်ဖုန့် မပေါ့ဆရဲတော့။

သို့သော် သူရင်ဆိုင်နေရသော အခြေအနေက မလွယ်ကူလှပါ။

မျက်နှာဖုံးစွပ်ရှစ်ဦးနှင့် အားချင်းညီသော စန်းရှောင်ကျူးသည် လုရှောက်ဖုန့်၏ ညာဘက်မှနေ၍ တိုက်ကာ မျက်နှာဖုံးစွပ်ထားသူ ရှစ်ဦးက ဘယ်ဘက်မှ ဝင်တိုက်၏။

နှစ်ဖက်ညှပ်တိုက်သော သိုင်းကက်ကို လုရှောက်ဖုန့်ကခုခံ၍ တိုက်ခိုက်နေစဉ်မှာပင် မြင်းလှည်းကြီးသည် တစ်ပတ်ကွေ့ကာ သဲသောင်ပြင်ဘက်သို့ မောင်းနှင်ပါသွားလေတော့သည်။

'ဟင်'

ထိုမြင်းလှည်းထဲ၌ စုံပဟုယုံတို့သုံးဦးကို ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း လုရှောက်ဖုန့် ရိပ်မိလိုက်ပါ၏။

....o....

# အခန်း ( ၅ )

လုရှောက်ဖုန်း၏ စိတ်အာရုံတို့က စုယုံယုံတို့ သုံးဦးအား ဖမ်းဆီးခေါ်ဆောင်သွားသော မြင်းလှည်းရှိရာသို့ ရောက်သွားသည်နှင့် အကွက်ကောင်းကို စောင့်နေသော စန်းရှောင်ကျူးသည် သူ့လက်ထဲမှ လက်နက်ပုန်းများကို ပစ်လွှတ်လိုက်တော့၏။

လုရှောက်ဖုန်းသည် သူ့ခါးကို ငွေ့ယမ်းကာ အဆိပ်လက်နက်ပုန်းများကို ရိုက်ဖယ်လိုက်၏။

တဝီဝီမြည်လျက် လုရှောက်ဖုန်း၏မျက်နှာနှင့် ရင်ဘတ်ရှိရာသို့ ဦးတည်လာသော လက်နက်ပုန်းများမှာ လုရှောက်ဖုန်း၏ လျင်မြန်မှုကြောင့် အဝေးသို့ လွင့်စဉ် ထွက်ပြေးသွားကြသည်။



ခါးကွက် က မဆန်းပြားသော်လည်း လျင်မြန်သွက်လက်၍နေသော မျက်နှာဖုံးစုပ်များကြောင့် လုရှောက်ဖုန်း တဖြည်းဖြည်း လေးလံလာလေသည်။

'အင်း....ငါ့ကိုယ်တွေ လက်တွေလေ လံလာပါလား၊ ဒါဟာ သွေးရိုးသားရိုး မဟုတ်ဘူး'

လုရှောက်ဖုန်း သတိထားလိုက်မိပါသည်။ တိုက်ရင်း ခိုက်ရင်း သူရိပ်မိလာသည်မှာ မကြာခင် သူသည် အားအင်ကုန်ခန်း၍ သဲပြင်ပေါ်သို့ လဲကျတော့မည် ဆိုခြင်းပင်။

'နောက်ထပ် ခါးကွက်သုံးလေးကွက် လောက် ထပ်တိုက်ပြီးရင်တော့ လုံရှောက်ဖုန်းဆိုတဲ့လူ သိုင်းလောကမှာ မရှိနိုင်တော့ဘူး'

စန်းရှောင်ကျူး၏ ဝမ်းသာအားရ အော်ဟစ် ပြောဆိုလိုက်သံဖြစ်သည်။

လုံရှောက်ဖုန်း အားတင်းလိုက်ပါသည်။ သို့သော် သူ့စိတ်များသည် အလိုလို ညှိုးငယ်လာသလို ထင်မှတ်ရသည်။

အာရုံထဲတွင်လည်း ဆူညံသော တီးမှုတ်သံ တစ်မျိုးကို ကြားနေရပြီး ခေါင်းထဲမှာ မူးရိပ်ရိပ်ဖြစ်လာသည်။

သူတို့ လမ်းလျှောက်လာကြစဉ်က စိမ်းရွှေရွှေနံ့သည့် သတ္တိပြလာပြီထင်သည်။

ထိုအဆိပ်မျိုးသည် ချက်ချင်း မည်သို့မျှ မဖြစ်တတ်သော်လည်း ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း သွေးလေကို ထိုင်းမှိုင်းလာကာ အားအင်ဆုတ်ယုတ် ကုန်ခန်းလာ၏။ လုရှောက်ဖုန့်၏မျက်ခွံတို့ လေးလံလာပါပြီ။

သူ၏ ကာကွယ် တိုက်ခိုက်သော ဓားကွက်များမှာလည်း လျော့ရဲရဲဖြစ်လာသည်။

'ကဲ...လိုရှောက်ဖုန့်ရေ လိုရာဆုကိုသာ တောင်းပေတော့၊ မင်းရဲ့ကောင်မလေး သုံးယောက်ကိုတော့ ငါတို့ရဲ့ နတ်မင်းခုနစ်ဖော်ဂိုဏ်းချုပ်ကြီးကို ပူဇော်လိုက်ရတယ်လို့သာ သဘောထားပေတော့'

စန်းရှောင်ကျူး၏အသံက အဝေးမှ ပဲ့တင်ထပ်လာသော အသံမျိုးဟု ထင်မှတ်ရသည်။

အင်အားလျော့ရဲစွာ ခုခံလာသော လိုရှောက်ဖုန့်၏ ဓားကို စန်းရှောင်ကျူးက သူ့ဓားဖြင့် ရိုက်ဖယ် ထုတ်ပစ်လိုက်သည်။

ချွတ်ခနဲအသံမြည်ကာ လိုရှောက်ဖုန့်၏ဓားသည် သဲပြင်ပေါ်သို့ ကျသွားတော့၏။

လိုရှောက်ဖုန့်သည် ခြေလှမ်းသုံးလေးလှမ်း ယိုင်သွားကာ သဲပြင်ပေါ်သို့ ပက်လက်လန်ကျသွားသည်။



သူ့ကိုရွယ်လိုက်သော စန်းရှောင်ကျူး၏ နေရောင်ဖြင့် လက်နေသော ဓားရိပ်ကိုမြင်လိုက်သည်။

'ငါသေရတော့မှာပါလား'

လိုရှောက်ဖုန့် ထိုသို့တွေးတောလိုက်သည်။

ပက်လက်အနေအထားဖြင့် လဲကျသွားသော လုရှောက်ဖုန့်၏ လည်တိုင်ကို စန်းရှောင်ကျူးက သူ့ဓားဖြင့် လှဲ၍ခုတ်ချလိုက်ရာ လုရှောက်ဖုန့်သည် မျက်လုံးအစုံကို ပိတ်ထားလိုက်ရပြီး သူ့အဖို့ မျှော်လင့်ချက်မရှိတော့ပါ။

လုရှောက်ဖုန့်က သူ့ကိုယ်သူ သေပြီဟု ထင်မှတ်ရသော အချိန်တွင် ချွင်ခနဲအသံကြားလိုက်ရ၍ မျက်လုံးထဲတွင် မီးပွင့်သွားသည်ဟု ထင်မှတ်လိုက်ရ၏။

လိုရှောက်ဖုန့်၏လည်တိုင်ပေါ်သို့ စန်းရှောင်ကျူး၏ ဓားချက်က ကျရောက်လာခြင်း မရှိပါ။

ဓားရိပ်တစ်ရိပ်က စန်းရှောင်ကျူးကို အဝေးသို့ လွင့်ထွက်သွားအောင် တိုက်ခိုက်လိုက်သည်ကို တွေ့မြင်ရသည်။

လိုရှောက်ဖုန့်သည် သူ့ကိုယ်မှသွေးများကို အတွင်းအားပြောင်းပြန်ကုသနည်းဖြင့် ကုသလိုက်သည်။

သူ၏ရှေ့တွင် မျက်နှာဖုံးစွပ်နှင့်လူများ တစ်ယောက်ပြီး တစ်ယောက် လဲကျနေသည်။

လရိပ်အခန်းပိုက လျှင်မြန်စွာ ရွေ့လျားတိုက်ခိုက်နေသည်။ ထိုလူ၏သိုင်းကွက်များမှာ မြန်ဆန်သလောက် တိကျသေသပ်လှသည်။

အတွင်းအားလျော့နည်းသော ဒက်ကာကို အချိန်အနည်းငယ်အတွင်း လုရှောက်ဖုန်းက ကုသလိုက်နိုင်ပါသည်။ စုယုံ ယုံ့ပေးသောဆေးက ခုခံကာကွယ်နိုင်၍သာ ထိုမျှဖြင့် သက်သာခဲ့ခြင်းဖြစ်သည်။

မျက်နှာဖုံးစွပ်များ အားလုံးလိုလို ကျဆုံးကုန်ပြီးနောက် စန်းရှောင်ကျူးမှာ လျင်မြန်သောလူရိပ်၏ တိုက်ခိုက်မှုကိုမခံနိုင်ဘဲ ထွက်ပြေး သွားသည်ကို မြင်ရသည်။

လုရှောက်ဖုန်းသည် သတိရလာသည်နှင့် သူ့အား ဝင်ရောက် ကူညီသူလူအား ဂရုမပြုနိုင်အား စုယုံ ယုံ တို့ကိုခေါ်ဆောင်သွားသော မြင်းလှည်း မောင်းနှင်သွားရာ ပင်လယ်ကမ်းစပ်သို့ ခြေကုန်သုတ်လာခဲ့သည်။

ပင်လယ်ကမ်းစပ်သို့ရောက်သည်နှင့် လုရှောက်ဖုန်း အကြီးအကျယ် နောက်ကျသွားပြီဖြစ်ကြောင်း သိလိုက်ရပါသည်။

ပင်လယ်ပြင်တွင် ဆိုက်ကပ်ထားသော ရေနက်မင်းသင်္ဘောကြီးမှာ ထွက်ခွာသွားပါပြီ။ နီးနီးနားနားပင် မဟုတ်တော့ပါ၊ ပျပျရေးရေးသာ မြင်ရတော့၏။



ပျပျရေးရေးသာ မြင်ရသော သင်္ဘောပေါ်မှ လူတစ်ယောက်သည် လုရှောက်ဖုန်းကို လက်ဝှေ့ယမ်းကာ နှုတ်ဆက်လို့ သွားပါသည်။

ထိုသူမှာ ကိုယ်ခန္ဓာထွားကျိုင်းသော ထန်ချူမှင်းပင်ဖြစ်လေသည်။

လုရှောက်ဖုန်းသည် ကြုံတွေ့ရသော အဖြစ်အပျက်များ ရ နောင်တတရားနှစ်ခုကို သူရရှိလိုက်ပါသည်။

ပထမနောင်တကတော့ လူတစ်ဖက်သားအား အထင်သေးမိခြင်းနှင့် ဒုတိယနောင်တကတော့ လူဟူသည် မည်သူ့ကိုမျှ ယုံကြည်စိတ်ချ၍မရဟူသော နောင်တပင်ဖြစ်၏။

ပထမတော့ သူသည် သင်္ဘောတစ်စီးကို အလောင်းအစားဖြင့် ရရန်ကြိုးပမ်းခဲ့သည်။

မတရားမှု ကျူးလွန်သူကို ဆုံးမလိုသည့်သဘောဖြင့် လိုပ်ဆောင်ခဲ့ခြင်းဖြစ်၏။

သို့သော် သူ့အထင်မှားခဲ့သည်။ ထန်ချူရင်းနှင့် ဟုလျန်ယောင်ဆောင်ထားသော စန်းရှောင်ကျူးတို့ ချောင်ပိတ်ဖမ်းခဲ့သည်။

လုရှောက်ဖုန်းသည် တကယ်တော့ သူ့အား ကြိုတင်သိရှိထားသူကို ယုံမှားမိခြင်း-ပင် ဖြစ်သည်။

ယခုတော့ စုယုံယုံတို့သုံးဦးကို ထန်းချူရင်းက သင်္ဘောဖြင့် တင်ဆောင်ခေါ်ယူသွားလေပြီ။

သူသည် ပင်လယ်ပြင်ထဲသို့ခုန်ချကာ သင်္ဘောဖြင့် တင်ဆောင်ခေါ်ယူသွားလေပြီ။

သူသည် ပင်လယ်ပြင်ထဲသို့ ခုန်ချကာ သင်္ဘောကို အမီလိုက်ဖို့ဟန်ပြင်လိုက်သည်။

လုရှောက်ဖိုန့်ဟာ ရေထဲမှာ ငါးတစ်ကောင်လို ကျွမ်းကျင်တယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ပင်လယ်ပြင်ထဲက သင်္ဘောတစ်စီးနောက်ကိုတော့ လိုက်လို့ဘယ်ဖြစ်မလဲ'

နောက်မှအသံကြောင့် လုရှောက်ဖုန့် ကိုယ်ရှိန်သတ်ကာ လှည့်ကြည့်လိုက်သည်။ ထိုအသံကို ကြားဖူးသလိုလိုရှိသည်။ သို့သော် မယုံစားရဲ။

ခက်သည်။ ထိုသူမျက်နှာမှာလည်း မျက်နှာဖုံးက စွပ်ထားပြန်သည်။

လုရှောက်ဖုန့်ကို စန်းရှောင်ကျူးက ဖိရှိတိုက်ခိုက်နေစဉ်ကက ဝင်ရောက်ကူညီခဲ့သူလားဟု လုရှောက်ဖုန့် ထင်မှတ်မိ၏။ သို့သော် ယုံကြည်စိတ်ချမှုတော့ မရှိလှသေးပေ။

'နေပါဦး၊ မင်းက ဘယ်သူလဲ'



ဝတ်စုံဖြူကို ဝတ်ဆင်ကာ မျက်နှာတွင် ပါးလွှာသော အနက်ဖုံးထားသော လူပုံက ကန့်ကလျဖြစ်သောသည်။

ယောကျ်ားတစ်ဦး၏အသွင်နှင့် မတူပေ။

'ရှင့်လိုလူမျိုးပဲလို့ သဘောထားလိုက်ပါ'

'ဘာ....ငါ့လိုလူမျိုးဟုတ်လား၊ ငါက-ငါ့ရဲ့ မိတ်ဆွေတွေ ရန်သူ့လက်ထဲပါသွားလို့ စိတ်ညစ်နေတဲ့ လူတစ်ယောက်ပဲ၊ မင်းက ဘာစိတ်ညစ်စရာတွေ ရှိလို့လဲ'

မျက်နှာတွင် ဇာပဝါဖုံးထားသော မိန်းမပျိုက နှုတ်ဖြင့် မဖြေပါ။ သူ့မျက်နှာမှ ဇာပဝါကို ဖြုတ်ချလိုက်သည်။

ပြီးနောက် သူ၏အဖြူရောင်ဝတ်စုံကို ချွတ်ခွာချလိုက်တော့၏။

'ဟော့....ဟော့'

လုရှောက်ဖိုန့်က စိုးရိမ် ထိတ်လန့်စွာ တားမြစ်လိုက်၏။ မိန်းမပျိုက အဝတ်အစားများကို ချွတ်ချနေ၍ အောက်တွင် အဝတ်အစားမှ ပါရဲ့လားဟု စိုးရိမ်သွားခြင်း ဖြစ်သည်။

သို့သော် လုရှောက်ဖိုန့်ထင်သကဲ့သို့ မဟုတ်ပါ။
မိန်းမပျိုသည် ဝတ်စုံဖြူအောက်တွင် အချိုးအစားကျနလှသော အနီရောင်ကိုယ်ကြပ်အင်္ကျီနှင့် ဘောင်းဘီရှည်ကိုဝတ်ဆင်ထားသည်။

မိန်းမပျိုမှာ အရပ်အမောင်း မြင့်မားပြီး အချိုးအစား ကျနလှသည်။

ဘောက်ပသောမျက်လုံးနှင့် ပေါ်လွင်သောနှာတံ၊ ပြည့်ဖြိုးသော ပါးပြင်နှင့် နှင်းဆီဖူးနှင့်တူသော နှုတ်ခမ်းပိုင်ရှင်လေး ဖြစ်သည်။

ဝတ်ရုံနှင့်မျက်နှာဖုံးကို ခွာချလိုက်သောအခါ အသားအရောင်နှင့်လိုက်ဖက်သော အနီရောင်ဝတ်စုံကြောင့် နတ်သမီးလေးနှင့်ပင် တူနေသည်။

ရုတ်တရက် မြင်တွေ့လိုက်ရသော လှသွန်းသော မျက်နှာလေးကြောင့် လုရှောက်ဖုန်မှာ သူချပ်ဆိုင် ဖြစ်ပျက်နေရသည်ကို တစ်ခဏမျှမေ့ကာ မိန်းမပျို၏မျက်နှာကို ငေးစိုက်ကြည့်မိလေတော့သည်။

မိန်းမပျိုက ဓားကို ဓားအိမ်ထဲသို့ ထည့်လိုက်ရင်း လုရှောက်ဖုန်ကို ရှန်း ရှန်းစားစား ကြည့်နေမိသည်။

'မင်းလိုလှပတဲ့ မိန်းကလေး တစ်ယောက် စိတ်အနှောင့်အယှက်ဖြစ်အောင် ဘယ်သူကများ လုပ်ဝံ့မှာလဲ'

လုရှောက်ဖုန်က စိတ်ထဲတွင် ရှိသည့်အတိုင်း ပြောလိုက်၏။ မိန်းမပျိုက လုရှောက်ဖုန်၏စကားကြောင့် လှပစွာ ပြုံးလိုက်သည်။



'ရှင့်လို မျက်ခုံးလေးခုရှင် လုရှောက်ဖုန်ကိုရော ဘယ်သူက များ ဒုက္ခ ပေးရဲလို့လဲဟင်'

သူ့စကားကို ပြန်ပိတ်၍ ပြောလိုက်သော မိန်းမပျို၏ စကားကြောင့် လုရှောက်ဖုန်မှာ ရှက်ရွံ့သွားသည်။

'ငါက ဘာကောင်မှ မဟုတ်သေးပါဘူးကွာ၊ ငါ့လို သိုင်းပညာတော်တဲ့လူတွေ အများကြီးပါ'

လုရှောက်ဖုန်က သူ့ကိုယ်သူ နှိမ့်ချပြော၏။ သူ၏ စကားကြောင့် မိန်းမပျိုက ပြုံးနေသည်။

'ရှင်သာ တကယ်လို့ သူတို့ရဲ့ အဆိပ်ငွေ့ကိုသာ မရှူမိဘူးဆိုရင်တော့ ကောင်းကောင်းခုခံနိုင်မှာပါ၊ အခုလဲ သူတို့ရှုံးသွားရတာပဲ မဟုတ်လား'

မျက်ခုံးတစ်ဖက်ကိုပင့်၍ ဟန်ပါပါပြောနေသော မိန်းမပျို၏ အမူအရာမှာ ချစ်ခင်နှစ်သက်စရာ ကောင်းလှသည်။

လုရှောက်ဖုန်က မိန်းမပျို၏မျက်နှာကို စူးစိုက်ကြည့်နေ၏။

'စောစောက ငါ့ကိုဝင်ပြီး ကူညီတာ မင်းပဲမို့လား၊ မင်းဟာ လှသလောက် သိုင်းပညာထက်မြက်တဲ့ မိန်းကလေးပဲ'

လုရှောက်ဖုန်၏ ချီးကျူးစကားက မိန်းမပျိုကို ရှက်ရွံ့သွားစေသည်။ မျက်နှာကလေးပင် နီနေ၏။

'ဒါပေမယ့် ကျွန်မက ရှင့်လို အဝေထူပါပဲလို့ ပြောနေတယ် မို့လား'

'အို...ဘာဖြစ်လို့လဲ၊ မင်းရဲ့မိတ်ဆွေတွေကိုရော သူတို့က ဖမ်းခေါ်သွားလို့လား'

'ရှင်ကလဲ လူတစ်ယောက်မှာ စိတ်ဆင်းရဲစရာတွေ အများကြီးပေါ့၊ ကိုယ့်မိတ်ဆွေတွေကို သူများဝမ်းသွားမှ စိတ်ဆင်းရဲရတာ မဟုတ်တာ'

မိန်းမပျို၏စကားက သဘာဝကျနေ၍ လိုရှောက်ဖုန့်က ခေါင်းညိတ်ထောက်ခံနေတော့၏။

'ဟေး.... ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် လူတစ်ယောက်မှာ စိတ်မကောင်းဖြစ်စရာတွေ အများကြီးပဲနော်၊ ကိုယ့်မိဘသေဆုံးတာတို့၊ ကိုယ့်ရဲ့ ဆွေမျိုး အဆက်ဆက်ကပိုင်တဲ့ ရတနာတွေကို သူတစ်ပါးလုယူသွားတာတို့ကလဲ စိတ်မချမ်းမြေ့စရာပဲ'

လိုရှောက်ဖုန့်စကားက မိန်းမပျိုကို အံ့ဩသင့်သွားစေသည်။

'ရှင် ကျွန်မအကြောင်းတွေများ သိနေသလား၊ ရှင်ပြောတဲ့ စကားတွေက မှန်လိုက်တာရှင်'



မိန်းမပျိုက လိုရှောက်ဖုန့်ရှိရာသို့ လျှောက်လာကာ ဘေးချင်းကပ် ယှဉ်ရပ်လိုက်သည်။

'မင်းရဲ့ဟန်ပန်တွေ အမူအရာကိုကြည့်ပြီးတော့ ငါက ခန့်မှန်းကြည့်တာပါ၊ မင်းဟာ ထန်ချူရှင်းတို့နဲ့ ပတ်သက်ပြီး တစ်ခုခုခံစားရသလိုပဲ'

'ကဲပါ ဒီအကြောင်းတွေကို အေးအေးဆေးဆေးမှ ပြောပြတာပေါ့၊ ရှင် ကျွန်မနဲ့ လိုက်ခဲ့ပါလား'

ချောမောလှပသော မိန်းမပျိုက လိုရှောက်ဖုန့်ကို ဖိတ်ခေါ်၍ လိုရှောက်ဖုန့် စေခဲ့ရခက်သွားသည်။

'မဖြစ်သေးပါဘူးကွာ၊ ငါ့မှာက ငါ့မိတ်ဆွေတွေ ရန်သူလက်ထဲပါသွားတာကို လိုက်ရဦးမယ်'

'ဒါကို ကျွန်မသိပြီးသားပါ၊ ရှင်နဲ့ကျွန်မနဲ့ လမ်းချင်းတူပါတယ်၊ ကျွန်မလဲ ထန်ချူရှင်းတို့နောက်ကို လိုက်ရမှာပဲ၊ ပြီးတော့ အသက်ဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ပြီး ကျွန်မရဲ့ မိတ်ဆွေတွေကို ပြန်ကယ်ရမှာပဲ'

အလွန်ချောမောလှပသော မိန်းကလေးက သူ့မိတ်ဆွေတွေကို ပြန်ကယ်ရာတွင် လိုက်မည်ဟုပြော၍ လိုရှောက်ဖုန့်မှာ စိုးရိမ်စိတ်ပေါ်သွားသည်။

'မင်းရဲ့မိတ်ဆွေက ဘယ်သူလဲ၊ ယောကျ်ားလား၊ မိန်းမလား'

အမျိုးသားတစ်ဦးဦး မဖြစ်ပါစေနှင့်ဟု စိတ်ထဲမှကျိတ်၍ဆုတောင်းရင်း လိုရှောက်ဖိုန့်က မေလိုက်သည်။

'အင်း အထီးလား အမလားဆိုတာတော့ သေသေချာချာ မသိပါဘူး၊ ကျွန်မရဲ့မိတ်ဆွေက သက်မဲ့ပစ္စည်း တစ်ခုပါ'

'သက်မဲ့ပစ္စည်း ဟုတ်လား'

'ဟုတ်တယ်၊ ဒီအကြောင်းတွေကို အေးအေးဆေးဆေးမှ ရှင်းပြတာ ကောင်းပါတယ်၊ ရှင် ကျွန်မနဲ့လိုက်ခဲ့ပါ'

လိုရှောက်ဖုန့်က ခေါင်းညိတ်လိုက်သည်နှင့် မိန်းမပျိုက သူချိတ်ချထားသော အဖြူရောင်ဝတ်စုံနှင့် မျက်နှာကို ဖုံးထားသည့် ဇာပဝါအနက်ကို တပ်ဆင်လိုက်သည်။

....၀....

## အခန်း (၆)

မိန်းမပျို၏နောက်သို့ လိုက်လာတော့မှပင် မိန်းမပျို၏ ကိုယ်ဖျောက်ပညာမှာ အဆင့်အတန်း မြင့်မားလှကြောင်း သိရှိရန် သူတို့နှစ်ဦးသည် ချိနန်နယ်ဘက်သို့ ထွက်ခွာလာကြခြင်းဖြစ်သည်။

ပထမတော့ လိုရှောက်ဖုန့်သည် နီးနီးနားနား နေရာတစ်ခုသို့ သူ့ကို ဦးဆောင်ခေါ်ငင်သွားသည်ဟု ထင်မှတ်မိသည်။

သို့သော် မိန်းမပျိုက လျင်မြန်စွာ ကိုယ်ဖျောက်ပညာဖြင့် မြို့နှစ်မြို့ကို ဖြတ်ကျော်လာတော့မှ ချိနန်းနယ်သို့ ဦးတည်သွားနေကြောင်း သိရတော့၏။

ချိနန်းနယ်ရှိ လိန်ကျန်မြို့သို့ သူတို့ ရောက်ရှိလာကြလေသည်။

လိန်ကျွန်မြို့ထဲသို့ဝင်လာတော့မှပင် အတော်ခရီးဝေးဝေးသို့ ရောက်လာပြီဖြစ်ကြောင်း လုရှောက်ဖုန့် သတိထားမိလေသည်။

'ဟေ့ ....မင်းဟာ ကမ္ဘာကြီးတစ်ခုလုံးများ တစ်ပတ်ပတ်တော့ မလို့လား'

'ဩော်....ရှင်ကလဲ ကျွန်မတည်းခိုတဲ့ တည်းခိုခန်းကိုရောက်ပါပြီရှင့်'

'ဒီလောက်ဝေးတဲ့နေရာများ ခေါ်လာရအောင်တယ်ကွာ၊ တို့က ပင်လယ်ပြင်ဘက်ကို ခရီးထွက်ရမှာမို့လား'

လုရှောက်ဖုန့်က စုယုံယုံတို့ နောက်သို့ လိုက်ချင်စိတ်ဖြင့် မေးလိုက်သည်။

'ရှင် ခုအတိုင်း လိုက်သွားလို့ကတော့ ပင်လယ်ထဲမှာ ရေနစ်သေရုံပဲရှိမယ်၊ ပြီးတော့ ရှင်နဲ့ကျွန်မနဲ့ နှစ်ယောက်ထဲသွားလို့ မဖြစ်ဘူး'

တည်းခိုခန်းအနီးသို့ ရောက်မှ မိန်းမပျိုက ရှင်းပြသည်။

'ဘာဖြစ်လို့လဲ၊ တို့ လှေတစ်စင်းရရင် ဖြစ်တာပဲမို့လား၊ သူတို့က ပင်လယ်ထဲမှာ ဘာလုပ်မှာမှတ်လို့၊ မြို့တစ်မြို့မြို့ကို ဖမ်းသွားတာ ဖြစ်မှာပေါ့'



'ရှစ်ထင်သလို မဟုတ်ဘူး'

မိန်းမပျိုက ခပ်ပြတ်ပြတ်ပြောလိုက်၏။

'သင်္ဘောတစ်စင်းဟာ ဦးတည်ရာမဲ့ ပင်လယ်ထဲမှာလှည့်ပတ် သွားလာနေမှာမတော့ မဟုတ်ပါဘူးဗျာ'

'ဒါတော့ ရှင်ပြောမှလား၊ သူတို့ဟာ ဦးတည်ရာရှိတယ်၊ သူတို့ဦးတည်သွားနေတဲ့ နေရာက တာမင်တန် ကျွန်းကိုရှင့်'

'တာမင်တန်ကျွန်းစုကို ဟုတ်လား'

သည်တစ်ခါ အံ့အားသင့်သွားရသူကတော့ လုရှောက်ဖုန့်ပင် ဖြစ်သည်။

တာမင်တန်ကျွန်းစုသည် အလွန်အန္တရာယ်များ၍ စားနပ်ရိက္ခာရှားပါးသော နေရာဖြစ်သည်။

တာမင်တန်ကျွန်းသို့ ရောက်ရှိသွားသူများသည် ပြန်လမ်းမရှိဟူသော သတင်းကို သူကြားဖူးသည်။

မိန်းမပျို၏စကားကြောင့် စုယုံယုံတို့ ရောက်ရှိသွားသော အရပ်ဒေသမှာ အလွန်အန္တရာယ် များပြားသော အရပ်ဒေသဖြစ်ကြောင်း သိရှိသွား၍ သူ့မှာ စိုးရိမ်ပူပန်သွားသည်။

အလှန်ဆိုးသွမ်းသော အနက်ရောင် သိုင်းသမားများနှင့် ရာဇဝတ် မှုများကို ရှောင်ရှားချင်သူများသာ တာမင်တန် ကျွန်းသို့ ခိုအောင်းလေ ရှိသည်။

ရာသီဥတုကြမ်းတမ်းခြင်း၊ အစာရေစာ ရှားပါးခြင်းတို့ကြောင့် တာမင်တန်ကျွန်းသို့ ရောက်ရှိသူများမှာ သေကြေပျက်စီးသူများလေသည်။

တာမင်တန်ကျွန်းတွင် နေထိုင်သော လူဆိုးသိုင်းအဖွဲ့ကြီးမှာကား ကိုယ့်အုပ်စုနှင့်ကိုယ် ရပ်တည်ကာ အစာရေစာများကို ရှာဖွေစုဆောင်းနိုင်ကြ၏။

သင်္ဘောများဖြင့် မြို့များသို့ တက်ရောက် လုယက်ပြီးနောက် တာမင်တန်ကျွန်းတွင် အခြေချနေထိုင်ကြသူမျိုးလည်း ရှိသော်လည်း လုံရှောက်ဖုန့်မှာ မူလက တွေးထင်ထားသည်ထက် စုံယုံယုံတို့မှာ အခြေအနေ ပိုမိုဆိုးရွားသွားနိုင်ကြောင်းကို တွက်ဆမိလေ စိတ်မချနိုင်အောင် ဖြစ်နေပေသည်။

'ဘယ်လိုလဲ၊ ရှင်သိပ်စိတ်ပူသွားပြီလား၊ အဲဒီကျွန်းကို ရှင်လိုက်သွားရင်တော့ ရှင့်ဖို့ထက် သေဖို့က များတယ်၊ ရှင်စိတ်မခိုင်ရင်လဲ စောစောစီးစီး လက်လျှော့လိုက်ပါ'

'ငါက ကိုယ်လုပ်ချင်တဲ့ကိစ္စကို အသက်ဘေးကြောင့် ဘယ်တော့မှ နောက်မဆုတ်ဖူးဘူး'



လုံရှောက်ဖုန့်က မာကျောစွာ ပြောလိုက်သော စကားကြောင့် မိန်းမပျိုမှာ ပြုံး ရှင်လာသည်။

'မျက်ခုံးလေးခုပိုင်ရှင် လုံရှောက်ဖုန့်ဟာ ဘယ်လိုစိတ်ထားမျိုး ရှိသလဲဆိုတာ ကျွန်မ သိထားပါတယ်ရှင့်'

တည်းခိုခန်းအနီးသို့ ရောက်ရှိလာပြီ ဖြစ်၍ စကားပြောခြင်းကို ရပ်ကာ မိန်းမပျိုနောက်သို့ လိုက်ပါလာခဲ့သည်။

တည်းခိုခန်းမှာ တနိုးလျှားရှည်ကဲ့သို့ ဆောက်လုပ်ထားပြီး စိတ်ငြိမ်ရပ်ဝန်းဟု အမည်ပေးထားသည်။

တည်းခိုခန်းရှိ သပ်ရပ်သော အခန်းလေးတစ်ခုကို မိန်းမပျိုက ငှားရမ်းထားခြင်းဖြစ်သည်။

ခေါင်မိုးမှာ တစ်ဆက်တည်း ဖြစ်သော်လည်း အခန်းလေးများရှေ့တွင် သီးသန့်ခြံကလေးများ ကာရံကာ ကိုယ့်အိမ်ပေါက်နှင့်ကိုယ် ဝင်စရာဖြစ်နေ၍ နှစ်သက်ဖွယ် ကောင်းလှပေသည်။

လူနှစ်ဆယ်ခန့်ကျယ်သော အခန်းလေးများ ရှေ့တွင် ခြံစည်းရိုးရှည်ရှည်လေးများ ကာရံကာ မန်းခြံနှင့် ထိုင်ခုံလေးများ ကိုယ့်အခန်းရှေ့ ကိုယ်နေနိုင်လောက်အောင် လုပ်ဆောင်ထား၏။ ရှားပါး၍ သပ်ရပ်သော တည်းခိုခန်း ကလေးပင်ဖြစ်၏။

လှိုရှောက်ဖုန့်သည် အိမ်ထဲသို့ရောက်ရှိလာသော မိန်းမပျို က သူ့အား နေရာထိုင်ခင်းပေးကာ အခန်းထဲသို့ ဝင်သွား၏။

'ရှင်ခဏထိုင်ဦးနော်၊ ကျွန်မ အဝတ်အစား လဲလိုက်ဦး မယ်'

အခန်းကလေး၏ သသပ်မှုနှင့် စိတ်ငြိမ်ချမ်းခြင်း ဟူသော အမည်နှင့်လိုက်ဖက်အောင် အေးချမ်းနေသော်လည်း သူ၏ရင် ထဲတွင် မငြိမ်းချမ်းနိုင်ပေ။

ရုပ်ထုံ၊ အန်းတော့နှင့် ဟုန်ရှုးတို့အတွက် စိုးရိမ်ပူပန်မှုက သူ့ကိုယ်ကို နှိပ်နယ်ပင်ပန်းအောင် ပြုလုပ်ထားသလို ဖြစ်နေ ၏။

'သိပ်လဲ စိတ်မှည်စ်ပ နဲ့ရှင်၊ ရှင်နဲ့ကျွန်မနဲ့က ဘဝတူတွေ ပဲ မို့လား'

မည်သည့်အချိန်က အခန်းထဲမှ ပြန်ထွက်လာမှန်းမသိသော မိန်းမပျို၏စကာ ကြောင့် လှုရှောက်ဖုန့်က ဦးခေါင်းကိုဆတ် ခနဲ မော့ကြည့်လိုက်၏။

မိန်းမပျိုက စိမ်းပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် ဖြူဝင်းသော အသားအရေနှင့် လိုက်ဖက်လှသည်။

မျက်နှာလေးမှာ ပို၍နုနယ်သွားသကဲ့သို့ပင် ထင်မှတ်ရလေ သည်။



သို့သော် မိန်းမပျိုက မျက်နှာမှာ တစ်စုံတစ်ရာ ဝမ်းနည်း ကြေကွဲမှုကို ခံစားနေရပုံပေါ်လေသည်၊

'ကဲ...ရှင်လဲ အေးအေးဆေးဆေး အနားယူပါ၊ ကျွန်မ နဲ့ ရှင်နဲ့က ဘဝတူတွေပါ၊ ရှင်ဟာ သိပ်ခင်တွယ်ရတဲ့ ရှင့်ရဲ့ မိတ်ဆွေကို တာမင်တန်ကျွန်းကို ခေါ်ဆောင်သွားတာ ခံရ သလို ကျွန်မဟာလဲ ကျွန်မသိပ်မြတ်နိုးတဲ့ မိတ်ဆွေကို တာမင် ယန်ကျွန်းကို ဆောင်ယူသွားတာ ခံရတာပါ'

'မင်းရဲ့မိတ်ဆွေက'

'မြှာပြီးပါပကော၊ ကျွန်မမိတ်ဆွေက သက်မဲ့ ပန်းသည်း တစ်ခုပါ ဒါပေမယ့် အင်မတန် တန်ဖိုးကြီးမားတဲ့ သက်မဲ့ ပစ္စည်းပဲ၊ ပြီးတော့ ကျွန်မအဖေရဲ့ အသက်နဲ့ လဲလိုက်ရတဲ့ ပစ္စည်း၊ ဒီပစ္စည်းကို ကျွန်မပြန်ပြီးလိုချင်တယ်၊ ဒါကြောင့် တာ မင်တန်ကျွန်းကို ကျွန်မလိုက်မှဖြစ်မယ်'

'ဟာ...ဒီလောက် အန္တရာယ်များတဲ့ကျွန်းကို မင်းလို သိပ် လှတဲ့ မိန်းကလေးတစ်ယောက်က ဘယ်နည်းနဲ့ မသွားသင့် ပါဘူး၊ မင်းကျိန်းသေ အန္တရာယ်နဲ့ တွေ့ရမှာပဲ'

မိန်းမပျိုက ပြုံးလိုက်သည်၊

'ကျွန်မ သေချင်တောင် သေသွားမှာပေါ့ရှင်'

'ဒီလိုမှန်း သိရင် ဘာလို့သွားမလဲ၊ လူ့အသက်ထက်ဘော့ ဘာပစ္စည်းကမှ တန်ဖိုးမရှိပါဘူးကွာ၊ ငါက တာမင်တန်ကျွန်းကိုသွားရမှာက ဓိပ္ပာယ်ရှိသေးတယ်၊ ဒါနဲ့ မင်းနာမည်တောင် ငါမသိရသေးဘူး'

လုရှောက်ဖုန်က ဧည့်ခန်းရှိ ထိုင်ခုံတစ်လုံးတွင် ခြေပစ်လက်ပစ်ထိုင်ရင်း မိန်းမပျိုလေး၏မျက်နှာကိုကြည့်လျက်ပြောလိုက်သောစကားကြောင့် မိန်းမပျိုလေးမှာ နှုတ်ခမ်းထောင့်စွန်း တွန့်ရုံလေး ပြုံးလိုက်သည်။

'ကျွန်မနာမည်ကို ရှင်ဒီလောက်တောင် စိတ်ဝင်စားနေသလား၊ နာမည်ဆိုတာ လူတစ်ယောက်ကိုခေါ်ဝေါ်လို့ ရရုံသက်သက်ပဲ မဟုတ်လား'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် နာမည်ဆိုတာ လူတစ်ယောက်ရဲ့ အမှတ်အသား ဝိသေသပဲ၊ လူတစ်ဦးနဲ့တစ်ဦး ခေါ်ပြောဆက်ဆံဖို့ လူတိုင်းမှာ နာမည်တစ်လုံးတော့ ရှိရတယ် မဟုတ်လား'

လိုရှောက်ဖုန်က မိန်းမပျိုလေးကို နာမည်ထုတ်ဖော်ပြော၍ မနေဘဲမရအောင် ပြေစလိုက်၏။

လိုရှောက်ဖုန်၏ ယောကျ်ားပီသခန့်ညားသော မျက်နှာကို မိန်းမပျိုလေးက နှစ်သက်စွဲလမ်းသောအကြည့်ဖြင့် ကြည့်နေသည်။



'ယောကျ်ားတွေထဲမှာတော့ ရှင့်လိုမျက်ခုံးမွေးနဲ့ နှုတ်ခမ်းမွေး တစ်ထေရာတည်းထူတဲ့ လူမျိုးကတော့ ရှားတယ်ရှင့်'

'အို....မင်းနာမည်ကိုမေးတာနဲ့ ဘာဆိုင်လို့လဲ'

လိုရှောက်ဖုန်က သူ့ကို ချီးမွမ်းပြောဆိုသော စကားကို ရှက်ရွံ့ဟန်ဖြင့် တားမြစ်လိုက်၏။

လုရှောက်ဖုန်၏စကားကြောင့် မိန်းမပျိုလေးက ဣန္ဒြေဆယ်လိုက်သည်။

'ကျွန်မနာမည်က တောင်ဖိုင်းသခင်မ ဟုန်စုံရင်ပါ၊ကျွန်မ အဖေက တောင်ဖိုင်းသခင်ကြီး ဟန်ဝူစွန်းပါပဲ'

ဟန်စုံရင်သည် သူမဘာဝဇာတ်ကြောင်းကို လုရှောက်ဖုန်အား ဆွေးမြည့်ကြေကွဲဖွယ်ရာ ပြန်လည် ပြောပြလေတော့သည်။

....၁....

## အခန်း (၇)

တောင်ပိုင်းသခင်ကြီး ဟန်ဂုစွန်းသည် စန်းရဲပြည်နယ်၌ မသိသူရှားသောက်အောင် ထင်ရှားကြီး ကျယ်သူတစ်ဦး ဖြစ်လေသည်။

သူသည် ဖြောင့်မတ်သော စိတ်ဓာတ်ရှိ၍ တရားမျှတမှုကို လိုလားသူဖြစ်သောကြောင့် စန်းရဲပြည်နယ်က လူများသည် ဟန်ဂုစွန်းကို သူတို့၏အကြီးအကဲအဖြစ် တင်မြှောက်ထားကြလေသည်။

ဟန်ဂုစွန်း၏စံအိမ်ကြီးမှာ စန်းရဲပြည်နယ်၏ မြို့စွန်ပိုင်းတွင် တည်ရှိပြီး ရဲတိုက်ကြီးတစ်လုံးကဲ့သို့ ကြီးကျယ် ခမ်းနားလေသည်။



ဟန်ဂုစွန်း၌ သားတစ်ယောက် သမီးတစ်ယောက်ရှိသည်။ ဟန်ချိုခင်းဟူသော သားနှင့် ဟန်စုရှင်ဟူသော သမီးတို့သည် ဟန်ဂုစွန်း၏သိုင်းပညာကို အမွေဆက်ခံမည့်သူများ ဖြစ်သည်။

ဟန်ဂုစွန်းသည် ကိုယ်တိုင်ကလည်း သိုင်းပညာ ထက်မြက်သည့်သူတစ်ဦး ဖြစ်သောကြောင့် သားနှင့်သမီးကို သူတတ်မြောက်ထားသော တောင်ပိုင်း သိုင်းပညာရပ်များကို သင်ကြားပေးခဲ့သည်။

သားသမီး နှစ်ဦးစလုံးမှာ ဖခင်အလိုကျ သိုင်းပညာကို တတ်မြောက်လာခဲ့ကြသည်။

တောင်ပိုင်းသခင်ကြီးတွင် ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးရှိ၏။

ထိုမိတ်ဆွေမှာ စန်းရဲပြည်နယ်မှ အလှမ်း ဝေးကွာသော စီမင်းပြည်နယ်တွင် နေထိုင်သူ ဖြစ်ပြီး ကျောက်မျက်ရတနာ ရောင်းဝယ်သော သူဌေးကြီး နန်းကုန်းဆက်ဖြစ်သည်။

နန်းကုန်းဆက်သည် စန်းရဲပြည်နယ်ရှိ တောင်ဖိုင်းသခင်ကြီး၏ ပြည်နယ်သို မကြာခဏ လာရောက် လည်ပတ်တတ်သကဲ့သို့ ဟန်ဂုစွန်းသည်လည်း စီးမင်းပြည်နယ်သို့ တကူးတက လာရောက်လည်ပတ်လေ့ ရှိပေသည်။

'သမီးရေ…ဒီနေ့ ဖေဖေ စိတ်ဆွေကြီး အလည်ရောက်လိမ့်မယ်ဘော့…အဲ့ဒီတော့ ဟင်းကောင်းကောင်းလေးတွေ ချက်ပြုတ်ထားပါကွယ်'

'စိတ်ချပါ ဖေဖေ'

သူ့မိတ်ဆွေ နန်းကုန်းဆက် လာရောက် လည်ပတ်မည်ဟု အကြောင်းကြားသည်ကို သိရသည်နှင့် တောင်ပိုင်းသခင်ကြီးမှာ စိစဉ်စရာရှိသည်များကို အသေးစိတ်စီစဉ်လေတော့သည်။

သူ၏စံအိမ်တွင် ဟောင်းနွမ်းနေသော လိုက်ကာများ၊ စားပွဲခင်းများကို အသစ်လဲလှယ် ပိုက်ပြီးနောက် အိမ်ကြီးတွင် နေထိုင်သော သူ့တပည့်များကိုလည်း ပန်းဥယျာဉ်များကို လှပအောင် ပြုပြင်ရန်နှင့် ခရီးသွားစရာ မြင်းလှည်းတို့ကို အဆင်သင့်ပြုလုပ်ထားရန် မှာကြားလေသည်။

ဟန်ဝုစွန်း၏စံအိမ်တွင် ထပည့်စုစုပေါင်း နှစ်ဆယ်ခန့်မျှရှိ၏။

ထိုတပည့်တို့မှာ တောင်ပိုင်း သခင်ကြီးထံမှ သိုင်းပညာသင်ယူနေကြသူများဖြစ်ပြီးလျှင် အစစ်အရာရာ အားကိုးရသူများ ဖြစ်သည်။

ဝမ်ပူချင်းနှင့် ယန်ရှောင်ဖေးတို့မှာ ဟန်ဝိုစွန်း၏ သစ္စာရှိသော တပည့်ကြီးများဖြစ်၍ ကျန်လူများကို စီမံအုပ်ချုပ်ရသူများလည်း ဖြစ်လေသည်။



ဟန်ဝုစွန်းသည် အိမ်ထဲတွင် မှာကြားစရာ စီစဉ်စရာရှိသည်များကို စီစဉ်ပြီးနောက် ခြံထဲသို့ ဆင်းလာခဲ့၏။

ခြံထဲတွင်ရှိသော သစ်ရွက်ကြွေများနှင့် အမှိုက်များကို ဝမ်ပူချင်း ယန်ရှောင်ဖေးတို့က အားတက်သရော သူ့လူများနှင့် ရှင်းလင်းနေကြ၏။

'ဝမ်ပူချင်း'

'ခင်ဗျာ'

အမှိုက်များကို တံမျက်စည်းနှင့် စုစည်းနေသော ဝမ်ပူချင်းက သူ့သခင်ကြီးခေါ်သံကြား၍တောင်းကိုချကာ အရိုအသေပြုလေသည်။

'ယန်ရှောင်ဖေးကိုပါခေါ်ပြီး ငါ့ဆီကို လာခဲ့ဦး'

'ဟုတ်ကဲ့'

ပန်းခြံထဲရှိထိုင်ခုံတွင်ထိုင်ကာ တောင်ပိုင်းသခင်ကြီးက သူ့တပည့်များကိုစောင့်နေသည်။

ဝမ်ပူချင်းနှင့် ယန်ရှောင်ဖေးတို့သည် မကြာမီ ဟန်ဝိုစွန်း ထိုင်နေသော နေရာသို့ ရောက်လာကြသည်။

'ကျွန်တော်တို့ ရောက်ပါပြီ'

ဝမ်ပူချင်းက သစ်ပင်များကို ငေးမော ကြည့်ရှုနေသော တောင်ပိုင်းသခင်ကြီးကို အရိုအသေပြုကာ မေးလိုက်သည်။

'ဝမ်ပူချင်း ပြည်နယ်ထဲမှာ ဘာသတင်း ကြားသေးသလဲ ဟေ'

'ဘာမှတော့ ထူးခြားမှုမရှိပါဘူး သခင်ကြီး၊ အေးချမ်း ပါတယ်'

'အေး...အေး...ယန်ရှောင်ဖေးရော ဘာသတင်း ကြား သေးလဲ'

'ကျွန်တော်တို့ ပြည်နယ်ကို တာမင်တန်ကျွန်းက အနောက် ရောင် သိုင်းသမားတွေရောက်နေတယ်လို့ ဈေးမှာ ပြောသံ ကြားပါတယ်'

'ဟေ...ဟုတ်လား'

ယန်ရှောင်ဖေး၏ စကားကြောင့် ဟန်ဝိုစွန်းမှာ မျက်နှာ ကွက်ခနဲပျက်သွား၏။

'တာမင်တန်ကျွန်းကကောင်တွေက ဘာမဆို ခိုးဆိုးတိုက် ခိုက်သူတွေများတယ်၊ တိုင်းပြည်ကို အနှောင့်အယှက် ပေး နိုင်တယ်၊ အဲဒီတော့ မင်းတို့ ဒီကောင်တွေရဲ့သတင်းကို မျက် ခြည်မပြတ်စေနဲ့၊ သူတို့ ဘယ်နှစ်ယောက် ရောက်နေသလဲ'



ယန်ရှောင်ဖေးက ခေါင်းခါလိုက်သည်။

'ကျွန်တော် အရေအတွက်တော့ တိတိကျကျ မသိပါဘူး၊ ဟင်းသီးဟင်းရွက်ရောင်းတဲ့လူတွေပြောသံ ကြားရတာပါ'

'အေးကွာ....ဒီရက်ထဲကိုရောက်မှပဲ ငါ့မိတ်ဆွေကြီးက အိမ် ကို လာလည်မယ်လို့ ပြောနေတယ်၊ သူကလာရင် ရတနာ ပစ္စည်းတွေပါလာတတ်တယ်၊ ဒီကောင်တွေရောက်နေတယ် ဆို တော့ အန္တရာယ်ရှိနိုင်တယ်၊ မင်းတို့ သွားကြိုလိုက်ပါ'

'စိတ်ချပါ သခင်ကြီး ကျွန်တော်တို့ ပြည်နယ်အဝင်ကနေ ပဲ သွားပြီးကြိုလိုက်ပါ့မယ်'

တောင်ပိုင်းသခင်ကြီးမှာ သူ့တပည့်နှစ်ဦးကို မှာကြား စရာ မှာကြားပြီးဖြစ်၍ ထွက်ခွာသွားရန် လက်ပြလိုက်၏။

တောင်ပိုင်းသခင်ကြီး၏ စိတ်နှလုံးမှာ လေးပင်နေသည်။ အနောက်ရောင်သိုင်းသမားများသည် စန်းရှဲပြည်နယ်ထဲသို့ မကြာ ခဏရောက်လာကာ လုယက်တတ်ကြသည်။

တာမင်တန်ကျွန်းမှ လာသူများသည် သိုင်းပညာ ထက် မြက်၍ ကောက်ကျစ်စဉ်းလဲသောသူများ ဖြစ်၏။

ဟန်ဝိုစွန်းသည် သူ့မိတ်ဆွေသူဌေးကြီး နန်ကုန်းဆက် အပေါ် ပူပန်မိသောကြောင့် သားဖြစ်သူ ဟန်ချိမင်းရှိရာအိမ် ထဲသို့ ဝင်ခဲ့သည်။

'ဘာဖြစ်လို့လဲ ဖေဖေနေမကောင်းလို့လား'

'မဟုတ်ပါဘူး သားရဲ့၊ ဘာဖြစ်လို့လဲ'

အပေါက်ဝမှ ဆီးကြို နှုတ်ဆက်လိုက်သော ဟန်ချိမင်းကို ဟန်ဝုစွန်းက ပြန်ပြောကြားလိုက်သည်။

'ဖေဖေ့မျက်နှာကြည့်ရတာ တစ်ခုခုကို စိတ်မကောင်းဖြစ်နေသလိုပဲ'

ဖခင်မျက်နှာကို အကဲခတ်တတ်သော သားဖြစ်သူ၏စကားကြောင့် ဟန်ဝုစွန်း သက်ပြင်းချလိုက်၏။

'ငါ့မိတ်ဆွေ နန်းဟုန်းဆက်က အိမ်ကို အလည်လာမယ် ပြောလို့ကွာ၊ အခု တို့ပြည်နယ်ထဲကို ကာမင်တာန်ကျွန်းက လူဆိုးဓားပြ သိုင်းအဖွဲ့တွေ ရောက်နေတယ်လို့ ကြားတယ်။ အဲဒါ ငါ ဝမ်ပူချင်းနဲ့ ဟန်ရှောင်ဖေးကို ဦးဆောင်ပြီး စောင့်ရှောက် ခေါ်လာဖို့ မှာထားတယ်၊ ဒါပေမယ့် သူတို့ကို ငါ စိတ်မချဘူး၊ မင်းဦးဆောင်ပြီး သွားကြိုရင်ကောင်းမယ်'

'အင်း ... ဒီလိုအရေးကြီးတဲ့ ဧည့်သည်လာရင်တော့ သား လိုက်သွားတာ ကောင်းမယ်ထင်တယ်'

'အေး....ဖေဖေလဲ ဒီလိုပဲ့သဘောရတယ်၊ ဒါပေမယ့် ပေါ့ပေါ့ဆဆတော့ မသွားနဲ့၊ ဒီကောင်တွေရဲ့ သိုင်းပညာက ကြောက်စရာကောင်းတယ်'



ဟန်ဝုစွန်းသည် သားဖြစ်သူကို မှာကြားပြီးနောက် သူ့အိပ်ခန်းတွင်းသို့ ဝင်သွားလေသည်။

အိမ်နောက်ဘက်တွင် စားသောက်စရာများကို ဦးဆောင်ကာ စီမံချက်ပြုတ်နေသော ဟန်စုရင်သည် ပန်းခြံထဲသို့ ဆင်းလာသည်။

ဟန်စုရင်မှာ အသက်အယ်ရှစ်နှစ်ဝန်းကျင်ရှိပြီး ချောမောလှပသော မိန်းမပျိုလေးတစ်ဦးဖြစ်၍ တောင်ပိုင်း သခင်ကြီး မျက်နှာသာပေးခြင်း ခံရသော ဝမ်ပူချင်းနှင့် ဟန်ရှောင်ဖေးတို့ နှစ်ဦးစလုံးက ချစ်ခင်ရှယ်နေကြ၏။

ဝမ်ပူချင်းမှာ နှာတံပေါ်ပေ အရပ်မြင့်မြင့်နှင့် ချောမော မှန်ရည်သော လူရွယ်တစ်ဦးဖြစ်သောကြောင့် ဟန်စုရင်က အလေးနည်းနည်း သာချင်နေလေသည်။

အိမ်နောက်ဘက်မှ ဟန်စုရင်လာသည်ကို မြင်သည်နှင့်ပင် အိမ်ဘက်သို့အကဲခတ်နေသော ဝမ်ပူချင်းက ရုတ်တရက် လှစ်ခနဲ ထွက်ခွာသွားတော့သည်။

'ဝမ်ပူချင်း နင်ဘာတွေ လုပ်နေတာလဲ'

ဟန်စုရင်က ဝမ်ပူချင်းကို မြင်မြင်ချင်း ပြုံး၍ပြောလိုက်၏။

'အမှိုက်တွေရှင်းနေတာဟာ၊ နင့်ကို အရေးကြီးတဲ့စကား ပြောရမယ်၊ မနက်ဖြန် တို့ခရီးထွက်ရမယ်'

'ဪ....ဧည့်သည်ကိုကြိုဖို့ ကိစ္စလား'

'အေးလေ ...သူဌေးကြီးနန်းကုန်းဆက် မနက်ဖြန်လာမယ်တဲ့၊ အဲဒါ တာခင်တန်ကျွန်းက လူဆိုးတွေ တို့ပြည်နယ်ထဲမှာ ရောက်နေတယ်လို့ပြောတယ်'

'ဟင်....ဒါဆို ငါစိတ်ပူလိုက်တာ၊ တစ်ခုခုဖြစ်သွားရင်တော့ ဒုက္ခပဲ'

ဟန်စုံရှင်က ရင်ဘတ်လေးကိုဖိကာ စိတ်ပူသံဖြင့် ပြောလိုက်သည်။

'ငါတို့ပါတာပဲဟာ၊ ဘာမှစိတ်မပူပါနဲ့၊ နင်လဲ အိမ်မှာ သတိဝီရိယနဲ့နေပါ၊ ဒါနဲ့ နင့်ကို ငါပြောထားတဲ့ ကိစ္စ....'

'အဲဒါတွေ ထားစမ်းပါဦးဟာ၊ အရေးထဲမှာ ဒီလိုဆိုရင် အစ်ကိုပါ နင်တို့နဲ့လိုက်မယ်ထင်တယ်'

'လိုက်ရင်တော့ ကောင်းတာပေါ့၊ သူက ငါတို့ထက်အဆင့် မြင့်တာပဲ'

သူတို့နှစ်ဦး စကားပြောနေသော နေရာသို့ ယန်ရှောင်ဖေးက မယောင်မလည်နှင့် ရောက်ရှိလာသည်။



ယန်ရှောင်ဖေးမှာ မှုလိုမှိန်းထားသော မျက်လုံးများဖြင့် ဝမ်ပူချင်းနှင့် ဟန်စုရှင်တို့ကို ကြည့်နေ၏။

'ဟေ့ ကောင်....ဝမ်ပူချင်း၊ မင်းက ဒီမှာလာပြီးအချောင်ခိုနေတာပေါ့လေ၊ ငါ့ သခင်ကြီးကို ပြောလိုက်ရမလား'

'ဟာကာ ခဏလေးပါ၊ ဟန်စုနဲ့ စကားပြောနေတာပါ'

နှောင်ယှက်လာသော ယန်ရှောင်ဖေးကြောင့် ဝမ်ပူချင်းမှာ ဟန်စုရှင်ကိုနှုတ်ဆက်၍ သူလုပ်စရာရှိသော အလုပ်များကို ဆောင်ရွက်သွားရန် ထွက်ခွာသွားတော့၏။

ဝမ်ပူချင်းက ယန်ရှောင်ဖေးကို တစ်ချက် မျက်စောင်းထိုး ကြည့်လိုက်သည်။

'ယန်ရှောင်ဖေး'

'ဘာလဲ'

'နင်နဲ့ဘာဆိုင်လို့ လာဝင်ရှုပ်တာလဲ၊ တို့ဟာတို့ စကားပြောနေတာ နင့်အပူပါလွား'

ဟန်စုရှင်၏ ဒေါသဖြင့်ရန်တွေ့သံကြောင့် ယန်ရှောင်ဖေးမှာ အံကိုကြိတ်လိုက်၏။

သို့သော် ချက်ချင်း မျက်နှာထားပြင်လိုက်သည်။

'ငါ သက်သက်နောက်တာပါဟ၊ ဘာလဲ နင်က စိတ်ဆိုး
သွားလို့လား'

'နင်နောက်တာက တစ်ဖက်သားကို ထိခိုက်တယ်၊ နင်
နောက်ဒါမျိုး မလုပ်ပါနဲ့'

'နင်မကြိုက်ရင် ငါမလုပ်တော့ပါဘူးဟာ'

....၁....

## အခန်း ( ၈ )

နောက်တစ်နေ့တွင် နံနက်ပိုင်း၌ တောင်ပိုင်းသခင်ကြီး၏ စံအိမ်ဝင်းအတွင်းမှ မြင်းရထားတစ်စီးကို ခြံရံ၍ထားသော လူနှစ်ဆယ်ခန့်မှာ မြင်းကိုယ်စီဖြင့် ထွက်ခွာ သွားကြလေတော့သည်။

သူတို့သည် စန်းရဲမြည်နယ် အဝင်အဝလမ်းဆုံမှ သွားရောက်ကာ သူဌေးကြီးနန်းကျွန်းဆက် ၊ သွားရောက်ကြိုဆိုနေခြင်း ဖြစ်သည်။

'အဟီး....ဟီး....ဟီး'

သစ်ပင်များတွင် ချည်နှောင်ထားသော မြင်း များ ၏ အလှန့်တကြား အော်ဟစ် ခုန်ပေါက်လိုက်သံကြောင့် ဟန်ချီ

မင်း၊ ဝမ်ပူချင်းနှင့် ယန်ရှောင်ဖေးတို့ သုံးဦးစလုံး ထရပ်လိုက်ကြသည်။

မြင်းများအားလုံးမှာ တဆတ်ဆတ် တုန်နေကြသည်ကို တွေ့ကြရသည်။

'ကျွတ်....ကျွတ်....ကျွတ်'

မက်မန်းပင်တစ်ပင်တွင် ပါလာသော မြင်းနှစ်ဆယ့်နှစ်ကောင်ကို စုစည်း၍ချည်ထားရာ မြင်းများမှာ နားရွက်များထောင်ကာ ခွာကိုယက်နေကြလေသည်။

'ဟီး....ဟီး....ဟီး....ဟီး'

လူများက ဇက်ကြိုးကိုကိုင်ကာ ပွတ်သပ် ချော့မြူနေသည့်ကြားမှ မြင်းများမှာ တဆတ်ဆတ် တုန်ကာ ခုန်ပေါက်၍အော်ဟစ်နေကြသည်။

'ဝမ်ပူချင်းနဲ့ ယန်ရှောင့်ဖေး ဒီအနီးအနား တစ်ဝိုက်ကိုလှည့်ကြည့်စမ်းကွာ၊ ဘာမှသက်ရှိသတ္တဝါ ရှိသလဲ'

'ဟုတ်ကဲ့'

ဝမ်ပူချင်းနှင့် ယန်ရှောင်ဖေးတို့ လှစ်ခနဲ ထွက်ခွာသွားကြသည်။



သူတို့သည် သူတို့စခန်းချရာ ပတ်ဝန်းကျင်ရှိ လျှိုမြောင်များအနှံ့လိုက်ကြည့်ရှုကြ၏။ မည်သည့်မသက်ရှိသတ္တဝါမှ မတွေ့ခဲ့ပေ။

'ဒီနားတစ်ဝိုက်မှာတော့ ဘာမှမသက်ရှိသတ္တဝါ မတွေ့ပါဘူး သခင်လေး'

ယန်ရှောင်ဖေးက ပြန်ရောက်ရောက်ချင်း သတင်းပို့လိုက်သည်။

'မြင်းဆိုတာ သိပ်အသိဉာဏ်ရှိတဲ့ သတ္တဝါကွ၊ တစ်စုံတစ်ရာကို ခံစားရလို့သာ သူတို့လန့်ကြတာ၊ တစ်ခုခုတော့ တစ်ခုခုပဲ'

'ဂစ်'

'ဟော'

သူတို့စကားပြောနေစဉ်မှာပင် ငှက်ဆိုးထိုးသံတစ်သံကြားလိုက်ရသည်။ မြင်းများကလည်း ထိန်းသိမ်း၍မရအောင် ပိုမိုခုန်ပေါက်လာကြသည်။

'သခင်လေး ဟို ဟိုတစ္ဆေသရဲတွေများ ချောက်လှန့်နေသလား'

သူတို့အဖွဲ့ထဲမှ အသက်ခပ်ကြီးကြီး လူတစ်ယောက်က ဟန်ချိမင်းကို အော်ပြောလိုက်သည်။

'ကြံကြံဖန်ဖန်ဗျာ ဦးကြီးဟလဲ နေ့ခင်း ကြောင်တောင်တစ္ဆေသရဲက ချောက်ပါ့မလား၊ မဟုတ်နိုင်တာ'

ဟန်ချိမင်းက အော်ငေါက်လိုက်မှ ထိုသူက ပါးစပ်ပိတ်ကာ လူအုပ်ထဲသို့ဝင်သွားသည်။

သို့သော်လည်း သူကိုယ်တိုင်ကလည်း ကျောထဲမှ စိမ့်သလို ခံစားရသည်။

ဟန်ချိမင်းသည် သူ့နောက်လိုက် နောက်ပါများကြောင့် သူ့ခံစားနေသော ဝေဒနာကို ကျိတ်မှိတ်ခံစားလျက် အောင့်အည်းနေသည်။

'အား'

သူတို့လူစုထဲမှ လူတစ်ဦး၏ ထိတ်လန့်တကြား အော်သံကြားလိုက်ရသည်။ ဟန်ချိမင်းသည် လူအုပ်ကြားသို့ လှမ်းကြည့်ကာ အော်မေးလိုက်သည်။

'ဘာဖြစ်တာလဲဟေ့'

'ကျွန်တော် သိပ်ကြောက်တယ် ဆရာ၊ စိတ်ထဲမှာ ဟာတာတာကြီး ဘာကိုကြောက်မှန်း မသိဘူး၊ ကျွန်တော့်ဗိုက်ပေါက်ထွက်တော့မယ်လို့ စိတ်ထဲထင်နေတယ်'



'ဟေ့...မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း'

ဟန်ချိမင်းက အော်ဟစ်လိုက်သည်။ သို့သော် ထိုသူမှာ ပါးစပ်မပိတ်ဘဲ အော်ဟစ်ငိုယိုနေတော့သည်။

'ဟီး....ဟီး....ဟီး'

'အား'

'အမယ်လေး....ဟီး....ဟီး ဟီး....

'ဟာ...ဒီကောင်၊ ဟေ့.... အနားမှာရှိတဲ့ကောင်၊ အဲဒီကောင်ကို ဓားနဲ့ခုတ်သတ်လိုက်စမ်းကွာ'

ဟန်ချိမင်းသည် ရက်ရက်စက်စက် အမိန့် ပေးလိုက်လေသည်။ သူ့စိတ်ထဲမှာလည်း ကြောက်ရွံ့ကာ ဓားကို ဆွဲထုတ်လိုက်သည်။

မကြာမီ ဟန်ချိမင်းတို့အဖွဲ့သည် တစ်ဦးနှင့်တစ်ဦး ဓားများဖြင့် ခုတ်နေကြလေတော့၏။

'ချွမ်....ထန်း'

'အား'

'အိုး'

'ဟော....အချင်းချင်းတွေ မခုတ်ကြနဲ့လေ'

သို့သော် ဟန်ချိုမင်း၏ ဓားမြစ်ချွယ်ကို လက်မခံကြတော့ပေ။

တစ်ဖွဲ့တည်း အတူလာကြသူများ တောင်မိုင်းသခင်ကြီး၏ တပည့်များသည် တစ်ဦးနှင့်တစ်ဦး စိတ်မချ ဖြစ်လာကာ အသေအကြေ တိုက်ခိုက်နေကြလေပြီ။

ဟန်ချိုမင်းကိုယ်တိုင်ပင် အနီး၌ရှိသော ဝမ်ပူချင်းကို ဓား နှင့် ခုတ်ပိုင်းလိုက်၏။ ဝမ်ပူချင်းကလည်း သူ၏ဓားကိုဆွဲထုတ်ကာ ပြန်လည်ခုခံ တိုက်ခိုက်လေတော့သည်။

လူများအော်ဟစ်သံ၊ ဓားသံ မြင်းသံများ တစ်ခဏ အတွင်း ဆူဆူညံညံ ဖြစ်နေလေသည်။

ထိုအဖြစ်အပျက်ကို မက်မန်းပင်ပေါ်မှတက်သာ ကြည့်ရှုနေသော လူတစ်ဦးရှိ၏။ ထိုသူမှာ ယန်ရှောင်ဖေးပင် ဖြစ်သည်။

ယန်ရှောင်ဖေးသည် ကျားငါးကောင် အဖွဲ့နှင့် ကြိုတင် အဆက်အသွယ် ရရှိကာ ကျားမင်းအဆိပ်ဖြင့် လုပ်ကြံလိုက်ခြင်း ဖြစ်ပေသည်။

သူတို့လူစုထဲတွင် အဆိပ်ငွေ့ ပျံ့သွားသည်နှင့် စိတ်များ ချောက်ချားလာကာ အချင်းချင်း သတ်ဖြတ်မှုဖြစ်ပွားနေခြင်းပင်။



ထိုအဖြစ်အပျက် ဖြစ်ပွားနေစဉ်မှာပင် အဝတ်အစား စုတ်စုတ်ပြတ်ပြတ်ဝတ်လျက် နှာခေါင်းကို အဝတ်စမိတ်ထားသူ တစ်ဦးသည် စန်းရှဲပြည်နယ်ထဲသို့ ဒုန်းစိုင်း ပြေးဝင်သွားလေတော့သည်။

မြင်းဖြင့် ဒုန်းစိုင်းပြေးဝင်လာသူသည် စီးလာသောမြင်း၏ နှာခေါင်းကိုပါ အဝတ်စတစ်စဖြင့် မိတ်ကာ ထား လေ လေသည်။

....၁....

## အခန်း (၉)

'သိပ်နောက်ကျနေပြီ ဖေဖေ၊ ဖေဖေ့ ညည့်သည်က နေ့လယ်ဖိုင်း ရောက်မှာဆို'

ညည့်ခန်းတွင် ထိုင်လိုက်ထလိုက်ဖြင့် စိတ်ပူနေသော ဟန်စုစွန်းကို သမီးဖြစ်သူ ဟန်စုရင်က အိပ်ခန်းထဲမှ ထွက်လာကာ ပြောလိုက်၏။

'အေး.... ဖေဖေလဲ စိတ်ပူတယ်၊ တာမင်တန်ကလူတွေ သတင်းရလို့များ နန်းကုန်းဆက်ကို လမ်းက ဆီ ကြိုတိုက်ခိုက် လုယက်လိုက်ကြပြီလား မသိဘူး'

'ဒုက္ခပါပဲ ဖေဖေရယ်'

သားအဖနှစ်ယောက် စိတ်ပူကာ လူးလာခေါက်တုံ့ သွားနေဆဲမှာပင် မှောင်ရီသမ်းလာ၏။



စံအိမ်ရှိမီးအိမ်များကို ဟန်စုရင်က လိုက်၍ထွန်းညှိနေလိုက်သည်။

စံအိမ်ထဲတွင် မီးစတွန်းပြီးချိန်၌ ခြံဝမှ လူတစ်ယောက် စိုက်စိုက် စိုက်စိုက်ဖြင့် ဝင်လာသည်။

'ဟင်'

'ဘာလဲဖေဖေ၊ ဘာဖြစ်လို့လဲ'

'ဟိုမှာ လူတစ်ယောက် ဖေဖေတို့စံအိမ်ရှိရာကို လာနေတယ် သမီး၊ ဘယ်သူပါလိမ့်'

အဝတ်အစားများမှာ စုတ်ပြတ်လျက် အင်္ကျီလက်များမှာ ဖွာကြဲနေ၏။

မျက်နှာကို မြက်ဦးထုပ်ကြီး ခပ်ငိုက်ငိုက် ဆောင်းထားသည်။

အဝတ်အစား စုတ်ပြတ်နေသောသူသည် ဟန်ဝုစွန်းရပ်နေသော စံအိမ်တံခါးဝသို့ ဦး တည်လျှောက်လှမ်းလာနေသည်။

'ဟေ့....ဘယ်သူလဲ၊ ဘာကိစ္စရှိလို့လဲ'

ဟန်ဝုစွန်းက အော်ဟစ်မေးမြန်းလိုက်သည်။

'ကျုပ်ပါ'

'ဟင်…နန်းကုန်းဆက်ပါလား၊ ဘယ်လိုဖြစ်လာရတာလဲဗျာ'

ဟန်ဝိုစွန်းသည် သူ့မိတ်ဆွေ နန်းကုန်းဆက်မှန်း သိ၍ အောက်သို့ဆင်းကာ လက်တွဲခေါ်ဆောင်လာရသည်။

နန်းကုန်းဆက်သည် ကျေးရွာထဲမှ လှည့်လည်တောင်းစားနေရသူတစ်ဦး၏အသွင်မျိုး ဖြစ်နေသည်။

'ကျုပ်လာမယ့်သတင်းကို သူတို့ ကြို ရ ထား ကြ တယ်၊ ကျုပ်က လမ်းတစ်ဝက်အရောက်မှာ ကျုပ်ပြန်မယ့်လမ်းကိုလဲ ပိတ်ထားတယ်၊ ပြီးတော့ ကျုပ်ဝင်မယ့် ခရီးလမ်းဆုံကိုလဲ ကြိုပြီးစောင့်နေကြတယ်၊ အဲ့ဒါနဲ့ ကျုပ်ရုပ်ဖျက်လာရတာ'

'ဘာမှမဖြစ်လို့ တော်သေးတာပေါ့ဗျာ၊ ကျုပ်သားနဲ့ ကျုပ်အဖွဲ့တွေကြိုခိုင်းလိုက်တာ မတွေ့ခဲ့ဘူးပေါ့'

'ဟင်း'

ဟန်ဝိုစွန်း၏အမေးကို ရုတ်တရက် မဖြေနိုင်သေးဘဲ နန်းကုန်းဆက်က သက်ပြင်းချလိုက်သည်။

'ကိုကိုနဲ့ မတွေ့ခဲ့ဘူးလား ဘကြီး'



'အင်း တွေ့ခဲ့ပါတယ်ကွယ်၊ ပြောရမှာ စိတ်မကောင်းပါဘူး၊ သူတို့ကို ရန်သူတွေလက်ဦးသွားတယ်'

'ဘာ'

'ဘယ်လို'

နန်းကုန်းဆက်၏ စကားကြောင့် သားအဖ နှစ်ဦးစလုံး စိတ်ပူသွား၍ ထရပ်လိုက်ကြသည်။

'သူတို့ကို ရန်သူတွေက လက်ဦးသွားတယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျုပ်ကိုကာကွယ်ဖို့ စောင့်ကြိုနေတဲ့အဖွဲ့မှန်း သိလို့ စနံရဲ့ပြည်နယ်အဝင်အဝမှာ ရန်သူတွေက သူတို့ကို အဆိပ်ငွေ့နဲ့ တိုက်လိုက်တယ်'

'ဒါဆို ဟန်ချီမင်းကော'

'ကျုပ်အထင်တော့ အဲ့ဒီတစ်ဖွဲ့လုံး အချင်းချင်း ခုတ်သတ်ပြီး သေကုန်ကြပြီလို့ ထင့်တယ်၊ ကျုပ်တောင် နှာခေါင်းနဲ့ ပါးစပ်ကို အဆိပ်ငွေ့ လုံအောင်ပိတ်ပြီး ထွက်ပြေးလာရတာ'

'အင်း....သားလေးတော့ သွားရှာပြီပေါ့ကွယ်'

'ဟင့်... ဟင့်... အစ်ကိုဆုံးပြီ၊ အစ်ကို'

ဟန်စုရင်၏ငိုသံနှင့်အတူ ဟန်ဝိုစွန်းမှာလည်း ညည်းတွားသံမှာ စိတ်မချမ်းမြေ့စရာ ထွက်ပေါ်လာသည်။

နန်းကုန်းဆက်သည် သူဝတ်ဆင်ထားသော အင်္ကျီကြီးကို ဆွဲလိုက်၏။

'ဒီမှာ ဟန်ဝုစွန်း ခင်ဗျားကိုပြမလို့ ကျုပ် ရတနာပစ္စည်းတစ်မျိုး ယူလာတယ်၊ အဲဒါက အင်မတန် တန်ဖိုးကြီးတဲ့ ပစ္စည်းပါ၊ ခုတော့ ခင်ဗျားဆီမှာပဲထားခဲ့ပြီး ကျုပ်မြန်မြန် ပြန်တာကောင်းမယ် ထင်တယ်'

အထုပ်တစ်ခုကိုဖြေရင်း နန်းကုန်းဆက်က ပြော၏။

သူ၏ဝမ်းဗိုက်တွင် အိတ်တစ်လုံးဖြင့်ထည့်ကာ ဝှက်ယူလာသော ပစ္စည်းကိုထုတ်၍ စားပွဲပေါ်တင်လိုက်၏။

'ဟင်'

'တာ....ကျောက်စိမ်းပြားကြီးပါလား'

နဂါးအမောက်သဏ္ဍာန် ပြုလုပ်ထားသော ကျောက်စိမ်းပြားကို သားအဖနှစ်ယောက် တွေ့လိုက်ကြရသည်။

နဂါးအမောက် နေရာတွင် စိန်များစီထား၍ နဂါး၏ မျက်လုံးနှစ်လုံးမှာ အရည်အသွေးကောင်းလှသော ပတ္တမြားနှစ်လုံးကိုစီထားလေသည်။



ပတ္တမြားမှာ မီးခဲကဲ့သို့နီရဲနေ၍ မီးရောင်ဖြင့် တောက်ပနေသည်။

နဂါး၏ပါးစပ်နှင့် အစွယ်များကို ရွှေဖြင့် ကပ်ထား၏။ အရွယ်အစားမှာ ထမင်းစားပန်းကန်ပြားကို တစ်ဝက်ဖြတ်ဖြတ်ထားသည့် ပုံမျိုးဖြစ်သည်။

'ကဲ....ဒီပစ္စည်းဟာ တန်ဖိုး ဘယ်လောက် ရှိမယ်ဆိုတာတောင် မခန့်မှန်းနိုင်ပါဘူး၊ ကျုပ်က အမွေထိန်းသိမ်းထားတဲ့ ဝါစန်းဗိုကျားက လူတစ်ယောက်ဆီက ရွှေဒင်္ဂါးသုံးသောင်းပေးပြီးဝယ်ယူထားလိုက်တာ။ အဲဒီက စပြီးတော့ ကျုပ်မှာ ဂြိုဟ်ဆိုးဝင်တာပဲ၊ ကျုပ်ကိုရန်ရှာဖို့ စာတွေ ပေးပို့လာတာနဲ့ ခင်ဗျားဆီမှာ ခဏထားခဲ့မလို့၊ ကျုပ်လဲ တစ်နေရာကို သွားပြီး ပုန်းရှောင်နေရမှာပဲ၊ ဒီပစ္စည်းကိုတော့ ခင်ဗျား သေချာထိန်းသိမ်းထားပါဗျာ'

'စိတ်ချပါ၊ ကျုပ်အသက်ရှိသမျှတော့ ထိန်းသိမ်းထားပါ့မယ်'

နန်းကုန်းဆက်မှာ ကျွေးမွေး ဧည့်ခံထားသော အစားအစာများကိုပင် မစားသောက်နိုင်တော့ဘဲ ဟန်ဝုစွန်းထံမှ လယ်သမားတို့ဝတ်လေ့ရှိသည့် ဝတ်စုံတစ်စုံကို တောင်းယူလာကာ စံအိမ်ထဲမှ လှစ်ခနဲ ထွက်သွားလေတော့သည်။

စားပွဲပေါ်တွင် အဝတ်စနီဖြင့် ထည့်ထားသော နဂါးအမောက်ကျောက်စိမ်းပြားကို ထားခဲ့လေသည်။

ဟန်ဝုစွန်းတို့သည် သိတ္တိမိသားစုမှ ထွက်ခွာသွားသော ဟန်ချိမင်းဒီငှ့် သိုင်းသများ နှမြောတသရှိနေသည်ကတစ်ဖက် တန်ဘိုးကြီးမားလှသော နဂါးအမောက် ကျောက်စိမ်းပြားကြီးကိုကြည့်ကာ နောက်ဆက်ပေါ်လာမည့်အန္တရာယ်များကို စိုးရိမ်နေသည်ကတစ်ဖက်ကြောင့် တွေဝေငေးမောကာ ကျန်ရစ်ခဲ့ကြလေသည်။

'ဖေဖေ အဲ့ဒီကျောက်စိမ်းပြားကြီးကို ဘာလို့ လက်ခံထားရတာလဲ၊ အန္တရာယ်ကို ဖိတ်ခေါ်လာတဲ့ဟာကြီးပဲ'

'သမီးလေး...လောကကြီးမှာ ဒီလိုပြောလို့မရဘူး၊ လူအသက်တွေ ဘယ်လောက်ပဲသေသေတန်ဘိုးကြီးမားတဲ့ပစ္စည်းကိုယ့်လက်ထဲကို ရောက်လာဖို့ဟာမလွယ်ဘူး၊ သမီးလဲ အဖေလိုပဲ တန်ဘိုးထားပါ၊ အဖေတို့ဟာ ဒီနဂါးအမောက်ကျောက်စိမ်းပြားကို အသက်နဲ့လဲပြီး ကာကွယ် စောင့်ရှောက်ရမယ်'

'သမီးက အဖေ့အတွက် စိတ်ပူတာပါ၊ သမီးတို့ တစ်နေရာကို ရှောင်နေကြရင် ကောင်းမယ်ထင်တယ်'

'မနက်ဖြန်မနက်ကျရင်တော့ စီစဉ်တာပေါ့ သမီးရယ်ကဲ...လူတွေစားစားသောက်ဖို့ စီစဉ်ထားတဲ့ စားစရာတွေကို



ထမင်းချက်တွေခေါ်ပြီး အိမ်နံးချင်းတွေ ဝေခိုင်းလိုက်တော့၊ ဖေဖေလဲ ဒီပစ္စည်းကို သိမ်းလိုက်ဦးမယ်'

ဟန်စုံရှင်သည် ထမင်းချက်သောသူများနှင့်အတူ အိမ်မှ စားကောင်းသောက်ဖွယ်များကို အိုးများဖြင့်ထည့်ကာ အိမ်နီးချင်းများထံသို့ လိုက်ပို့နေသည်။

ဟန်စုရင်သည် သူတို့အိမ်နှင့် ခုနစ်အိမ်ခန့်ဝေးသော ခြံစင်းတစ်ခုထဲသို့ ရောက်ရှိနေစဉ်မှာပင် မြင်းစီးသမားများ သူဖခင်နေထိုင်ရာ ခြံတွင်းသို့ ဒုန်းစိုင်းဝင်သွား သည်ကို တွေ့လိုက်ရသည်။

ကမန်းကတန်းပြေးကာ အိမ်သို့ မြန်လာသော ဟန်စုံရှင်သည် ဧည့်ခန်း၌ သွေးအိုင်ထဲတွင် လဲနေသော ဟန်ဝုစွန်းကို တွေ့ရတော့၏။ နဂါးအမောက် ကျောက်စိမ်းပြားကိုလည်း မတွေ့ရတော့ပေ။

....o....

# အခန်း ( ၁၀ )

ဟန်စုရင်သည် စကားဆုံးသည်နှင့် သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီး သူမမျက်ဝန်းတွင် စိုစွတ်လာသော မျက်ရည် များကို လက်ဖြင့်သုတ်လိုက်၏။

လုရှောက်ဖုန့်သည် နဂါးအမောက် ကျောက်စိမ်းပြား ကြောင့် ဖခင်ရော အစ်ကိုပါ ဆုံးပါးသွားရရှာသော ဟန်စု ရင်အတွက် ကရုဏာသက်မိသွားသည်။

'နေပါဦး၊ ခုနပြောပြတဲ့အထဲမှာ ယန်ရှောင်ဖေ၊ ဟာ သစ္စာဖောက်ပြီး တာမင်တန်ကျွန်းက လူဆိုးတွေနဲ့ ဆက်သွယ် တယ်ဆိုတာ ဘယ်လိုလုပ်သိသလဲ'

ဟန်စုရင်က ရှိုက်သံတစ်ဝက်ဖြင့် စကားကို ဆက်ပြော သည်။



'ကျွန်မပြန်လာတော့ ကျွန်မအဖေဆုံးပြီးတော့ ကျောက် စိမ်းပြားအုပ်ထားတဲ့ ပဝါအနီစလေးကျန်ခဲ့တယ်၊ ပြီးတော့ ယန်ရှောင်ဖေးက စာတစ်စောင် ရေးထားခဲ့တယ်ရှင့်'

'ဘယ်လိုရေးထားခဲ့တာလဲ'

'ဟန်စုရင် မင်းမှာ အန္တရာယ်တွေ ဝိုင်းဝိုင်းလည်နေတယ်၊ ဒီတော့ မင်းငါ့ကိုလက်ထပ်ပါ၊ မင်းရဲ့ အသက်ဘေးအတွက် ငါတာဝန်ယူပါတယ်၊ တကယ်လို့ ငါပြောတာကို သဘောတူ ရင် စန်းရှဲပြည်နယ် အဝ်္ဂက မက်မန်းပင်ကြီးရဲ့အောက်ကို မနက်ဖြန်မနက် မိုးလင်းလင်းချင်း လာခဲ့ပါတဲ့'

'အဲ့ဒီတော့ မင်းက မလိုက်သွားဘူးလား'

လိုရှောက်ဖုန့်က ဟန်စုရင်၏မျက်နှာကို အကဲခတ်ရင်း မေး လိုက်သည်။

'ကျွန်မက သူ့ကို လက်မထပ်နိုင်ပါဘူး၊ ဒီစာကို ဖတ်ပြီး ကတည်းက အဖေ့ကိုသစ္စာဖောက်ပြီး ရန်သူတွေနဲ့ ပေါင်း သွားပြီဆိုတာ ကျွန်မသိပြီး တွက်ဆပြီးသားပါ၊ မိုဆိုးတာက သူတို့ဟာ ရုပ်ဖျက်ပြီး ပြန်သွားကြတဲ့ နန်းကုန်းဆက်ကို သတ် လိုက်ကြတယ်'

'ဟင်– တော်တော်ရက်စက်ပါလား'

'ဟုတ်တယ်...အစ်ကိုလှုံ့ရှောက်ဖုန်း၊ သူတို့ကလက်စဖျောက် တာလေ၊ အဲဒီလို အမေ့ဆီကို လာလည်တဲ့ သူဌေးကြီး နန်း ကုန်းဆက်ကို သူတို့က သတ်လိုက်ပြန်တာဟာ ကျွန်မအတွက် ပိုဆိုးသွားတာပေါ့'

'ဘာဖြစ်လို့လဲ'

'နန်းကုန်းဆက်ရဲ့ဆွေမျိုးတွေက ကျွန်မတို့ သားအဖဟာ သူဌေးကြီးနန်းကုန်းဆက်ဆီက နဂါးအမောက် ကျောက်စိမ်း ပြားကို လိုချင်လို့ ရက်ရက်စက်စက် သတ်လိုက်ကြတယ်လို့ ဟန် စိုစန်းဟာ သေဆုံးသွားတယ်၊ ဒီနဂါးအမောက် ကျောက် စိမ်းပြားကို ရရှိသွားသူဟာ ကျွန်မသာ ဖြစ်တယ်၊ ဒီတော့ ကျွန်မကို နန်းကုန်းဆက်ရဲ့ ဆွေမျိုးတွေက တွေ့ရာသင်္ချိုင်း ဓားမဆိုင်း သတ်မလို့ လိုက်ရှာတော့တာပေါ့'

ထိုင်ခုံမှီကာ လက်ကိုမှီက်၍ ဟန်စုရင်က ရှင်းပြသည်။ မိမိ ဘာမျှမလုပ်ရပါဘဲလျက်နှင့် တရားခံဖြစ်သွားရရှာသော ဟန် စုရင်မှာ အတော်ပင် စိတ်မချမ်းမသာ ဖြစ်သွားသောပုံပေါ် ပေါ်နေ၏။

လှုံ့ရှောက်ဖုန်းက သူ့ထိုင်ခုံမှထကာ ဟန်စုရင် ဘေးသို့ ပြောင်းရွှေ့ထိုင်လိုက်သည်။

'တစ်ခါတလေ လောကကြီးက ဒီလိုပါပဲ ညီမရယ်၊ ကိုယ်က ဘယ်လောက်ကောင်းကောင်းနေနေ ပတ်ဝန်းကျင်က



ကိုယ့်ကိုမကောင်းအောင် ဒုက္ခပေးတတ်တာပဲ၊ ဒီအခါမျိုးမှာ ကိုယ့်ရဲ့စိတ်ကို ခိုင်မာအောင်ထားပြီးတော့ အခက်အခဲပြဿနာ အမျိုးမျိုးကို ဖြေရှင်းတတ်ရတယ်'

လှုံ့ရှောက်ဖုန်း၏ အားပေးစကားကြောင့် ဟန်စုရင်၏မျက် လုံးများမှာ တဖျတ်ဖျတ် တောက်ပလာကြသည်၊

လှုံ့ရှောက်ဖုန်းဘက်သို့ ဟန်စုရင်က မျက်နှာကို ကြည့်လိုက် သည်။

လှုံ့ရှောက်ဖုန်းမှာ ယောကျ်ားပီသ၍ တည်ကြည် ခံ့ညား သော အသွင်ရှိသည်။

သိုင်းပညာလည်း ထက်မြက်သည်။ သူတစ်ပါးကိုလည်း ကူညီတတ်သည်။

ဟန်စုရင်သည် လှုံ့ရှောက်ဖုန်းကို အထင်ကြီး အားကိုးချင် သော စိတ်များဝင်လာလေသည်။

'ဒီလိုဆိုရင် အဲဒီကျောက်စိမ်းပြားဟာ တာမင်တန်ကျွန်း က လူတွေရဲ့လက်ထဲကို ပါသွားတာ သေချာတာပေါ့'

'သေချာတာပေါ့အစ်ကို၊ သူတို့အဖွဲ့ကို စုံစမ်းကြည့်တော့ ကျားလက်ဝါးဂိုဏ်းလို့ သိရတယ်၊ ကျားလက်ဝါးဂိုဏ်းဆိုတာ အင်မတန် ရက်စက်ကြမ်းတမ်းတဲ့ ဂိုဏ်းပါ'

'ကျွဲလက်ဝါးဂိုဏ်း ဟုတ်လား၊ ဒီဂိုဏ်းရဲ့နာမည်ကို အစ်ကို ကြားဖူးသလိုပဲ၊ ကြားဖူးတာတော့ ကြာပါပြီ'

လုရှောက်ဖုန်က မျက်ခုံးနှစ်ခုကို ရှုံ့၍ စဉ်းစားရင်း ရေရွတ်ပြောဆိုလိုက်သည်။

'အစ်ကိုမကြားဖူးပဲ ဘယ်နေမလဲ၊ ဒီဂိုဏ်းကို ဦးဆောင်နေတဲ့လူက သိုင်းလောကမှာ အင်မတန်နာမည်ကြီးတဲ့ ဗိုလ်ကြီး မင်းသား စီကျန်လင်းဆိုတဲ့ ထိပ်သီးသိုင်းဘမားကြီးပဲ'

'စီကျန်လင်းက ဘယ်သူဘယ်ဝါဆိုတာ သိဖို့တော့ သိပ်မလွယ်ဘူး၊ သူဟာ ရုပ်ပြောင်းရုပ်လွှဲ အမျိုးမျိုး လုပ်တတ်တယ်လို့ အစ်ကိုကြားဖူးတယ်၊ သိုင်းပညာ တော်သလောက် ကောက်ကျစ်စဉ်းလဲတဲ့ ရက်စက်တဲ့သူက တာမင်တန်ကျွန်းမှာ အင်အားအကြီးဆုံးလူတစ်ယောက်ပဲ'

သူတို့နှစ်ဦး စကားပြောနေစဉ် ညဉ့်နက်သည်ထက် နက်လာလေ၏။

လဆန်းရက်ဖြစ်သောကြောင့် လရောင်သည် ထိန်ထိန်သာနေ၏။ လုရှောက်ဖုန်က ပြတင်းပေါက်တံခါးကို ထဖွင့်လိုက်သည်။

'မင်း လေတိုက်ရင် ချမ်းတတ်သလား'



'ဟင့်အင်း.... ဒီလောက်လဲ မဟုတ်ပါဘူး၊ သာယာတဲ့ ရှုခင်းနဲ့ ပန်းရနံ့တွေကို ကျွန်မ အအေးခံတာထက်ပိုပြီး မက်မောတတ်ပါတယ်'

'ဒါဆိုရင်လဲ ကောင်းတာပေါ့၊ ဒီအချိန်မှာ စိတ်အေးချမ်းသာရှိတဲ့ လူတစ်ယောက်အတွက်ကတော့ သိပ်ပျော်စရာကောင်းတဲ့အချိန် ဖြစ်မှာပဲ၊ ညီမတို့ အစ်ကိုတို့က ပူပင်စရာတွေနဲ့ဆိုတော့ သာယာမှုကိုတောင် မခံစားနိုင်အောင်ပဲနေ၁'

ဟုန်စုချင်သည် သူမဆံပင်များကို ရှေ့သို့ချကာ ကိုယ်ကို လှည့်၍ ခေါင်းကိုမှီလိုက်သည်။

'ညီမ သေရမှာ မကြောက်ပါဘူး အစ်ကို၊ ဒါပေမယ့် လူလောကက ကိုယ့်ကို အကျင့်စာရိတ္တမကောင်းတဲ့ မိန်းကလေးတစ်ယောက်လို့ အမြစ်မြင်ခံပြီးတော့ မသေသွားချင်ဘူး။အခုဆိုရင် အဖြစ်မှန်ကို ဘယ်သူ့ကိုမှ ရှင်းပြလို့မရဘူး၊ အစ်ကိုလုရှောက်ဖုန့်တစ်ယောက်ကိုပဲ ရှင်းပြလို့ ရပါသေးတယ်'

'အင်းလေ....အမှန်တရားကို မသိခင်မှာတော့ အထင်လွဲခံရတတ်တာ ဓမ္မတာပါပဲ၊ တာမင်တန်ကျွန်းကို အစ်ကိုလဲသွားရမှာပဲ၊ညီမတို့ရဲ့ ကျောက်စိမ်းပြားကို အစ်ကိုပြန်ရအောင် ကူညီမယ်'

လုရှောက်ဖုန့်က ပန်းခြံထဲသို့ ငေးကြည့်ရင်း ပြောလိုက်သည်။

ဟန်စုံရှင်သည် မမျှော်လင့်ဘဲ ကြားရသော စကားကြောင့် လုံရှောက်ဖုန့်လက်များကို သူ့လက်ဖြင့် ဆုပ်ကိုင်လိုက်မိသည်။

'အစ်ကိုလိုရှောက်ဖုန့် အစ်ကို တကယ်ပြောတာလားဟင်'

'အစ်ကိုဟာ ဘယ်တော့မှ စကားကို လွယ်လွယ်မပြောတတ်ပါဘူး၊ ပြီးတော့ အစ်ကိုကိုယ်တိုင် သူတစ်ပါးရဲ့ မတရားအနိုင်ကျင့်မှုကို ရွံမုန်းတဲ့လူပဲ၊ ညီမရဲ့ကိစ္စကို အစ်ကို မသေမချင်း အသက်စွန့်ပြီး ဆောင်ရွက်မယ်၊ ဘာမှမပူနဲ့'

'ဝမ်းသာလိုက်တာ အစ်ကိုရယ်'

ဟန်စုံရှင်သည် လုံရှောက်ဖုန့်၏ လက်မောင်း တစ်ဖက်ကို ဆုပ်ကိုင်ထား၏။

လိုရှောက်ဖုန့်က ဟန်စုံရှင်၏လက်များကို အသာဖြေဖြုတ်ကာ သူ့ဘယ်ဘက်လက်ဖြင့် ဟန်စုံရှင်၏ပခုံးကို သိုင်းဖက်လိုက်လေသည်။

လိုရှောက်ဖုန့်သည် ဟန်စုံရှင်ကို နွေးထွေးစွာ ဖက်ထားလိုက်၏။

အပြင်ဘက်တွင် လရောင်ဖြင့် ပန်းပင်များမှာ လင်းလက်တောက်ပနေသည်။



ဟန်စုံရှင်က လိုရှောက်ဖုန့်၏ရင်ခွင်ထဲသို့ဝင်ကာ မျက်လုံးများကို မှိတ်ထားလိုက်သည်။

....၀....

## အခန်း (၁၁)

ဟန်စုရင် အိပ်မောကျနေချိန်တွင် လုရှောက်ဖုန့်သည် တိုးတိတ်သော အသံတစ်သံကြောင့် ဖျတ်ခနဲ အိပ်ရာမှ နိုးထလာသည်။

အသံက တိုးတိတ်လှပါသည်။ သို့သော် သူတို့ အိပ်ပျော်နေသော အိမ်ခေါင်မိုးတည့်တည့်မှ အသံဖြစ်၍ လုံရှောက်ဖုန့်သည် ဆတ်ခနဲ ထိုင်လိုက်သည်။

လုံရှောက်ဖုန့်၏ လှုပ်ရှားမှုကြောင့် ခေါင်မိုးပေါ်မှလူမှာ နေရာရွေ့သံ ကျယ်လောင်စွာ ကြားလိုက်ရသည်။

လုံရှောက်ဖုန့်သည် ပြတင်းတံခါးမှ ခုန်ထွက်ကာ အိမ်ခေါင်မိုးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။ ခပ်ဝေးဝေးသို့ ရောက်ရှိသွားသောလူ၏နောက်သို့ လုရှောက်ဖုန့်က တစ်ချိုးတည်း လိုက်လာခဲ့သည်။



ရှေ့မှလူက အိပ်ခေါင်မိုးတစ်ခုပြီးတစ်ခု ခုန်ကူးကာ ထွက်ပြေးသွားသည်။

'ဟင် - ဒီလူရဲ့ ကိုယ်ဖော့ပညာဟာ တော်တော့်အဆင့်မြင့်နေပါလား'

လုံရှောက်ဖုန့်သည် ရှေ့မှလူရိပ်၏ လျင်မြန်သော အဟုန်ကြောင့် ကိုယ်ဖော့ပညာကို မြှင့်တင်ကာ လိုက်ပါလာခဲ့သည်။

အိမ်ခေါင်မိုး တစ်ခုပေါ်သို့ ရောက်သောအခါ ပြေး၍ မလွတ်နိုင်မှန်းသိသောကြောင့် ရှေ့မှလူရိပ်က တုံ့ခနဲ ရပ်လိုက်၏။

ထို့နောက် ခါးမှဓားကိုဆွဲထုတ်ကာ လုံရှောက်ဖုန့်ကို ရင်ဆိုင်လိုက်သည်။

'မင်း ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါတို့ကို ရန်လာရှာရတာ

လူရိပ်က စကားတစ်ခွန်းမျှ မပြောဘဲ လုရှောက်ဖုန့်ကို ဆီးကြိုတိုက်ခိုက်သည်။

'ဟင်'

လျှပ်တစ်ပြက် လျင်မြန်လွန်းသော ဓားကွက်ကြောင့် လုရှောက်ဖုန့် အံ့အားသင့်သွားသည်။

သူသည် ထိုခေါးကွက်မျိုးကို ရင်ဆိုင် တိုက်ခိုက်ခဲ့ရဖူးသည်ဟု ထင်မှတ်နေသည်။

'ဟင်....မင်းဘယ်သူလဲ၊ မင်းရဲ့ ခေါးကွက်တွေကို ငါသိနေတယ်'

လူရုပ်က စကားတုံ့ ပြန်၍မပြောသေးဘဲ နဂါးပတ်ကြွယ်ရဲ့ သိုင်းကွက်ကို အသုံးပြုကာ လုရှောက်ဖုန့်ကို တိုက်ခိုက်လိုက်သည်။

လုရှောက်ဖုန့်က နဂါးပတ်ကြွယ်ရဲ့ သိုင်းကွက်ကို တုံ့ပြန်တိုက်ခိုက်သည်။

'မင်းရဲ့ သိုင်းကွက်တွေကို ငါသိနေပါတယ်ကွာ၊ ငါ့ကို ဟန်မဆောင်ပါနဲ့'

'ဟန်ဆောင်လို့လဲ မရပါဘူး၊ လုရှောက်ဖုန့်ကို ဘယ်သူက ကြာကြာလိမ်လို့ရမှာလဲ'

တစ်ဖက်လူ၏ အသံကြောင့် လုရှောက်ဖုန့် အံ့အားသင့်သွား၏။ ခုခံတိုက်ခိုက်နေသော သိုင်းကွက်ကိုလည်း ရုပ်သိမ်းကာ လုရှောက်ဖုန့်သည် သူ၏ခေါးကို ခါးအိတ်ထဲသို့ ပြန်လည်ရုပ်သိမ်းလိုက်သည်။



လုရှောက်ဖုန့်က ခုခံခြင်းကို ရပ်ဆိုင်းလိုက်သည်နှင့် တစ်ဖက်လူကလည်း သူ့ခေါးကို ခါးအိမ်ထဲသို့ ပြန်ထည့်လိုက်သည်ကို တွေ့ရသည်။

လုရှောက်ဖုန့်သည် လူရိပ်နှင့်နီးကပ်အောင် တိုးကပ်ကာ....

'မင်းဘယ်ကရောက်လာတာလဲ၊ မင်း သူခိုးစိဇ္ဇာကြွယ်ချွေဆက်တု၊ ဟော့ကောင် ဟုတ်တယ်မို့လား၊ မင်း သူခိုးစိဇ္ဇာ'

'ဟား....ဟား....ဟား... မြေခွေးကြီးကတော်တော်ဇိမ်ပျက်သွားသလား၊ မင်းဒုက္ခရောက်မှာစိုးလို့ ငါလာကယ်တာကွ'

လုရှောက်ဖုန့်၏ပခုံးကိုပုတ်ရင်းသူခိုးစိဇ္ဇာကြွယ်ချွေဆက်တုက ပြောသည်။

'အေး....မင်းအခြေအနေမှန်ကို သိအောင်တော့ ရှင်းပြရသေးတာပေါ့ကွာ'

'ကဲ....ဆိုစမ်းပါဦး'

လုရှောက်ဖုန့်က မေးလိုက်သည်။ သူခိုးစိဇ္ဇာ ဆက်တုက လုရှောက်ဖုန့်အား အကဲခတ်ကြည့်လိုက်သည်။

'မင်းရဲ့အခြေအနေကို ငါသိပါတယ်ကွာ၊ လုရှောက်ဖုန့် မင်းကိုယ်မင်း အင့်မတန်လည်တဲ့ လူတစ်ယောက်အဖြစ် သိုင်းလောကမှာ ကျင်လည်နေတာ ဒီတစ်ခါတော့ ခံရပြီ'

'ဟာကွာ အလွန်သနားစရာကောင်းတဲ့ ကောင်မလေးပါ၊ ဘာအပြစ်မှမရှိဘဲ ရန်သူတွေ စိုင်းစိုင်းလည်နေတဲ့ ဘဝကို ရောက်နေတဲ့ ကောင်မလေးပါ၊ ဟန်စုရင်တဲ့၊ တောင်ပိုင်းသခင်ကြီး ဟန်ဝုစွန်းရဲ့သမီးပါ'

လုရှောက်ဖုန့်ရှင်းပြသော စကားကြောင့် ဆက်တုက အော်ရယ်လိုက်သည်။

ဆက်တု၏ရယ်မောသံကြောင့် လုရှောက်ဖုန့်မှာ ဇဝေဇဝါ ဖြစ်သွားသည်။ နှစ်ဦးသား အိမ်ခေါင်မိုးပေါ်မှ လွှားခနဲခုန်ဆင်းလိုက်သည်။

လရောင်က ပတ်ဝန်းကျင်ကို ထင်ထင်လင်းလင်း ဖြစ်လာစေသည်။ သူတို့သည် လမ်းမပေါ်သို့ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်ရှိရာသို့ ဦးတည်သွားကြ၏။

သစ်ကြားပင်ကြီး၏ မြစ်ဆုံဓာစ်နပေါ်တွင် နှစ်ဦးသား ဆိုင်လိုက်ကြသည်။

'မြွေခပွး ခါးပိုက်ပိုက်တယ်ဆိုတာ မင်းလိုကောင်မျိုးပဲ့ လုရှောက်ဖုန့်၊ မင်းကတော့ သနားစရာလေးလို့ ထင်နေတယ်၊ သူက မင်းကို အသုံးချဖို့ စည်းရုံးနေတာကွ'

'ဟေ....ဘယ်လိုအသုံးချဖို့လဲ'

လုရှောက်ဖုန့်က နားမရှင်းဟန်ဖြင့် ပြန်မေးသည်။



'တော်တော်ခက်တဲ့ကောင်ပဲ့၊ ဒီကောင်မလေးက လည်တယ်ကွ၊ နဂါးအမောက် ကျောက်စိမ်းပြားက သူ့ဟာမှမဟုတ်ဘဲ'

'အေးလေ–ဒါတော့ ငါလဲ သိတာပါပဲ့၊ ဒါပေမယ့် ဒီကျောက်စိမ်းပြားကြောင့် ဘဝပျက်ခဲ့ရတာကွ၊ သူ့အဖေရော အစ်ကိုရောသာမက သူတို့တစ်ဖွဲ့လုံး အသက်ဆုံးရှုံးရတာ'

ဆက်တုက လုရှောက်ဖုန့်၏ စကားကြောင့် တစ်ခဏငြိမ်သက်သွားသည်။ လုရှောက်ဖုန့်က ဆက်တု သူ့စကားကို လက်ခံပြီဟု ထင်မှတ်သွားသည်။

'သူဌေးကြီးနန်းကုန်းဆက်ကို သူတို့သတ်လိုက်ကြတယ် ဆိုပြီးတော့ သူဌေးရဲ့ ဆွေမျိုးသားချင်းတွေကလဲ သူတို့ကိုသတ်ဖို့ ရှာနေတယ်။ အဲ့.... ကျောက်စိမ်းပြားကိုရသွားတဲ့ ကျားလက်ဝါးဂိုဏ်းကလဲ သူတို့ရဲ့ကျောက်စိမ်းပြားနဲ့ ပတ်သက်တာလူမသိအောင် နှုတ်ပိတ်ချင်ကြတယ်၊ ပြီးတော့ သူကလဲ တာမင်တန်ကျွန်းကို သွားမှဖြစ်မှာ၊ ငါကလဲ တာမင်တန်ကျွန်းကို မသွားလို့ မဖြစ်ဘူး'

'နေပါဦး၊ မင်းကဲ တာမင်တန်ကျွန်းကို ဘာဖြစ်လို့သွားရမှာလဲ'

ဆက်တုက နားမလည်ဟန်ဖြင့် ပြန်မေးလိုက်လေသည်။ ဆက်တုသည် စုံယုံယုံတို့ တာမင်တန်ကျွန်းမှလူများ ဖမ်းဆီး ခေါ်ဆောင်သွားသည်ကို မသိသေးပေ။

လုရှောက်ဖုန့်က စိတ်ချမ်းမြေ့စရာတည်းခိုခန်းမှစ၍ စုံယုံယုံတို့ သဘောဖြင့်ခေါ်ခြင်း ခံရပုံကိုရှင်းလင်းပြောပြလေသည်။

'ဩော်... လုံရှောက်ဖုန့်ကိုတောင် အနှောင့်အယှက်ပေးနိုင်တဲ့လူတွေ ပေါ်နေပြီကိုး'

'အေးကွာ... ငါလဲ သူတို့နောက် မလိုက်ရင်မဖြစ်ဘူး၊ စုံယုံယုံတို့ကို ဖမ်းဆီးသွားတဲ့ လူတွေနောက်ကိုတော့ လိုက်မှဖြစ်မယ်၊ မင်းပါရင် ပိုကောင်းတာပေါ့'

'မင်းက ငါ့ကို သဖော့ညှိနေပြန်ပြီ'

ဆက်တုက စိတ်ပျက်သံဖြင့် ပြောလိုက်၏။

'ဘာလဲ... မင်းက မလိုက်ဘူးလား'

'မင်း ငါ့စကားနားထောင်ရင် လိုက်မယ်'

'ဘယ်လို နားထောင်ရမှာလဲ'

'မင်း အဲ့ဒီ ဟန်စုရှင်ဆိုတဲ့ ကောင်မလေးဆီ ပြန်မသွားနဲ့ တော့၊ ငါတို့ လှေကြီးတစ်စင်းကို ရှာငှားရမယ်၊ ပြီးတော့



လှေထိုးသားတွေနဲ့ လမ်းပြတွေပါ ရှာရမှာကွ၊ ဒီလောက် သေမင်းတမန်ကျွန်းမျိုးကို မင်း မျက်ကန်းတစ္ဆေမကြောက် ရှင်သွားလို့မဖြစ်ပါဘူး'

'ဟာကွာ ငါ သူ့ဆီကို ပြန်မသွားလို့တော့ မဖြစ်ဘူး၊ သူ့ကို ငါကတိပေးပြီးပြီကွ'

ဆက်တု စိတ်ပျက်စွာ ခေါင်းခါလိုက်ပြန်လေသည်။

'လုံရှောက်ဖုန့်၊ မင်းက မိန်းမတွေကို ဘယ်တုန်းက ဂရုစိုက်ဖူးလို့လဲကွာ၊ ငါ မင်းကောင်မလေးကို မယုံဘူး၊ သူပြောပြတာတွေလဲ ဟုတ်ချင်မှဟုတ်မယ်၊ ငါသိသလောက်တော့ သူဟာ မင်းကို လုပ်ဇာတ်ဆင်ပြီး ပြောတဲ့စကားတွေ၊ တကယ်လို့ နဂါးအမောက် ကျောက်စိမ်းပြားဟာ သူ့လက်ထဲရောက်ရင် မင်းကို တစ်နည်းနည်းနဲ့သတ်မှာ သေချာတယ်'

ဆက်တု၏ ဇွတ်တရွတ်စကားကို လုရှောက်ဖုန့်က လက်ခံပေ။ ဟန်စုရှင်သည် သူ့အား အမှန်အတိုင်း ပြောပြနေသည်ဟု ယုံကြည်နေ၏။

'မဖြစ်နိုင်ပါဘူး ဆက်တုရာ၊ တစ်ခါတစ်ခါ မင်းရဲ့အတွေးခေါ်တွေက အစိုးရိမ်လွန်တတ်တာ ငါသိပါတယ်၊ လာခဲ့ကွာ၊ သူ့ကိုလဲ စကားပြောကြည့်ပါဦး၊ သူကလဲ တာမင်တန်ကျွန်းကိုသွားဖို့ တစ်နည်းတစ်ဖုံ ကူညီမှာပါကွာ'

လုရှောက်ဖုန့်က ဟန်စုရင်ကို ခဲ့၍မထားခဲ့လိုသဖြင့် ဆက်လက်၍ ပြောင်းဖျသည်။ ဆက်တုက လုရှောက်ဖုန့်၏စကားကို လက်သင့်မခံပါ။

'မဖြစ်ဘူးကွာ၊ အဲဒီကောင်မလေးကိုပါ ခေါ်မယ်ဆိုရင် ငါမလိုက်ဘူး'

'မလိုက်ချင်နေကွာ ငါတော့ သူ့ကို ကတိပေးထားပြီးပြီ သွားပြီခေါ်မှ ဖြစ်မယ်'

လုရှောက်ဖုန့်က ရုတ်တရက် ထရပ်ကာ လှေရှေးယမ်းသို့ ချာခနဲလှည့်ထွက်သွားတော့၏။

'ဟာ ဟေ့ကောင် လုရှောက်ဖုန့် နေပါဦးကွ'

သစ်မြစ်ပေါ်မှ ဆက်တုက ခုန်ချကာ လုရှောက်ဖုန့်ရှေ့မှ ပိတ်ရပ်လိုက်၏။

'မင်း ဒီတစ်ခါတော့ ငါ့စကားကို နားထောင်စမ်းပါ၊ လုရှောက်ဖုန့်ရာ၊ မင်းအတွက် ငါပြောတာပါ၊ ဟန်စုရင်ကို သံယောဇဉ်ဖြတ်လိုက်'

'ဟေ့ကောင် ဆက်တု၊ မင်း ငါ့လမ်းကို ပိတ်မထားနဲ့၊ မင်းမလိုက်ချင်ရင်နေ၊ ဖယ်စမ်းကွာ'

'မဖယ်ဘူးကွာ'



လုရှောက်ဖုန့်က လမ်းဖယ်ခိုင်းသည်ကို သူခိုးဗိုလ်ဇွာကြယ်ချေ ဆက်တုက လမ်းမဖယ်ပေးသေးချေ။

'မြွေခွေးကြီး သိပ်စိတ်မလောပါနဲ့ကွာ၊ မင်း ဟန်စုရင်ကို ခေါ်ချင်ရင်လဲ နောက်နေ့မှခေါ်ပါ၊ ဒီနေ့တော့ ငါနဲ့ လိုက်ခဲ့ပါ'

'မလိုက်ဘူးကွာ၊ သူ့ကိုပါ တစ်ပါတည်း ခေါ်ခဲ့မယ်'

'ဒါဆိုရင်တော့ ငါ လမ်းဖယ်မပေးနိုင်ဘူး'

ဆက်တုက ခါးထောက်ရပ်ကာ ပြောလိုက်လေသည်။ လုရှောက်ဖုန့်သည် သူ့ဆုံးဖြတ်ထားသော ကိစ္စတစ်ခုကို ဆက်တုက အနှောင့်အယှက်ပေးနေသည်ကို ဆက်၍ သည်းမခံနိုင်တော့ပေ။

'ဟေ့ကောင် ဆက်တု၊ သူခိုးဗိုလ်ဇွာကြီး ငါ့ကိုနားလည်စမ်းပါကွာ၊ မင်း ငါ့ကို တားလို့ရမယ်ထင်သလား'

'ဒီတစ်ခါတော့ ငါ ဇွတ်အတင်းတားရမှာပဲ၊ မင်းလုပ်ချင်တာလုပ်'

ဆက်တုံမှာ လုံးဝလော်းဖယ်ပေးမည့်ပုံ မပေါ်သဖြင့် လို
ရှောက်ဖုန့် မကျေမနပ်ဖြစ်သွားသည်။

'ဩော်... လူရှောက်ဖုန့် ဘာမဟုတ်တဲ့ မိန်းကလေး တစ်
ယောက်အတွက်နဲ့ မင်းဟာသူငယ်ချင်းတစ်ယောက်ကိုတော
သတ်ဖို့ စိတ်ကူးပြီပေါ့'

'မင်းထင်ချင်သလိုထင်ကွာ'

လူရှောက်ဖုန့်သည် သူ့ပြန်လမ်းကို ပိတ်ဆို့ထားသော
ကြယ်ချွေဆက်တုကို သူ့ဓားဖြင့် စတင်တိုက်ခိုက်တော့သည်

ဆက်တုသည် နေ့ရာမရွေ့ပေးပေ။ လုံရှောက်ဖုန့်၏ ဓား
သည် ကြယ်ချွေဆက်တု၏ ကိုယ်ပေါ်သို့ စလွယ်သိုင်းကျလာ
သည်။

'ဟင်....ဒီကောင် ဘာမှပြန်မလုပ်ပါလား'

ဓားကိုခုတ်ပိုင်းလိုက်သည်အထိ ဆက်တုသည် မျက်လုံးကို
စုံမှိတ်ကာ ငြိမ်နေသည်။

အားရှိန်ပြင်းထန်စွာဖြင့် ခုတ်မိုင်းချလိုက်သော ဓားသည်
ဆက်တု၏ဇက်ပေါ်တွင် ထိလုနီး ဆံခြည် တစ်မျှင်စာလော
အကွာတွင် ရပ်တန့်သွား၏။



'ဟား....ဟား....ဟား သတ်လိုက်လေကွာ၊ မင်း ငါ့ကို
သတ်လိုက်ပါ၊ မင်းအတွက် တစ်သက်လုံး နောင်တရမဆုံးဖြစ်
သွားမယ်'

ဆက်တုက မတုန်မလှုပ်သော အသွင်ဖြင့် လုံရှောက်ဖုန့်၏
ဓားအောက်မှ တဟားဟား အော်ဟစ်ရယ်မောနေသည်။

လုံရှောက်ဖုန့် စဉ်းစားရခက်ပြီ။ သူသည် သူငယ်ချင်း တစ်
ဦးကို ရက်စက်စွာသတ်လိုသောစိတ် မရှိပါပေ။

လုံရှောက်ဖုန့်သည် ဓားကို ဓားအိမ်ရှိထဲ ပြန်ထည့်လိုက်
သည်။ သူသည် နဖူး ပေါ်မှ ချွေးစေးများကို လက်ခုံနှင့်သုတ်
ပြီးနောက် ထိုလက်နှင့်ပင် ဆက်တုကို ရိုက်ဖယ်လိုက်လေတော့
သည်။

'ဖောင်း'

'အား'

ဆက်တုသည် မထင်မှတ်ဘဲ ဘေးသို့ ရိုက်ထုတ် ဖယ်ရှား
ခိုက်၍ ကိုယ်တစောင်း လဲကျသွားသည်။

လုံရှောက်ဖုန့်သည် ထိုအခွင့်အရေးကို လက်လွတ် မခံဘဲ
ဟန်စုံရှင်ရှိရာ တည်းခိုခန်းသို့ လှစ်ခနဲ ပြေးထွက်ခဲ့ရလေတော့
သည်။

ကြယ်ချွေဆက်တုမှာ အံ့အားသင့်သွား၏။ လုရှောက်ဖုန့်အား ထိုမိန်းကလေးက တော်တော် ညှို့ထားနိုင်ပါလားဟု သဘောပေါက်လိုက်သည်။

....ပ....

## [redacted]ခန်း (၁၁)

လိုရှောက်ဖုန့်သည် တည်းခိုခန်းရှိရာသို့ ဦးတည်လာကာ သူခုန်ထွက်လာသော ပြတင်းပေါက်မှ တည်းခိုခန်းဆဲသို့ ခုန်ဝင်လိုက်၏။

ပြတင်းပေါက်မှ သူခုန်ထွက်လာစဥ်ကအတိုင်း တံခါးရွက်များက ဖွင့်ဟလျက်ရှိသည်။

ညှော်ခန်းတွင်းရှိ သူတို့ညဥ့်ဦးပိုင်းက စားသောက်ခဲ့သော ပန်းကန်ပြားနှင့် အရက်များမှာ နေရာမပျက်ဗင်ရှိ၏။

လိုရှောက်ဖုန့် ပြုံးလိုက်သည်။

'ဟင်'

ထိုသတ္တဝါမှာ ဟန်စုံရင်၏ ခေါင်းအုံးပေါ်တွင် တရှုရှုသွားနေသည်။

အလွန်အဆိပ်ပြင်းသောကင်းမြီးကောက်အမျိုးတစ်ကောင်၊ ကင်းမြီးကောက်အမျိုးများသည် မြွေဆိပ်ထက်ပြင်း၍ အကိုက်ခံရပါက ဖြေဆေးမရှိဟု ကြားဖူးသည်။

'တော်ပါသေးရဲ့၊ ငါသာ ဒီထက်အချိန်ကြာကြာနေလိုက်ရင်တော့ ကိစ္စပြတ်ပြီ'

လုရှောက်ဖုန့် ထိတ်လန့်စွာ တစ်ကိုယ်တည်း တွေးတောနေသည်။ အခန်းပတ်ပတ်လည်ကို လုံရှောက်ဖုန့် မျက်လုံးကစားလိုက်သည်။

အခန်းထဲမှပစ္စည်းများက နေရာရွှေ့ပြောင်းမှုမရှိပါ။ လုံရှောက်ဖုန့်မှာ အစဉ်းစားရခက်သွား၏။

သို့သော် ဟန်စုရင်၏ မျက်နှာဖုံးပဝါလေးနှင့် အပေါ်တွင် ဝတ်ထားသော ဝတ်ရုံဖြူကြီးက နံရံတွင် ချိတ်ဆွဲလျက်ရှိသည်။

ဟန်စုရင်ကို တစ်စုံတစ်ယောက်က ဖမ်းဆီးသွားခြင်း ဖြစ်ပေလိမ့်မည်။

လုံရှောက်ဖုန့်သည် အိပ်ရာပေါ်မှလူးလွန့်နေသောသတ္တဝါကို ရိုက်သတ်ပစ်လိုက်ရတော့၏။

'မင်းကို ငါမသတ်ရင် မင်းက ငါ့ကိုသတ်မှာပဲ'



လုံရှောက်ဖုန့် ခုတင် ပတ်ပတ်လည်တွင် ရှိသော ပစ္စည်းပစ္စယများကို ဂရုတစိုက်ကြည့်ရှုလိုက်သည်။

'ဟာင်'

လုံရှောက်ဖုန့်မှာ ခုတင်ခြေရင်းရှိ ဆံနွယ်စုလေးတစ်ခုသ တွေ့ရ၍ ကောက်ယူကြည့်လိုက်သည်။

ဤဆံနွယ်စုလေးမှာ ဟန်စုရင်က လည်ပင်းပေါ်သို့ချ၍ထားတတ်သော ဆံနွယ်စုပင်ဖြစ်၏။

သုံးလက်မလောက် တိတိရိရိပြတ်နေသည်ကို တွေ့ရခြင်းဖြင့် ဟန်စုရင်သည် ရန်သူတစ်ဦး၏ တိုက်ခိုက် ဖမ်းဆီးခြင်းကို ခံလိုက်ရပုံပေါ်သည်။

ဟန်စုရင်ကို အနိုင်တိုက်ခိုက်ကာ ရန်သူက ဖမ်းဆီးခေါ်ဆောင်သွားခြင်းပင် ဖြစ်ပေလိမ့်မည်။ ဆံနွယ်ပြတ်ကလေးကို ဆုပ်ကိုင်ကာ လုံရှောက်ဖုန့် စဉ်းစားနေသည်။ ဟန်စုရင်ကို မည်သည့်ရန်သူက ဖမ်းဆီးသွားလေသနည်း။

ဟန်စုရင်မှာ နဂါးအမောက် ကျောက်စိမ်းပြားအား လုယက်ခံရသည့် ဘူဖွေ့ကြီးနန်းကျုန်းဆက်၏ ဆွေမျိုးများပင် ဖမ်းဆီးသွားခြင်း ခံရလေသလော။

သို့မဟုတ် နဂါးအမောက် ကျောက်စိမ်းပြားကို ရရှိထားသည့် ကျားလက်ဝါးဂိုဏ်းကပင် နှုတ်ပိတ်ရန် ခေါ်ဆောင်သွားပြီလော။

စဉ်းစားရခက်လှသည်။ လုရှောက်ဖုန့်သည် ဟန်စုရင်၏ ဘဝကိုစာနာသနားသောကြောင့် နဂါးအမောက် ကျောက်စိမ်းပြားကို ပြန်လည်ရရှိအောင် ဆောင်ရွက်ပြီး ဟန်စုရင်၏ ဂိုဏ်းသိက္ခာကို အဖတ်ဆယ်ပေးရန် ရည်ရွယ်ခဲ့သည်။

စင်စစ် သူသာ ဟန်စုရင်နှင့် အတူရှိနေပါက ဟန်စုရင်ကို ဖမ်းဆီးခေါ်ဆောင်သွားနိုင်လိမ့်မည် မဟုတ်ပေ။ ကြယ်ခွေ့ ဆက်တုနောက်သို့ လိုက်နေစဉ် ဟန်စုရင်မှာ ရန်သူ၏လက်ဦးမှုကို ခံလိုက်ရခြင်းပင် ဖြစ်ပေသည်။

လုရှောက်ဖုန့် ကဟန်စုရင်၏ ဆံပြတ်ကလေးကို ဆုပ်ကိုင် နေရာမှထ၍ ဧည့်ခန်းသို့ထွက်လိုက်၏။

'ဟင်'

ဧည့်ခန်းပြတင်းပေါက် ဘောင်ပေါ်တွင် အပြင်ဘက်သို့ လှည့်ကာ ထိုင်နေသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။

လုရှောက်ဖုန့် ခြေလှမ်းတုံ့ခနဲ ဖြစ်သွားသည်။ သူသည် နောက်မှ လက်ဝါးဖြင့် ရိုက်ချရန် ရည်ရွယ်လိုက်သည့် အချိန်



မှာပင် ပြတင်းပေါက်ဘောင်ပေါ်တွင် ထိုင်နေသူက မျက်နှာ လှည့်လိုက်၏။

'ဟင်... သူခိုးဝိဇ္ဇာဆက်တု'

'ဟုတ်တယ် မြေခွေးကြီး၊ ဘာလဲ ဟိုကောင်မလေးမရှိတော့ဘူး မဟုတ်လား'

ပြတင်းပေါက်ဘောင်ပေါ်မှ မဆင်းသေးဘဲ ဆက်တုက လုရှောက်ဖုန့်ကို မေးလိုက်သည်။

'အေး... ဟုတ်တယ်၊ အပြင်ဘက်ကို ထွက်သွားတာ မင်း တွေ့လိုက်သလား'

'တွေ့တော့ တွေ့လိုက်တယ်၊ ဒါပေမယ့် ဝင်ကယ်ဖို့တော့ မလွယ်ဘူးကွ'

'ဟေ့ ဘယ်သူတွေက သူ့ကို ဖမ်းသွားလို့လဲ'

'သူ့ကိုဖမ်းသွားတာ ကင်းမြီးကောက်ဖြူအဖွဲ့ကလေ၊ စုရဲ့လျှိုဆိုတာ မင်းသိတယ်မို့လား၊ ကင်းမြီးကောက်ဖြူဂိုဏ်း ကပေါ့ကွ'

'ဟင်'

ဆက်တုပြောသောစကား ဖြစ်နိုင်သည်ဟု လုရှောက်ဖုန့်က ယူဆလိုက်သည်။ သူ့မေ့ရာပေါ်တွင် ကင်းမြီးကောက်ဖြူ တစ်ကောင် ထားပစ်ခဲ့သည် မဟုတ်ပါလား'

'အေးကွာ....ဒီကောင်မလေးက ငါ့ရဲ့အသက်သခင်ကွ၊ ထန်ချူရင်းတို့လက်ထဲက ကယ်ခဲ့တာ၊ သူ့ကျေးဇူး ငါ့မှာရှိတယ်၊ ကင်းမြီးကောက်ဖြူအဖွဲ့လက်ကတော့ မရရအောင် ပြန်ဆယ်ရမှာပဲ'

ဆက်တုက လုရှောက်ဖုန့်စကားကို မကြားချင်ဟန်ဆောင်နေသည်။

'ဟေ့ကောင် သူခိုးစီဇ္ဇာကြီး၊ ဘယ်လိုလဲ.... မင်း ငါ့ကောင်မလေးကို ကင်းမြီးကောက်ဖြူအဖွဲ့က ပြန်ခိုးပေးနိုင်မလား'

လုရှောက်ဖုန့်က ခိုးစုက်ရာတွင် တစ်ချိန်က သူမတူအောင် ကျွမ်းကျင်လှသော သူခိုးစီဇ္ဇာကြယ်ချေဆက်တုကို ပြောလိုက်၏။

'အင်း....ဒီကိစ္စက ငါတစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူးကွ၊ မြေခွေးကြီးရ'

ဆက်တုက ပြတင်းပေါက်ဘောင်ပေါ်မှ ခုန်ချလာရင်း လုရှောက်ဖုန့်ကို ပြောလိုက်သည်။ လုရှောက်ဖုန့်က သူ့အပေါ်



တွင် ဆက်တုက စျေးကိုင်နေသည်ဟု ထင်မှတ်သွားရလေတော့သည်။

'ငါလဲ ပါမှာပေါ့ကွာ၊ ဒါက ငါ့ကိစ္စပဲ'

လုရှောက်ဖုန့်က ဆက်တု၏မျက်နှာကို အကဲခတ်ရင်း ပြောလိုက်သည်။

'မင်းပါလို့လဲ ဘယ်လိုမှ အထောက်အကူ မဖြစ်ဘူးကွ'

လုရှောက်ဖုန့်က ဆက်တု၏ စကားကြောင့် မျက်နှာပျက်သွားသည်။ အစားတူပေါင်းဘင်း ဆက်ဆံလာသည့်လူချင်း သူ့အပေါ်တွင် ဆက်တုက တစ်မျိုးခွဲခြား ဆက်ဆံသည်ဟု ထင်မှတ်လိုက်မိသည်။

'ဘာလဲ ဆယ်လဲ၊ မင်းမကူချင်ရင် နေပါကွာ၊ ဟန်စုရှင်ကို ငါ့ဘာသာ မတွေ့တွေ့အောင်ရှာပြီး ကယ်မယ်'

'မဖြစ်နိုင်ဘူး လုရှောက်ဖုန့်၊ မိန်းကလေးတစ်ဦးအတွက်နဲ့ မင်းရဲ့သိုင်းပညာတွေဟာ ဆုံးရှုံးသွားရင် နှမြောစရာပါကွာ၊ ငါဟာ သူခိုးစီဇ္ဇာတစ်ယောက်ဆိုတာ မင်းသိပါတယ်။ အခု ကင်းမြီးကောက်အဖွဲ့ဂိုဏ်းကို ခိုးဝင်ရမယ့်ကိစ္စကျတော့ တစ်မျိုးကွ၊ မင်းနားလည်ပါတယ်၊ မင်းရဲ့သိုင်းပညာနဲ့ ဖြေရှင်းရမယ့် ကိစ္စမျိုးမှာ ငါဘယ်တုန်းက ဝင်ရှုပ်ဖူးလို့လဲ'

သူတို့နှစ်ဦး စကားပြော၍မပြီးမီပင် မိုးသောက်ရောင်နီ ပေါ်ထွက်လာသည်။

လုံခြုံရောက်ဖွန့်သည် ငြင်းဆိုမှုရတော့သည့် နောက်ဆုံး၌ ဆက်တုပေးသော အကြံကိုပင် လက်ခံလိုက်ရတော့သည်။ ဆက်တုက လုံကျင်းအရက်ဆိုင်တွင် လူတစ်ဦးကို သွားရောက်ရှာဖွေမည်ဟု ဆို၏။

....ဝ....

# အခန်း (၁၃)

ဤနယ်တစ်စိုက်တွင် လုံကျင်းအရက်ဆိုင်သည် သတင်းရှိသော အရပ်ဒေသဟုဆိုနိုင်၏။ လုံကျင်းအရက်ဆိုင်သို့ သာမန်လူများ သောက်လေ့မရှိပါ။

သိုင်းလောကမှ ထိပ်သီးများ လုံကျင်းအရက်ဆိုင်သို့ လာရောက် သောက်သုံးလေ့ရှိသည်။

အရက်နှင့်စားစရာများရောင်းသူ ယိပင်းကိုယ်တိုင်ကလည်း ထိပ်သီးသိုင်းသမားတစ်ဦးပင် ဖြစ်၏။

ထို့ကြောင့် လုံကျင်းအရက်ဆိုင်သည် နာမည်ကြီးသော အရက်ဆိုင်တစ်ဆိုင်ဟု ဆိုရပေမည်။

လုံကျင်း၏အရက်ဆိုင်တွင် မကြာခဏ တိုက်ပွဲဖြစ်ပွားတတ်ပါသည်။

ထိုသို့ တိုက်ပွဲဖြစ်ပွားခြင်းသည်ပင် လုံကျင်း အရက်ဆိုင်၏ ယဉ်ကျေးမှုတစ်ရပ်ဟု ယူဆကြသည်။

သို့သော် တိုက်ပွဲ ဖြစ်ပွားခြင်းကြောင့် မည်သည့်အခါမျှ လုံကျင်းအရက်ဆိုင်တွင် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်ခြင်း မရှိပေ။

သိုင်းလောကမှ ထိပ်သီးများသည် သကစ်ပါးတို့၏ ကိစ္စကို ဝင်ရောက်နှောင့်ယှက်လေ့မရှိပါ။

မည်သူတစ်ဦးတစ်ယောက်မဆို နှစ်ဦးသဘောတူပါက လုံကျင်းအရက်ဆိုင်တွင် မိမိတတ်ကျွမ်းသော သိုင်းပညာဖြင့်ယှဉ်ပြိုင်နိုင်သည်။

ကျန်လူများကထိုသို့နှစ်ဦးသဘောတူတိုက်ပွဲမျိုးကို ပွဲကြည့်ပရိသတ်အဖြစ် ကြည့်ရှုတတ်သည်။

ရှုံးသောသူကိုပင်ဖြစ်စေ နိုင်သောသူကိုပင်ဖြစ်စေ မည်သူကမျှ ဝင်ရောက်နှောင့်ယှက်ခြင်းမပြုရ။

ယုတ်စွအဆုံး တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ရင်း သေဆုံးသွားသည့်တိုင်အောင် မည်သူကမျှ စိတ်သပ်၍ သနားခြင်း မခံချင်၍ အနိုင်ရရှိသူကို ဝင်ရောက် တိုက်ခိုက်ခြင်းမျိုး မရှိပေ။



ထို့ကြောင့် လုံကျင်းအရက်ဆိုင်ကို လူအချို့က ရက်စက်သော သေမင်းဂေဟာဟု ခေါ်တတ်ကြ၏။

မိမိသေဘေးကို ကြောက်ရွံ့သူများ လုံကျင်းအရက်ဆိုင်သို့ မလာပါနှင့်ဟူသော ဆိုင်းဘုတ်ကိုလည်း လုံကျင်းက အရက်ဆိုင်ရှေ့တွင် စာတမ်းထိုးထားသည်။

ယခုအချိန်တွင်တော့ လုံကျင်းအရက်ဆိုင်သည် တိတ်ဆိတ်ငြိမ်းချမ်းနေပါသည်။

သံမဏိလက်သည်းအဖွဲ့က လုံကျင်းအရက်ဆိုင်ကို တံခါးပိတ်ခိုင်းကာ ဆိုင်ထဲတွင် ငြိမ်းချမ်းစွာ သောက်သုံးနေသည်။

သဘောကတော့ ယနေ့အဖို့ မည်သည့်ပုဂ္ဂိုလ်ကိုမျှ အရက်ရောင်းချမည်မဟုတ်တော့ပေ။ ရှိသမျှအရက်အားလုံးကို သံမဏိလက်သည်းအဖွဲ့က ပုတ်ပြတ်ဝယ်ယူလာ သောက်နေကြတော့သည်။

သံမဏိလက်သည်းအဖွဲ့တွင် လူဆယ့်သုံးဦး ရှိသည်။ ဆယ့်သုံးဦးလုံး၏ညာဘက်လက်ထိပ်များတွင် သိန်းငှက်ခြေထောက်ကဲ့သို့ ချွန်မြသော လက်သည်းကောက်များရှိသည်။

ထိုလက်သည်းဖြင့် ကုတ်ခြစ်ခြင်းခံရသည်နှင့် ပြင်းပြသော အဆိပ်ဒဏ်ဖြင့် တစ်ကိုယ်လုံး ညိုမည်းကာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားနိုင်ပေသည်။

သံမဏိလက်သည်းအဖွဲ့က ပုတ်ပြတ်ဝယ်၍သာ ရောင်းလိုက်ရသည်။ လုံကျင်းအရက်ဆိုင်ပိုင်ရှင် ယီပင်းကတော့ သိပ်သဘောမကျလှပါ။

ယီပင်းသည် အသက် လေးဆယ်ကျော်အရွယ် လူတစ်ဦးဖြစ်၍ မုတ်ဆိတ်မွေးကို ဝါသနာအရ အရှည် ထားလေ့ရှိသည်။

သူ့မျက်နှာ ပြုံးပြုံးရွှင်ရွှင်ဖြင့် သဘောကောင်းဟန်ရှိသော်လည်း စိတ်ဓာတ်မြင်းထဲ မာကျောသူဖြစ်သည်။

သံမဏိလက်သည်းခေါင်းဆောင် မုယုံဟိုသည် ဝမိုင့်ဖိုင့်ရှိ ကိုယ်ခန္ဓာနှင့် မျက်နှာနီရဲကာ ဆံပင်များက နဖူးပေါ်သို့ ဖွာကြဲကျနေသည်။

သူသည် စားပွဲရှည်ကြီး၏ ထိပ်တွင်ထိုင်ကာ ဘယ်လက်ကို စားပွဲပေါ်သို့ ထောက်ထားပြီး ညာလက်က အရက်ခွက်ကို ကိုင်ထား၏။

အငမ်းမရ အရက်သောက်နေသောကြောင့် မေးစေ့များပေါ်သို့ အရက်များက ရွှဲစိုနေ၏။ မျက်နှာကြီးက အဆီပျံ့နေသော လိုအပ်သည်ထက် ပို၍ ပြနေသော ပါးစပ်ကြီးကလည်း တဟားဟား တဟီးဟီးရယ်လျက် သူ့လူများအား ညစ်ပတ်စကားကို မိန့်ကြားနေ၏။



'ဟေ့.... ဒီဆိုင်တစ်ဆိုင်လုံးကို ဝယ်ထားတာ စိတ်ကြိုက်သာ သောက်ကြ၊ ဟေ့ ... ကြက်ကြော်....ကြက်ကြော်မှာထားတာ မရသေးဘူးလား၊ ဘုတ်ထိုင်းကြီး ကြက်က အခုမှ လိုက်ဖမ်းနေရသလား'

မုယုံဟိုက သူ့ညာလက်ရှိ သံမဏိလက်သည်းရှည်ကြီးဖြင့် စားပွဲကို တအုန်းအုန်းထုနေကာ အော်ဟစ်နေသည်။

မုယုံဟို၏လက်ဝါးနှင့် အရိုက်ခံရသောစားပွဲတွင် အပေါက်ကြီးများဖြစ်နေသည်၊

'လာပါပြီ၊ ကြော်ပြီးပါပြီ'

လူကြီးယီပင်းသည် ကြက်ကြော်ပန်းကန်ကိုကိုင်ကာ မုယုံဟိုရှိရာသို့ ပြေးသည်။ မုယုံဟိုမှာ အရက်ကလည်း မူးနေ၍ ဒေါသကြီးနေသည်။

'မင်းဆိုင်ဖွင့်ထားတာကြာပြီ၊ ဒီလောက် ညံ့ရသလားကွ....'

မုယုံဟိုက ယီပင်း၏ခေါင်းမှဆံပင်ကို သူ၏ ညာလက်ဖြင့် လှမ်းဆွဲလိုက်သည်။ သို့သော် လေကိုသာဖမ်းဆွဲမိသွားသည်။

ယီပင်းက လျင်မြန်စွာ ခေါင်းကို နောက်သို့မော့လိုက်ပြီး ကြက်ကြော်ပန်းကန်ကို အသာအယာချပေးလိုက်၏။

မုယ့်ဟိမှာ ယိပင်း၏ဆံပင်ကိုဆွဲကာ သူ့တပည့်များရှေ့တွင် ကောင်းကောင်းဆုံးမမည်ဟု ဆုံးဖြတ်ထားရာ ယိပင်း၏ပါးနပ်မှု လျင်မြန်မှုကြောင့် လေကိုသာ ဖမ်းဆီးမိ၍ အံ့အားသင့်သွားသည်။

သို့သော် ထိုင်ရာမှထကာ မုယ့်ဟိသည် လက်ဖြင့်သိမ်းကာ ယိပင်းကဝတ်ရုံကြီးကို လက်သည်းဖြင့် ကုတ်ဆွဲလိုက်သည်။

'ဝှီး'

'အိုး'

မုယ့်ဟိ၏ဖမ်းဆီးမှုကို ယိပင်းက အသင်အယာ ခါးကိုရှေ့ကုန်း၍ ရှောင်တိမ်းလိုက်သောကြောင့် လွဲချော်သွားသည်။ လွဲချော်သွားရုံသာမက ယိပင်းကို လှမ်းဆွဲလိုက်၍ အရှိန်လွန်ကာ ဖင်ထိုင်လျက် ကျသွားလေတော့သည်။

'အို...ထပါဗျာ၊ အရက်ဆိုတာ သိပ်များများသောက်ရ မကောင်းဘူးဗျ'

ယိပင်းက သံမဏိလက်သည်းရှည်တပ်ထားသော မုယ့် ၏ ညာလက်ဖျံကို ဖမ်းဆုပ်၍ဆွဲပေးလိုက်သည်။

ယိပင်းမှာ အစစအရာရာ သတိထားသူမို့ မုယ့်ယိက ရု တရက် သူ့ကို အန္တရာယ်မပေးနိုင်ရန် လက်သည်းရှည်ရှိသော လက်ကိုဖမ်းချုပ်ထားလိုက်ခြင်းလည်း ဖြစ်၏။



ယိပင်း၏ဆုပ်ကိုင်မှုကြောင့် မုယ့်ဟိမှာ ရုတ်တရက် လက်တစ်ဖက် မလှုပ်ရှားနိုင်ပေ။

အတွင်းအား ကောင်းလှသော ယိပင်း၏ ကိုင်တွယ်မှုကို သတိထားမိလိုက်၏။

ထိုစဉ်မှာပင် လုံကျင်းအရက်ဆိုင်၏ အပေါက်ဝသို့သံမဏိချောင်းရှည်တစ်ခုကို ထမ်းထားသူတစ်ဦး ရောက်ရှိလာသည်။

'ကျွန်တော့်ကို အရက်တစ်အိုးလောက် ရောင်းပါဗျို့'

ပခုံးပေါ်တွင်ထမ်း၍ ယူဆောင်လာသော ဆယ့်ငါးပေခန့်ရှိ သံမဏိချောင်းကြီးကို ဆိုင်ခေါ့တွင် စိုက်ထူလိုက်ရင်း ထိုသူက လှမ်းအော်နေသည်။

သံမဏိချောင်းရှည် ထမ်းလာသူ၏ မျက်နှာမှာ ခံစားမှုကင်းမဲ့သော အရုပ်တစ်ရုပ်ကဲ့သို့ရှိသည်။ အဖြူရောင် ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထား၍ ခါးတွင် တစ်တောင်လောက်ရှိသော တူသေးသေးလေးတစ်ချောင်းကို ထိုးထား၏။

ရုတ်တရက်ကြည့်လျှင် အဆောက်အဦး ဆောက်လုပ်သော လက်သမားတစ်ဦးနှင့် တူနေသည်။ ယိပင်းသည် ထိုသူ့ကို တွေ့သည်နှင့် မျက်နှာဝင်းလက်သွား၏။

'အို...မိတ်ဆွေကြီး လိုမင်းပါလား၊ ရပါတယ်၊ အရက်တစ်အိုးလောက်တော့ ကျွန်တော် ချန်ထားပါတယ်'

ယိပင်းက ဆိုင်ပေါက်သို့ ထွက်သွား ပြောလိုက်သော အသံကို ဆိုင်ထဲမှနေ၍ ကြည့်နေသော မုယုံဟိက ကြားလိုက်သည်။

မုယုံဟိသည် ဆိုင်စတွင်ရင်နေသူကို စူးစူးရဲရဲ ကြည့်နေလိုက်၏။

'ဟော့ မရှဘူးကွ ဒီဆိုင်ကအရက်တွေကိုပါ တို့အားလုံး ဝယ်ထားလိုက်ပြီ'

'ဘယ်သူဝယ်ထားထား ဒီဆိုင်က ကျွန်တော့်အသွက်ဆိုရင် အရက်တစ်အိုးရောင်းနေကြပါ'

ဘိမဏီချောင်းရှည်ကို ဆိုင်ရှေ့တွင် စိုက်ထူထားသူက တုံ့ပြန်ပြောလိုက်သည်။ ယိပင်းက သူ့အရက်ဆိုင်ထဲသို့ ပြန်ဝင်ကာ ထိုင်ခုံတစ်လုံးတွင် ထိုင်နေလိုက်လေသည်။

မုယုံဟိသည် ဆိုင်ရှင်ယိပင်းဘက်သို့ မျက်နှာလှည့်လိုက်၏။

'ဒီမှာ မင်းဆီကအရက်တွေ ငါအကုန်လုံး ဝယ်ထားတယ်ဆိုတာ ပြောပြလိုက်စမ်း'

မုယုံဟိက တင်တင်စီးစီး ပြောသည့်စကားကို ယိပင်းက ခေါင်းခါပြလိုက်၏။ သို့သော် ယိပင်းသည် ရိုင်းရိုင်းစိုင်းစိုင်း မပြော။



'ခင်ဗျား တစ်ဆိုင်လုံးမဝယ်ခင်ကတည်းက သူမှာထားတဲ့ အရက်တစ်အိုး ရောင်းပြီးသားပါ'

'ဘာ'

ယိပင်း၏ ဗိုင်ပိုင်နိုင်နိုင် ပြောပြလိုက်သော စကားကြောင့် မုယုံဟိမှာ ပို၍မျက်နှာတင်းမာသွားသည်။

သူသည် ထင်ရှားသော သိုင်းအဖွဲ့ကြီးတစ်ဖွဲ့၏ ဂိုဏ်းချုပ်ဖြစ်သောကြောင့် သူ့အပေါ်တွင် လွှမ်းမိုး ချုပ်ချယ်သည့် အလုပ်မျိုးကို သက်မခံလိုပေ။

'ဘာကွ၊ ဒီဆိုင်ထဲမှာ ငါ့အရက်အပြင် ဘာအရက်မှ ကျန်စရာမလိုဘူးကွ၊ မင်းကို ငါအစကတည်းက တစ်ဆိုင်လုံးမှာရှိသမျှအရက် ငါတို့အကုန်ယူမယ်လို့ ပြောထားတာ'

မုယုံဟိ၏စကားအဆုံးတွင် ဆိုင်အပြင်ဘက်တွင် ရပ်နေသူက လှမ်းအော်လိုက်သည်။

'ဒီမှာ ခင်ဗျားက တစ်ခါတလေမှ ဒီဆိုင်မှာ လာသောက်တာပါ၊ ကျုပ်က အမြဲတမ်း ဒီဆိုင်မှာ အရက်တစ်အိုးကြိုမှာထားတာ၊ ကျုပ်မှာထားတဲ့ အရက်ကတော့ ရှိကိုရှိရမယ်'

ဆိုင်ရှင်ယိပင်းဘက်သို့ မျက်နှာလှည့်ထားသော မုယုံဟိမှာ ချက်ချင်း တံခါးပေါက်ဝဘက်သို့ မျက်နှာမူလိုက်လေသည်။

'ဟော့ ....မင်းဘယ်သူလဲကွ'

'ကျုပ်က တံခွန်တိုင်လုပင်းပဲ၊ ကျုပ်ရဲ့ အရက်တစ်အိုးကို တော့ ဖြစ်တဲ့နည်းနဲ့ ယူရမှာပဲ'

လုပင်းက တံခါးပေါက်ဝမှ မလှုပ်မယှက်ရပ်ကာ တုံ့ပြန် ပြောလိုက်သည်။

'အောင်မာ မင်းက တော်တော်အာတင့်ရဲပါလား၊ သံမဏိ လက်သည်းဂိုဏ်းဆိုတာ မင်းမကြားဖူးဘူး ဟား'

သူတို့အဖွဲ့၏ နာမည်ကိုတုတ်ဖော်ပြောကာ မုယုံဟိက ဝင့်ကြွားလိုက်၏။ သံမဏိလက်သည်းအဖွဲ့၏ နာမည်ကို ကြားလိုက်ရ၍ တံခွန်တိုင်လုပင်း၏ အမူအရာမှာ မည်သို့မျှ ပျက်ပြယ်မသွားပေ။

'သိုင်းအဖွဲ့တစ်ဖွဲ့ရဲ့ နာမည်ဟာ ဘာမျှ ထူးဆန်းသလဲ ဗျာ၊ သံမဏိလက်သည်းမကလို့ ကမ္ဘာဖျက်လက်သည်းပဲဖြစ်ဖြစ် ကျုပ်နဲ့မဆိုင်ပါဘူး၊ ကျုပ်နဲ့ဆိုင်တာက ကျုပ်ကြိုဝယ်ထားတဲ့ အရက်တစ်အိုးကိုရဖို့ပါပဲ'

ထိုစဉ်မှာပင် ဆိုင်ရှေ့ရှိ သစ်ပင်ရိပ်သို့ လူနှစ်ဦးရောက်လာသည်။ ထိုသူနှစ်ဦးမှာ သစ်ပင်အောက်တွင် အေးအေးဆေးဆေး ရပ်နေကြသည်။



'ဟော့ - မင်းက နောက်မှာ လူတွေပါလာလို့ ငါတို့အဖွဲ့ကို စော်ကားရဲတာလား၊ ငါတို့အဖွဲ့က လူဘယ်လောက်များများ ဂရုမစိုက်ဘူးကွ'

'ဂရုစိုက်ဖို့ ကျုပ်ကပြောနေတာ မဟုတ်ပါဘူး၊ ဂရုစိုက်စိုက် မစိုက်စိုက် တချို့လူတွေက သေနေ့စေ့ရင် အတင်းတိုးဝင်ပြီး သေကြတာပါပဲ'

လုပင်းက အေးစက်စက်စကားသံကြောင့် သံမဏိလက်သည်းဂိုဏ်းချုပ် မုယုံဟိမှာ စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။

မုယုံဟိသည် တံခွန်တိုင်လုပင်းဟူသော အမည်ကို မကြားခဲ့ဘူးပေ။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ယခုအထိ သူ့အား ထင်ထင်ရှားရှား စိန်ခေါ်တိုက်ခိုက်ဝံ့သူဟူ၍ မရှိသေးသောကြောင့် မုယုံဟိက တံခွန်တိုင်လုပင်းဆိုသူကို အထင်မကြီးလှပေ။

'အရက်အိုးလိုချင်ရင် တခြားဆိုင်တွေကို သွားသောက်ကွာ၊ ဒီဆိုင်မှာတော့ မင်းအတွက် အရက်အိုးဆိုတာ မရှိဘူး၊ ချန်ထားလဲ ဒီအရက်အိုးဟာ ငါ့အရက်အိုးပဲဖြစ်ရမယ်'

မုယုံဟိသည် ပြောပြောဆိုဆို ဆိုင်ပေါက်ဝသို့ ထွက်လာသည်။

မုယုံဟိလှုပ်ရှားမှုကို တွေ့သည်နှင့် လုပင်းက လုံကျင်း အရက်ဆိုင်ရှေ့ ပေနှစ်ဆယ်အကွာတွင် စိုက်ထူထားသော သူ ထူထားသည့် သံမဏိချောင်းရှိရာသို့ ဆုတ်ခွာသွားတော့၏။

'အင်း... ဒီကောင် ဒီလိုတော့လဲ ငါ့ကို ကြောက်တတ်သား ပဲ၊ အေးလေ... သံမဏိလက်သည်းဂိုဏ်းဆိုတာလဲ သူများ လက်ညှိုးထိုးခံတဲ့ဂိုဏ်းမှ မဟုတ်ဘဲ'

မုယုံဟိက တစ်ကိုယ်တည်းတွေးတောကာ သူ့ခါးမှ ဓား ကိုဆွဲထုတ်လိုက်သည်။ သံမဏိလက်သည်းရှည်များ ရှိသော ညာလက်မှာပင် ဓားကိုကိုင်ဆောင်ထားလိုက်လေသည်။

'လုပင်း...မင်းရဲ့စကားကို မင်းရုပ်သိမ်းရင် ရသေးတယ်၊ ငါ့ကို အခုတောင်းပန်ရင် မင်းကိုခွင့်လွှတ်မယ်၊ မင်းအသက် ငယ်ငယ်လေးရှိသေးတယ်၊ မသေချင်ပါနဲ့ကွာ'

မုယုံဟိက မျက်နှာကို ခပ်ပြုံးပြုံးထားကာ လုပင်းကို သွေးတိုးစမ်းလိုက်သည်။

'ကျုပ်တစ်သက်မှာ စကားမှားပြောမိလို့ဆိုပြီး ဘယ်သူ့ ကိုမှ မတောင်းပန်ဖူးဘူး'

လုပင်းက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

'ကဲ...ဒီလောက်မိုက်တဲ့ကောင် သေစမ်းကွာ'



'ထန်... ချွမ်'

'ဟင်'

မုယုံဟိက သူ့ဓားဖြင့် လည်ပင်းကိုပြေးဝင်စိုက်ခိုက်လိုက် သည်။

လုပင်း၏ ရှောင်တိမ်းပုံက ပညာပါလှသည်။ သူစိုက်ထူ ထားသော သံမဏိတိုင်ကြီးကို ဘယ်ညာပတ်ကာ ဝုံ့ရှောင် လိုက်သည်။

မုယုံဟိ၏ဓားချက်သည် လုပင်းကိုမထိဘဲ လုပင်းစိုက်ထူ ထားသော သံမဏိတိုင်ကြီးကို ဘယ်ပြန်ညာပြန်သုံးလေးကြိမ် ခုတ်မိကာ မုယုံလက်ထဲမှ ဓားမှာ ထက်ပိုင်းကျိုးသွား၏။

သည်တော့မှ မုယုံဟိသည် လုပင်း၏ အကြံအစည် သဘောကို သူသိသွားသည်။ မြေပြင်ပေါ်တွင် စိုက်ထူထား သော သံမဏိတိုင်ကြီးသည် လုပင်းအကာအကွယ်ပင် ဖြစ် သည်။ မြေပြင်ပေါ်တွင် စိုက်ထူထားပုံကလည်း ခိုင်မာလှ သည်။

မုယုံဟိသည် လုပင်း၏တိုက်ကွက်မျိုးကို တစ်ကြိမ်မျှမတွေ့ ဘူးသေးပေ။

'ဩော်...မင်းက ဒီတိုင်ကို အားကိုးနေတာကို တွေ့ကြ သေးတာပေါ့ကွာ'

မုယုံဟိကာ ခါးကြိုးဘက်ကို လှမ်းပစ်လိုက်ပြီး သူ၏သံမဏိ လက်သည်းပါသော ညာလက်ဖြင့် လုပင်း၏မျက်နှာကို လှမ်း၍ ခုတ်လိုက်သည်။

'ဝှစ်'

'ထန်'

'အား'

လုပင်းက ခေါင်းကိုနောက်သို့ဆုတ်၍ ရှောင်ကာ လွှဲပေးလိုက်သည်။ မုယုံဟိ၏လက်သည်းသည် လုပင်း၏မျက်နှာကို မကုတ်ဆွဲမိဘဲ သံမဏိတိုင်ကြီးကို ထန်ခနဲမြည်အောင် ကုတ်မိသွား၏။

မုယုံဟိ၏လက်တစ်ချောင်းလုံး ကျင်ခနဲဖြစ်သွားကာ နှုတ်မှပင် ယောင်၍ အော်ဟစ်လိုက်မိလေသည်။

လူးဆန်းသည်ကား လုပင်းသည် သံမဏိတိုင်ကို အမျိုးမျိုး အသုံးပြုကာ တိုက်ခိုက်ခြင်းပင် ဖြစ်သည်။

သူ့ခေါင်းကို နောက်သို့မော့၍ ဘယ်လက်က သံမဏိ တိုင်ကိုဆွဲယူကာ သူ့ရှေ့သို့ ပို့လိုက်ခြင်းဖြစ်သည်။

သံမဏိတိုင်ကြီးက ညွတ်၍ကွေးကာ လုပင်းမျက်နှာ ရှေ့မှောက် ရောက်လာ၏။



လုပင်းမျက်နှာကို ချိန်၍ကုတ်ဆွဲလိုက်သော မုယုံဟိ၏ လက်ကား သံမဏိတိုင်ချောင်းပေါ်သို့ လိုအပ်သည်ထက် ပို၍ အရှိန်ပြင်းထန်စွာ ကျရောက်မိ၏။

လက်တစ်ချောင်းလုံးကျင်ထက်သွားသည်သာမက သံမဏိ လက်သည်းရှည်များပါ မြေကြီးပေါ်သို့ ပြုတ်၍ကျကုန်သည်။

လုံကျင်းအရက်ဆိုင်ရှေ့ရှိ သစ်ပင်အောက်မှ လူနှစ်ဦးသည် တိုက်ပွဲကို ဆိတ်ဆိတ်ငြိမ်ငြိမ် အကဲခတ်နေ၏။ လုပင်း၏တိုက် ကွက်ကို ထိုသူနှစ်ဦး သဘောကျနေပုံရသည်။

'ဟား ဟား....ဟား....ဘယ်လိုလဲ သံမဏိ လက်သည်း ရှည် ဂိုဏ်းချုပ်ကြီး မုယုံဟိရဲ့၊ ခင်ဗျား လက်သည်းတွေကလဲ တန်ဖိုးမဲ့လှချည်လား၊ ဒီလို လက်သည်းမျိုးနဲ့တော့ ဘူးသီး တို့ ဖရဲသီးတို့ပဲခွဲဖို့ကောင်းတယ်'

မုယုံဟိမှာ ဒေါသထွက်လွန်းသောကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ၏။

ဒီဆိုင်ရှေ့မှာ မင်းအသက်မထွက်မချင်း ငါမပြန်ဘူးကွ'

မုယုံဟိက ခါးတွင် ပတ်ထားသော ကျာပွတ်ရှည်ကြီးကို ဆွဲထုတ်လိုက်၏။

'ဩော်....တိုက်ခိုက်ရေးပစ္စည်း ပြောင်းတာကိုး၊ လူအင် အား လိုချင်ရင်လဲ ထပ်ခေါ်ပါဦး'

လုပင်းက သံမဏိတိုင်ကို ဟန်ကျကျမှီရင်း မုယုံဟိကို ပြောလိုက်သည်။ မုယုံဟိက လက်တစ်ဖက် ဝှေ့ယမ်းလိုက်လေ သည်၊

ဆိုင်ထဲတွင် အရက်တိုင်သောက်နေသော သံမဏိလက်သည်း ရှည်ဂိုဏ်းသားဆယ်ဦး ထွက်လာသည်။

မုယုံဟိနှင့်အတူ လုပင်းကို ဆယ်ပေအကွာမှ ဝိုင်းထား လိုက်သည်။

လုပင်းက သံမဏိတိုင်ကို ကျောမှီကာ သူ့ဝတ်ရုံထဲမှ တစ်စုံ တစ်ရာကို နှိုက်ယူလိုက်သည်။ လုပင်း လက်နက်ပုန်းနှိုက်ယူ သည်ဟု ထင်မှတ်ကာ ကာကွယ်ရန် မုယုံဟိတို့က အဆင်သင့် ပြင်လိုက်၏။

လုပင်းနှိုက်ယူလိုက်သည်မှာ ရှည်မျှောမျှော ကြိုးခွေလေး တစ်ခုသာဖြစ်သည်။ လုပင်းသည် ထိုကြိုးခွေလေးကို သံမဏိ တိုင်ထိပ်သို့လှမ်း၍ ပစ်တင်လိုက်၏။

'ဘာလဲကွ လုပင်း၊ မင်း မျက်လှည့်ပြမလို့လား၊ တို့က မျက်လှည့်မဲ့ကြည့် ပရိသတ်မဟုတ်ဘူးကွ၊သတ္တိရှိရင် မင်း တို့ရဲ့ စည်းဝိုင်းထဲက ထွက်ကြည့်စမ်း'

'စည်းဝိုင်းထဲက ထွက်စရာမလိုပါဘူး၊ မုယုံဟိရဲ၊ အဲဒီ စည်းဝိုင်းကို တစ်ခါတည်း ဖျက်ပစ်မလို့'



ပြောပြောဆိုဆို ဆယ့်ငါးပေ အမြင့်ရှိသော သံမဏိတိုင် ပေါ်သို့ လုပင်းက ဖျတ်ခနဲတက်လိုက်သည်။

လုပင်း၏ခုန်ပျံပုံက မြန်ဆန်လှသည်။ သံမဏိလက်သည်း ရှည်အဖွဲ့သားများက ဓားကိုဆွဲထုတ်ကာ လုပင်းကို တိုက်ခိုက် ရန် အသင့်ပြင်ဆင်ထားလိုက်သည်။

တံခွန်တိုင်လုပင်း၏ဆိုင်းပညာကား ထူးခြားဆန်းကြယ်လှ သည်။

တိုင်ထိပ်သို့ရောက်လာသည်နှင့် စော စောက ပစ်တင်ထား သော ကြိုးစတစ်စကို ဆွဲဆန့်ကာ ခုန်ဆင်းလာသည်။

သူ၏ဆင်းလာပုံမှာ ပင့်ကူအိမ်မှ အောက်သို့ ကြိုးတန်း လန်းနှင့်ကျလာသော ပင့်ကူတစ်ကောင်နှင့် တူလှပေသည်။

လုပင်းသည် တိုင်ထိပ်ပေါ်တွင် ကြိုးတစ်စ ချည်နှောင်ကာ ကြိုးစတစ်စကို သူ၏ခြေထောက်တစ်ဖက်တွင် စွပ်လာခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် သူသည် ဇောက်ထိုး တိုင်ပေါ်မှဆင်းလာခြင်း ဖြစ်သည်။ သူဆင်းလာသည်နှင့် သံမဏိလက်သည်းဂိုဏ်း အဖွဲ့ ဝင်နှင့် မုယုံဟိတို့က ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြသည်။

'အိုး'

'အား'

'အမယ်လေး'

အလယ်ခေါင်တွင်ရှိသောတိုင်ကို ပတ်ချာလည် လှည့်ကာ ကလေးများကစားသော ရဟတ်လှည့်သကဲ့သို့ ကိုယ်ကို တစ်

ပတ် လှည့်လိုက်ရာ လိုပင်း၏ ကိုယ်ခန္ဓာမှာ သံမဏိချောင်းကို ပတ်ကာ တဝုန်းဝုန်းလည်နေ၏။

ထိုသို့ ပတ်ချာလှည့်နေရင်းမှ တိုက်ခိုက်သူများကို ရှောင်တိမ်းရင်း သူတို့ခုတ်ပိုင်းသည့် ဓားများကို ဆွဲဖြုတ်ယူဆောင်သွားခဲ့သည်။

ယခုအခါတွင် သံမဏိလက်သည်းရှည် ဂိုဏ်းသားများ၏ လက်ထဲတွင် တိုက်ခိုက်ရန်ဓားများမရှိတော့။

လိုပင်း၏ကြိုးစနှင့်ဝေးအောင် နောက်သို့ ခြေဆယ်လှမ်းစာမျှ ဆုတ်ခွာလိုက်ကြ၏။

ထိုသော် လိုပင်း၏ကြိုးစက ရှည်ထွက်လာကာ သံမဏိလက်သည်းရှည်ဂိုဏ်းသားများ၏ဒေါင်းကို ဗုံတီးသကဲ့သို့ရိုက်ချသွား၏။

'ဘုတ်'

'အား'

'အမယ်လေး'

တိုက်ကွက် နှစ်ကွက်သုံးကွက်အတွင်းမှာပင် သံမဏိလက်သည်းဂိုဏ်းသားငါးဦး သေဆုံးသွားလေသည်။

သူ့ဂိုဏ်းသားငါးယောက် ကျဆုံးသည်ကို တွေ့သည်နှင့် မိုးယုံဟိသည် သူ၏ကျာပွတ်ကို တဖျောင်းဖျောင်း ဆန့်ထုတ်ကာ တံခွန်တိုင်မှကြိုးကို တန်းလန်းဆွဲကာ လူပ်ရှားတိုက်ခိုက်နေသော လိုပင်း၏ခန္ဓာကိုယ်ကြီးကို ကျာပွတ်ဖြင့် ရိုက်ချလိုက်သည်။

'ရှမ်း'



'အား'

ကျာပွတ်က လိုပင်း၏ခန္ဓာကိုယ်ကို ချိန်ရွယ်ကာ ရိုက်ချလိုက်သော်လည်း လိုပင်းက ကြိုးကိုထပ်၍ လျှော့ချလိုက်သောကြောင့် မိုးယုံဟိ၏ကျာပွတ်မှာ လိုပင်း တွဲလျားခိုကာ လှည့်နေသောကြိုးကို သွား၍ပတ်မိပါသည်။

လိုပင်း၏လှဲကာလှည့်ပတ်နေသော အရှိန်ကြောင့် ကျာပွတ်ကိုင်ထားသော မိုးယုံဟိ၏လက်ကို အဆွဲလိုက်သကဲ့သို့ဖြစ်ကာ ရှေ့သို့ ငိုက်ပါသွားသည်။

လိုပင်းသည် အလွန်ချိန်သားကိုက်စွာ တိုက်ကွက်ဆင်ဘတ်သူဖြစ်လေသည်။ မိုးယုံဟိရှေ့သို့ ကျာပွက်ကိုဆွဲရင်း ငိုက်ပါလာသောအခါ နောက်တစ်ပတ် ကြိုးကိုခို၍ လှည့်လိုက်ကာ လက်ဝါးချက်ဖြင့် ရိုက်ချလိုက်တော့၏။

အငိုက်မိသွားသော မိုးယုံဟိမှာ ပြင်းထန်သော လက်ဝါးချက်ကြောင့် မြေပြင်ပေါ်သို့ မှောက်လျားထိုးလဲကျသွား၏။ တစ်ချက်တွင်တော့ မိုးယုံဟိ အတောင်ပင်အထိနာသွားသည်။

နတ်ခမ်းထောင့်စွန်းများ၌ သွေးများစီးကျလာ၏။ သူသည် ထ၍ရပ်ကာ လိုပင်းကို မျက်နှာချင်းဆိုင်လိုက်သည်။ အချိန်တွင် လိုပင်းမှာ ကြိုးစမှခုန်ဆင်းကာ တံခွန်တိုင်ကို ကျောမှီ၍ရပ်နေလေသည်။

'အေးလေ....မင်းနဲ့ငါ တစ်နေ့နေ့တော့ ထပ်တွေ့ကြဦးမှာပေါ့ လိုပင်းရာ'

မုယုဲ့ဟိမှာ ထိုမျှသာပြော၍ ချာခနဲ လှည့်ထွက်သွားလေသည်။ မုယုဲ့ဟိနှင့်အတူ သူ့တပည့်ငါးဦးမှာလည်း လိုက်ပါသွားလေတော့၏။

သူတို့သည် မှာထားသည့်အရက်များကိုပင် သောက်မသွားကြတော့ပေ။

....o....

## အခန်း (၁၄)

မိုယုဲ့ဟိနှင့် သံမဏိလက်သည်းဂိုဏ်းတို့ တိုက်ခိုက်နေသည်ကို သစ်ပင်အောက်မှ စောင့်ကြည့်နေသူ နှစ်ဦးသည် လှမ်းလျှောက်လာကြ၏။

ထိုသူနှစ်ဦးအနက် တစ်ဦးမှာ မျက်ခုံးလေးခုရှင် လုရှောက်ဖုန်းဖြစ်၍ ကျန်တစ်ဦးမှာ လုရှောက်ဖုန်းကို အရက်ဆိုင်သို့ခေါ်ဆောင်လာသော ဆက်တုပင်ဖြစ်၏။

မုယုဲ့ဟိတို့ ရုတ်တရက်ထွက်ခွာသွားသည်နှင့်ပင် လုရှောက်ဖုန်းနှင့် ဆက်တုတို့က လိုပင်းကို မျက်နှာချင်းဆိုင်လိုက်ကြ၏။

ဘယ်လိုလဲ၊ တန်ခွန်တိုင်ဆရာကြီးရဲ့....သံမဏိလက်သည်းရှည်ဂိုဏ်းချုပ် မိုယုဲ့ဟိကို ဆုံးမလိုက်တာတော့ သဘောကျတယ်ဗျာ'

ဆက်တုက သူနှင့်ရင်းနှီးဖူးသူဖြစ်သည့်အတိုင်း နှုတ်ဆက်လိုက်၏။

'ဟာ သူခိုးဝိဇ္ဇာကြီးဆက်တုပါလား၊ ဘယ်ကို လာတာ
လဲ'

'ခင်ဗျားနဲ့တွေ့ချင်လို့ လုံကျင်းအရက်ဆိုင်ကို လာတာပေါ့
ဗျာ၊ ဒီမှာ မိတ်ဆက်ပေးရဦးမယ်၊ သူက ကျုပ်မိတ်ဆွေ
မျက်ခုံးလေးခုရှင် လုရှောက်ဖုန်လေ၊ လုရှောက်ဖုန် ဒါ ကို
တွေ့ချင်နေတဲ့ တံခွန်တိုင်လုပင်းဆိုတာပဲ'

လုပင်းက ကြေးစများကို သူ၏ဝတ်ရုံလဲသို့ ထည့်ကာ လု
ရှောက်ဖုန်ကို ပြုံးပြလိုက်သည်။

'မျက်ခုံးလေးခုရှင် လုရှောက်ဖုန်ဆိုတာကိုတော့ ကြားဖူး
နေတာ ကြာပါပြီဗျာ၊ ခုမှပဲ တွေ့ဖူးတော့တယ်'

လုပင်းက ပြုံးပြုံးရွှင်ရွှင်ဖြင့် နှုတ်ဆက်လိုက်သည်။ ဆက်
တုက အဘယ်ကြောင့် လုံကျင်းအရက်ဆိုင်သို့ သူ့ကို ခေါ်
ဆောင်လာရခြင်းဖြစ်သည်ကို လုရှောက်ဖုန် သဘောပေါက်
သွားသည်။

လုပင်းလိုလူမျိုးသည် အခက်အခဲ အကျပ် အတည်းကို
ကျော်လွှားဖောက်ထွက်ရာ၌ အသုံးတည့်မည့်သူမျိုးဖြစ်သည်မှာ
သေချာလှပေသည်။

တိုက်ခိုက်ရမည့် ရန်သူမရှိတော့သောကြောင့် လုပင်းက
သူ၏သံဖက်ချောင်းကြီးကို ဆွဲထုတ်ကာ ရှေ့တွင် လှဲချထား
လိုက်တော့၏။

'ကဲ...လုရှောက်ဖုန်နဲ့ သူခိုးဝိဇ္ဇာကြီးဆက်တုကို ကျွန်တော်
က အရက်နဲ့ဧည့်ခံပါ့မယ်၊ အခု ကျွန်တော်ဟာ အရက်အိုး
တွေရဲ့ ပိုင်ရှင် ဖြစ်နေပါပြီ'



လုရှောက်ဖုန်နှင့်ဆက်တု လုပင်းတို့သည် ယိပင်း နေရာချ
ပေးသော အလယ်ရှိ စားပွဲဝိုင်းကြီးတွင် ထိုင်လိုက်ကြလေ
သည်။

ယိပင်းက စားသောက်စရာ ပန်းကန်များကို သူတို့သုံးဦး
ရှေ့တွင်လာ၍ နေရာချပေးထားသည်။ လုရှောက်ဖုန်သည်
ယိပင်း၏သွားပုံလာပုံကို ဂရုစိုက် အကဲခတ် ကြည့်ရှုနေလေ
သည်။

'ကျုပ်တစ်ခု ဗေဒင်ဟောချင်တယ်'

လုရှောက်ဖုန်က လုပင်း၏မျက်နှာကို ကြည့်ကာ စကားစ
လိုက်သည်။

'လုရှောက်ဖုန်က ဗေဒင်ဟောတာလဲ ဝါသနာပါသလား၊
ကျုပ်က ဗေဒင် ကိုသိပ်ယုံကြည်တယ်၊ ကျန်ခဲ့တဲ့အနှစ်နှစ်ဆယ်
က ဗေဒင်ဆရာကြီးတစ်ယောက်နဲ့ ကျုပ်တွေ့ဖူးတယ်၊ အဲဒီ
တုန်းက တံခွန်တိုင်သိုင်းပညာကို ကျုပ် လေ့ကျင့်နေတုန်းဆို
ပါတော့၊ မင်းဟာ လာမယ့် အနှစ်နှစ်ဆယ်မှာ တံခွန်တိုင်
သိုင်းပညာနဲ့ပတ်သက်လို့ ကျော်ကြားတဲ့ လူတစ်ယောက် ဖြစ်
လိမ့်မယ်လို့ ဟောခဲ့တယ်'

'အခုတော့ မှန်နေပြီမို့လား လုပင်းရဲ့၊ အခုတော့ ကျုပ်
က ဆက်ပြီး ဟောလိုက်ဦးမယ်'

လုရှောက်ဖုန်က စကားဆက်လိုက်၍ လုပင်းကမေးထောက်
ကာ နားထောင်နေ၏။

'တကယ်တော့ ခင်ဗျားရဲ့ တံခွန်တိုင်သိုင်းပညာကို ပထမ
ဆုံး တတ်မြောက်ခဲ့သူက ဒီဆိုင်ပိုင်ရှင်ဗျ၊ သူ့ခြေတွေ လက်

တွေကို ကြည့်ကာနဲ့ ကြိုးနဲ့တိုင်ကို ရှင်းရှင်းနှိုင်းနှိုင်း ကိုင်တွယ်ခဲ့မှန်း သိသာတယ်၊ ပြီးတော့ သွားပုံလာပုံကလဲ တံခွန်တိုင် သိုင်းပညာရဲ့ အရိပ်အမြွက် လက္ခဏာတွေ ထင်ဟပ်နေတယ်၊ ကျုပ်ပြောတာ မှန်တယ်မဟုတ်လားဗျို့

လုရှောက်ဖုန့်က သူ့ထင်မြင်ချက်ကို ပြောလိုက်သောကြောင့် အရက်အိုးကိုကိုင်ကာ စားပွဲပေါ်သို့ လာတင်ပေးသော ယိပင်းမှာ ပြုံးလျက်နေ၏။

တံခွန်တိုင်သိုင်းသမားလိုပင်းက အံ့အားသင့်သော မျက်နှာဖြင့် လုရှောက်ဖုန့်ကို ကြည့်နေသည်။ ယိပင်းကိုလည်း လိုပင်းကို လှမ်းကြည့်လိုက်သည်။ ယိပင်း၏မျက်ခွံက အဓိပ္ပာယ်တစ်ခုကို ဖော်ဆောင်နေသည်။

'လုရှောက်ဖုန့်ရဲ့ခန့်မှန်းချက်တွေ အားလုံးမှန်ပါတယ်ဗျာ၊ တကယ်တော့ ကျွန်တော်နဲ့ ယိပင်းဟာ ဟုန်လျှံပင်း ဆိုတဲ့ ကြယ်ပွင့်စကြာသိုင်းဓိဇ္ဇာကြီးရဲ့ သားအရင်းတွေပါ၊ ဖေဖေရဲ့ ပညာဖြစ်တဲ့ထဲက တံခွန်တိုင်သိုင်းပညာ တစ်ခုကိုပဲ အမွေဆက်ခံနိုင်ခဲ့ပါတယ်'

လုရှောက်ဖုန့်၏ အရက်ခွက်ထဲသို့ အရက်အိုးကို သွန်ထည့်ပေးရင်း ယိပင်းက လုရှောက်ဖုန့်ဘေးတွင်ဝင်ထိုင်ကာ ပြောပြသည်။

'ကြယ်ပွင့်စကြာသိုင်းပညာကိုတော့ ဘာလို့ အမွေမဆက်ခံနိုင်ခဲ့တာလဲ'



လုရှောက်ဖုန့်က စိတ်ဝင်စားသံဖြင့်မေးလိုက်ရာ လုရှောက်ဖုန့်၏အမေးကို ယိပင်းကမဖြေဘဲ လိုပင်းက ဝင်ရောက် ဖြေကြား၏။

'အမှန်တော့ ကြယ်ပွင့်စကြာသိုင်းကို ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ရသင့်တာပေါ့'

'ဩော်...ခင်ဗျားတို့အဖေက မမျှော်လင့်ဘဲ သေဆုံးသွားတယ် ဆိုပါတော့'

လုရှောက်ဖုန့်က လိုပင်းစကားကို ဖြတ်၍မေးလိုက်၏။

'အဲ့ဒီလိုဆိုရင်လဲ ဖြေသာသေးတာပေါ့ဗျာ၊ ဩော်... အဖေဆုံးသွားလို့ သိုင်းပညာအမွေတွေ တို့မရလိုက်ဘူးလို့ယူဆလိုက်ရုံပဲပေါ့'

လူတစ်ဦးသည် သေဆုံးခြင်းထက် ပို၍ဆိုးရွားသောအဖြစ်အပျက် မရှိနိုင်ဟု လုရှောက်ဖုန့် ယူဆထားရာ ယခုသေကာတောင် ဖြေနိုင်ပါသည်ဟု လိုပင်းနှင့်ယိပင်းတို့ ညီအစ်ကိုက ပြောသောကြောင့် လုရှောက်ဖုန့် နားမလည်နိုင်အောင် ဖြစ်သွားသည်။

'ဟင်...ခုနပြောတဲ့အကတော့ ခင်ဗျားတို့ အဖေဟာ မရှိတော့ဘူးဆို'

ဆက်တုံက နားမလည်နိုင်သော အမူအရာဖြင့် ဝင်မေးလိုက်ခြင်းဖြစ်သည်၊

'ဒီလိုပါ သူခိုးဓိဇ္ဇာကြီးရယ်၊ ကျုပ်တို့ အဖေဟာ မရှိတော့ဘူးလို့ ပြောခဲ့တာပါ၊ အင်း.... ဒါပေမယ့် ရှိနိုင်သေးတယ်'

လုံပင်း၏စကားကို ဆိုင်ရှင်လူကြီးယီပင် ကပါ ထောက်ခံလိုက်သည်။

'အို... ရှိသိပ်ရှိနိုင်သေးတာပေါ့၊ ရှိနိုင်ပါသေးတယ်၊ ကျွန်တော့် အထင်တော့ အဖေ အဲသက် ရှိကိုရှိနိုင်သေးတယ်လို့ ထင်တာပဲ'

ညီအစ်ကိုနှစ်ဦး၏ စိတ်လှုပ်ရှားသံဖြင့် ပြောသော စကားများကို နားထောင်ကာ ဆက်တုမှာ စိတ်မရှည်နိုင်အောင်ဖြစ်နေတော့သည်။

'ဘယ်လိုလဲဗျ၊ ခင်ဗျားတို့ ညီအစ်ကို နှစ်ယောက်ဟာ စကားနှစ်လုံးထဲနဲ့ ရှုပ်နေပါလား၊ လူတစ်ယောက်ဟာ ရှိရင် အသက်ရှင်တယ်၊ မရှိရင် အသက်မရှိတော့ဘူး သေတယ်၊ အဲ မရှိဘူးဆိုရင် ပျောက်နေတယ်၊ အိပ်ရာထဲလဲနေတယ်၊ ကျွန်တော်ကတော့ ဒီလိုပဲ သဘောပေါက်တယ်'

ဆက်တု၏စိတ်မရှည်သံကြောင့် လုရှောက်ဖုန့်က ဆက်တု၏ လက်ကိုဆုပ်ကိုင်ထားလိုက်သည်။

'နေပါဦးလေ... သိပ်လဲ စိတ်မရှလောပါနဲ့၊ သူတို့က ကာယကံရှင်တွေပဲ'

'အို....ကာယကံရှင်တွေ ဝစီကံရှင်တွေလုပ်မနေနဲ့၊ ငါတော့ သူတို့ပြောတဲ့စကားကို မျက်စိလည်လာပြီ၊ ကိုယ့်အဖေ ရှင်တယ် သေတယ်ဆိုတာတောင် တိတိကျကျ မပြောနိုင်ဘူး၊ မပြောနိုင်ကြဘူး'

ဆက်တုက ပင်ကိုကပင် စိတ်တိုတတ်သူ ဖြစ်သည့် အတိုင်း စကားကို ခတ်ပြတ်ပြတ်ပြောလိုက်၏။



'ဟုတ်ပါတယ်၊ ကျုပ်တို့ကလဲ အဲဒီလို ကို ဖြစ်နေပါတယ်'

'မှန်ပါတယ်'

လုပင်းနှင့် ယီဒင်းနှစ်ဦးလုံးက ဆက်တု၏ အပြစ်တင်မှုကို ရှေ့ဆင့်နောက်ဆင့် ဝန်ခံစကား ပြောလိုက်ကြ၏။

'ခင်ဗျားတို့ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲ'

ဆက်တုက ထပ်မေးလိုက်၏။ လုံကျင်းအရက်ဆိုင်ရှင်လုံပင်းက သူတို့ဘဝအကြောင်းကို ဆက်တုနှင့် လုရှောက်ဖုန့်တို့အား ရှင်းလင်း ပြောပြကြလေတော့သည်။

........

လုံပင်းနှင့်ယီပင်း ညီအစ်ကိုနှစ်ဦး၏ဖခင်ဖြစ်သူ ကြယ်ပွင့်စကြာသိုင်းစီဇွာကြီး ဟုန်လျှပင်းသည် သိုင်းပညာအဆင့်တွင်ထိပ်သီးအဆင့်သို့ရောက်ရှိပြီးနောက်ကြယ်ပွင့်စကြာအာမခံလုပ်ငန်းကို လုပ်ကိုင်လေသည်။

ကြယ်ပွင့်စကြာ အာမခံအဖွဲ့၌ တုန်လျှံပင်း၏ လက်ရင်းတပည့်လေးဦးရှိသည်။ ထိုတပည့်လေးဦးမှာ ယင်းဟု၊ လိန်ချူကျူး၊ စီကူးနှင့် ထင်စန်းကျန်တို့ဖြစ်သည်။

လေးဦးလုံးမှာ သိုင်းပညာကျွမ်းကျင်ပြီး ပစ္စည်းသယ်ယူလိုသူတို့၏စိတ်တိုင်းကျ လုပ်ငန်းကို ဆောင်ရွက်နိုင်ကြသည်။

အဖိုးတန်ပစ္စည်းများကို ဒေသတစ်ခုမှ တစ်ခုသို့ရွှေ့လိုသောအခါတွင် ကြယ်ပွင့်စကြာအာမခံအဖွဲ့ကြီးက အတိမ်းအစောင်းမရှိ ဆောင်ရွက် လုပ်ကိုင်ပေးနိုင်သောကြောင့် တစ်နေ့တခြား နာမည်ရရှိလာသည်။

ဟုန်လျံပင်းသည် သူ့တပည့်လေးဦးစလုံး၏ အကြောင်းကို သူသိသည်။ ယင်းဟုက အရက်အလွန်အကျွံ သောက်တတ်သည်။

လိန်ချူးကဲ မိန်းမ ပါသနာပါသည်။ စီးကူးမှာ အပျင်းကြီး၍ အိပ်စက်မှုကို အလွန်ခုံခင်သောသူဖြစ်၏။ ထင်ဆန်းကတော့ အခြားအရာများအားလုံး ကောင်း မွန် သော် လည်း သတိမေ့တတ်သည်။

သိုင်းပညာရပ်မှာမူ ဟုန်လျံပင်း၏ သင်ကြားပြသမှုအရ ထိပ်သီးအဆင့်သို့ ရောက်ရှိနေသူဖြစ်လေသည်။

အာမခံအဖွဲ့ကြီးနာမည်ရလာသည်နှင့်အမျှ အလုပ်နှင့်လက်မပြတ်အောင် သူတို့ အလုပ်လုပ်ကြရပြီး ငွေရေးကြေးရေးမှာလည်း ချမ်းသာကြွယ်ဝလာကြ၏။

ဟုန်လျံပင်း၏တပည့်လေးဦးမှာ လုပ်ငန်း များဖြားလာသည်နှင့်အမျှ တစ်ဦးနှင့်တစ်ဦး မသင့်မသင့်ဖြစ်လာသည်။

တစ်နေ့တွင် လိန်စုပြည်နယ်မှ စန်းရှဲပြည်နယ်သို့ ပစ္စည်းတစ်ခုပို့ဆောင်ရန် အာမခံအဖွဲ့ကြီးအား လာရောက်ငှားရမ်းလေ့ရှိသည်၊ အခါတိုင်း လာရောက် ငှားရမ်းသူများက



ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုးကိုပြောပြပြီး ပျောက်ဆုံးပါက နှစ်ဆလျော်ကြေးပေးရန် မတောင်းဆိုတတ်ကြ၏။

ယခုတစ်ကြိမ် လာရောက်ငှားရမ်းသူမှာ အလွန်ချောမောပြေပြစ်သော မိန်းမပျိုလေးတစ်ဦးပင် ဖြစ်၏။

'ကျွန်မနာမည် စန့်ကွမ် မုလို့ခေါ်ပါတယ်၊ အခု ကျွန်မတို့ အပ်မယ့်ပစ္စည်းက လူသိခံလို့ မဖြစ်ပါဘူးရှင်'

ဟုန်လျံပင်း၏ မျက်နှာချင်းဆိုင်တွင် ထိုင်ကာ မိန်းမပျိုလေးက ရှင်းပြသည်။ အနီရောင်ကိုယ်ကြပ်အကျီဖြင့် ဆံပင်များကို ခေါင်းပေါ်တွင် သပ်သပ်ရပ်ရပ် ထုံးထားပြီး နားသယ်စတွင် ဆံနွယ်လေးများနှစ်ခုကို ညီညီညာညာ စည်းထားသည်။

ဖူးဖူးရွရွ ပွင့်စပန်းနှင့်တူသော မိန်းမပျိုလေး၏ အသံကြောင့် လုပင်းနှင့် ယိပင်းတို့ အိပ်ခန်းအတွင်းမှ ချောင်းမြောင်း ကြည့်ရှုကြသည်။ ယိပင်းသည် ဤမျှလှပသော မိန်းမပျိုလေးမျိုးကို မမြင်တွေ့ခဲ့ဘူးပေ။

'လုပင်း.... ဒီကောင်မလေးက သိပ်ချောတယ်ကွာ၊ ငါ တစ်သက်တာမှာတော့ ဒီလောက်ချောတဲ့ ကောင်မလေးမျိုး မတွေ့ဖူးသေးဘူး'

ယိပင်းကဲ စန့်ကွမ်းမုကို ငေးကြည့်နေရင်းမှ လုပင်းကိုပြောလိုက်သည်။ လုပင်းက ယိပင်းပြောသံကို မကြားပေ။ သူ့စိတ်အာရုံတို့သည် စန့်ကွမ်းမုယုံထံသို့ ရောက်ရှိနေ၏။

'ဟေ့ကောင်... လုပင်း'

ယိပင်းက ပခုံးကိုလှုပ်လိုက်သောအခါမှ လုပင်းမှာ သတိဝင်လာ၏။

'ဘာလဲဟ'

'ကောင်မလေးက ချောတယ်လို့ ငါပြောနေတာ'

'ပြောဖို့လိုသေးလား ချောလို့ ငါလဲကြည့်နေတာပေါ့ကွ'

လုပင်းက ယိပင်းကို မျက်စောင်းထိုးကာ ပြောလိုက်သည်။ ယိပင်းမှာလည်း လုပင်းကပါ ကောင်မလေးကို သဘောကျနေကြောင်းသိ၍ စိတ်ထဲတွင် အောင့်သက်သက်ဖြစ်သွား၏။ ထိုစဉ်မှာပင် စန့်ကွမ်းမိုသည် အာမခံငှားရမ်းသည့် ကိစ္စကို ဆက်ပြောနေ၏။

'ကျွန်မတို့က စန်းရှဲပြည်နယ်ထဲကနေပြီး ဒီပစ္စည်းကို လူမသိအောင် သယ်ယူချင်တာမို့ ကြယ်ပွင့်စကြာအဖွဲ့ကို လာငှားတာပါ'

မိန်းမပျိုလေးက ချိုသာ ယဉ်ကျေးစွာ တောင်းပန်နေသည်။ အာမခံအဖွဲ့ကို ငှားဖြစ်ပါစေဟု လုပင်းတို့ ညီအစ်ကို ကျိတ်၍ဆုတောင်းနေ၏။ သို့သော် လုပင်းတို့ညီအစ်ကို ဆုတောင်းခြင်းသကဲ့သို့ အဆင်ပြေ ချောမွေ့ခြင်း မရှိပေ။

'အင်း....ဆရာကြီးတို့ကလဲ ပစ္စည်းအမျိုးအမည်ကို သိရမယ်၊ ပြီးတော့ ပစ္စည်းကိုသယ်ရမယ့်နေရာနဲ့ ပို့ရမယ့်နေရာကို သိမှဖြစ်မယ်၊ ဒီလိုမှ ပြောမပြနိုင်ဘူးဆိုရင်တော့ ဒီကိစ္စ လက်ခံဖို့မလွယ်ဘူး'



သူတို့အဖေက အာမခံငှားရမ်းသည့်ကိစ္စကို လက်မခံချင်ဖြစ်နေ၍ ယိပင်း အားမလိုအားမရ ဖြစ်နေ၏။ ဟုန်လျူပင်း၏စကားကြောင့် မိန်းမချော စန့်ကွမ်းမို၏မျက်နှာ ညှိုးလျသွားသည်။

အာမခံကိစ္စကို အလွန်ငှားရမ်းဖို့လိုနေပုံရ၏။

'ကျွန်မတို့ကလဲ ဒီနယ်ဘက်မှာ လုံခြုံစိတ်ချရတဲ့ အာမခံအဖွဲ့ကိုလိုချင်နေတာ အမှန်ပါပဲ'

'ဒါဆိုလဲ ငါတို့ကို ပစ္စည်းအမည်နဲ့ ပို့ရမယ့် နေရာလောက်တော့ ပြောပြမှပေါ့'

စန့်ကွမ်းမိုက ပါးချိုင့်လေးနှစ်ဖက်ပေါ်အောင် ပြုံးလိုက်သည်။

'ကျွန်မသဘောဆိုရင်တော့ ဦးကြီးကို ယုံကြည်စိတ်ချတာမို့ ကျွန်မတို့ သယ်ယူရမယ့်ပစ္စည်းနဲ့ သယ်ရမယ့်နေရာကို ပြောပြဖို့ ဝန်မလေးပါဘူး၊ ဒီလိုလုပ်ပါ၊ ခါတိုင်းဆိုရင် သယ်ယူခ ရွှေဒင်္ဂါးငါးရာ ယူတယ်မဟုတ်လား၊ အခု ကျွန်မတို့က ရွှေဒင်္ဂါးတစ်ထောင်တိတိ ပေးပါမယ်ရှင်'

ပေးသောငွေကြေးတန်ဖိုးကလည်း မနည်းလှပေ။ ငွေကို မည်သူမဆို မက်မောတတ်သောသဘော ရှိလေရာ ဟုန်လျူပင်းမှာ စဉ်းစားရခက်သွားလေ၏။

'ခဏနေပါဦးကွယ်၊ ဦးရဲ့သားတွေနဲ့ တိုင်ပင်ပါရစေဦး'

'ရပါတယ်ရှင်၊ ပွင့်ပွင့်လင်းလင်းပဲ တိုင်ပင်ပါ၊ ဒီရှေ့မှာ တိုင်ပင်လို့ရပါတယ်'

ဟုန်လျှံပင်းသည် လုပင်းနှင့် ယံပင်း ညီအစ်ကိုနှစ်ဦးတို့ကို ခေါ်လိုက်၏။ လုပင်းနှင့်ယံပင်း ညီအစ်ကိုနှစ်ယောက်မှာ ဧည့်ခန်းသို့ ရောက်လာသည့် အချိန်မှစ၍ စန့်ကွမ်းမုံ၏ မျက်နှာကိုသာ ငေးမောကြည့်ရှုနေကြလေသည်။

'ဟေ့ကောင် လုပင်း၊ အဖေကဒီမှာ မင်းကိုတိုင်ပင်ဖို့ခေါ်တာ'

လုပင်းအာ စန့်ကွမ်းမုဘက် မျက်နှာလှည့်ကာထိုင်နေ၍ ဟုန်လျှံပင်းက ခေါ်လိုက်သည်။

'ပြောပါအဖေရှာ ကျွန်တော်ကြားရပါတယ်'

စန့်ကွမ်းမုရှေ့တည့်တည့် ထိုင်ခုံတွင် ဝင်ထိုင်သောကြောင့် ယံပင်းက လုပင်း၏ခြေထောက်ကို ခပ်နာနာတက်နင်းကာ သူ့အဖေဘေးတွင် ဝင်ထိုင်လိုက်သည်။

လုပင်းကလည်း စန့်ကွမ်းမုရှေ့တွင် သူဝင်ထိုင်နေသောကြောင့် ယံပင်းက သူ့ကိုတက်နင်းသွားမှန်းသိ၏။ ယံပင်း၏ ထိုင်ခုံကို နောက်သို့လုပင်းက ဆွဲလိုက်သည်။



'အမေ....ဟို'

'အမယ်လေး'

ထိုင်ခုံရှိသည်အထင်နှင့် ဝင်ထိုင်လိုက်သော ယံပင်းမှာ ကြမ်းပေါ်တွင် မိုးလိုးပက်လက် လန်နေအောင် လဲတော့၏။

'ခစ်... ခစ်....ခစ်'

စန့်ကွမ်းမုက သူမပါးစပ်ကို လက်ကိုင်ပဝါလေးဖြင့်အုပ်ကာ အသံထွက်အောင်ရယ်လိုက်၏။

သားနှစ်ဦး၏လုပ်ပုံကြောင့် ဟုန်လျှံပင်းမှာ မျက်နှာကြီးနီရဲနေ၍ ဒေါသဖြစ်ကာတော့၏။

'ဒီကောင်တွေ ဘယ်လိုဖြစ်နေတာလဲ၊ မင်းတို့ တစ်စက်မှ ကူမြှော်မရှိဘူး'

ထိုင်ခုံကိုဆွဲ၍ ဝင်ထိုင်လိုက်သောယံပင်းကို ဟုန်လျှံပင်းက ဆူလိုက်သည်။

'ဟုတ်ကဲ့'

ဆေးမိနေသောသူတစ်ဦးလို စန့်ကွမ်းမုကို ငေးစိုက်ကြည့်ရင်း ယံပင်းက ဟုတ်ကဲ့ဟုပြောသည်။

'ဘာဟုတ်ကဲ့တာလဲ'

'အဖေပြောတာကို ဟုတ်ကဲ့လို့ပြောတာပါ'

'ငါဘာမှမပြောရသေးဘူး'

'အဖေ ပြောပါတယ်'

ယီပင်းကသည်း စန်းကွမ်းမုအလုကွင် ယစ်မူးနေ၍စကား လိုလို ကဘောက်သ်က်ဘောက်ချာ ပြန်ပြောနေသည်။

'ငါ့ဘာပြောလို့လဲ'

'ဟိုစကားပြောပါတယ်'

'တယ်....ဒီကောင် စကားမပြောတဲ့ ဟောင်ရမလား၊ အူ ရမ '

'ဟူဟ်ကဲ့'

'ဘာကွ....မင်းက ငါ့ကို ခွေးလို အူခိုင်းနေတာလား'

'ဟုတ်ကဲ့'

ယီဗင်းမှာ တကယ့်ကို ခွကျနေလေပြီ။ သူသည် သူ့အဖေ ပြောသည်ပါစေတော့ဟု ဟုတ်ကဲ့လိုက်၏။ ထိုဟုတ်ကဲ့များက မလိုအပ်သောအဓိပ္ပာယ်ကို ဆောင်နေလေပြီ။

'ကဲ....ငါ့ကို ခွေးလိုဟောင်ခိုင်းဦးကွာ၊ အူခိုင်းဦးကွာ'

'ဖုန်း'

'အား'

'ဖြန်း'

'အမယ်လေး'

သူ့အဖေ၏လက်ဝါးချက်များကို ယီပင်းက လွှက်ဖြစ်ကာ ကာ ခေါင်းငုံ့၍ ထိုင်ခုံတွင် ဝင်ထိုင်လိုက်တော့၏။



'တဲ့ဒါပဲကြည့်တော့ ဟူမကြီးရေ၊ သားနှစ်ယောက် မွေး ထားတာ သာမှအားမကိုးရဘူး၊ အခု မြင်တဲ့အတိုင်းပဲ'

စန်းကွမ်းမုက ပါးချိုင့်ကလေးများ ပေါ်အောင် ပြုံးနေ ပါသည်။ ထိုအပြုံးများသည် မြင်သူ၏ရင်ထဲတွင် အေးမြ သွားစေသော အပြုံးဖြစ်ပါသည်။

ဟုန်လျှိုပင်း၏ ရိုက်နှက်ဆုံးမမှုကြောင့် စန်းကွမ်းမု၏ အလှ ကွန်ယက်တွင် မိနေသော ယီပင်းနှင့်လုပင်းတို့မှာ ပုံမှန်အနေ အထားသို့ ပြန်ရောက်သွားသည်။

'ဒီမှာ အာမခံလာငှားတယ်'

'ကောင်းသားပဲ။ ငှားလိုက်ပေါ့ အဖေရာ'

ဟုန်လျှိုပင်း၏စကားမဆုံးမီ လုပင်းက ဖြတ်၍ပြောလိုက် သည်။

'ဘာအကျိုးအကြောင်းမှ မပြောရသေးဘူး၊ ရမ်းပြော မနဲ့'

'အာမခံလာငှားတယ် အဖေရာ၊ ခါတိုင်းလဲ ဒီလိုပဲ လာ ငှားတဲ့လူရှိရင်လိုက်တယ်၊ ပိုက်ဆံရတယ်ပေါ့၊ ငှားသာငှား လိုက်ပါ'

မည်သို့မျှမပြောရသေးမီ အတင်းငှားခိုင်းနေသော လုပင်း ကို ဟုန်လျှိုပင်းက မျက်လုံးပြူး၍ကြည့်လိုက်သည်။

'မင်းပါးစပ်ကို မိတ်ထားစမ်း'

'အဖေ ဒီကောင့် ပါးစပ်တင်မဟုတ်ဘူး၊ မျက်လုံးပါ ပိတ်ခိုင်းဖို့ကောင်းတယ်'

ယိပင်းက လုပင်း၏ စန္ဒကွမ်းမုကို ကျက်သွက်မတတ် ငေး စိုက်ကြည့်နေသော မျက်လုံးများကို အမြင်ကတ်ကတ်ဖြင့် ပြော လိုက်ခြင်းဖြစ်၏။

ဘိန်းသမားချင်း တစ်လုံးပိရှုချင်သော ယိပင်းကို လုပင်း ကလည်း သည်းမခံ။

'ကျွန်တော်က အကောင်းပြောတာပါ အဖေရာ၊ အစ်ကို ယိပင်းလို ကျွန်တော်က ပေပေတေတေနေတာ မဟုတ်ပါဘူး'

စန္ဒကွမ်းမုရှေ့တွင် ယိပင်းကိုတောင် သိက္ခာချအောင် လု ပင်းက ပြောလိုက်ခြင်းဖြစ်သည်။ ယိပင်းဒေါသထွက်သွားပါ သည်။ စောစောက မိန်းမပျိုရှေ့မှာ အရှက်တကွဲဖြစ်အောင် လုပ်ပြီးပြီ။

'အဖေ့သားကို ကျွန်တော်ဆုံးမလို့ လက်လွန်ရင် မတတ် နိုင်ဘူးနော်'

'ကဲ…မင်းတို့ရန်ပွဲဖျင်ရမှာလား၊ ငါ့လုပ်ငန်းကို ဆွေးနွေး ရမှာလား'

ဟုန်လျှပင်းဟိန်းဟောက်လိုက်၍ ညီအစ်ကိုနှစ်ဦးလုံး ငြိမ် သွားကြပြန်သည်။ ဟုန်လျှပင်းက ညီအစ်ကို နှစ်ယောက်ကို ဖြုံ၍ကြည့်နေစဉ် စန္ဒကွမ်းမုကိုကြည့်၍ —



'ကဲ ဒီးထိုက အာမခံအဖွဲ့ဆိုတော့ ကိုယ့်ကို ငွားရမ်းတဲ့ သူကို အမြဲစေတနာနဲ့ ဆောင်ရွက်ပေးပါတယ်၊ ငါ့ဘူမက ဆောင်ရွက်ခနှစ်ဆပေးမယ်ဆိုတော့ ဦးအနေနဲ့ သဘောမတူ စရာမရှိပါဘူး၊ ဒါပေမယ့် ဒီသားတွေကို သင့်မသင့်တော့ မေးကြည့်ရဦးမှာပေါ့'

'ဟုတ်ကဲ့…မေးကြည့်ပါ'

စန္ဒကွမ်းမု၏မျက်လုံးများမှာ ရှိုးရှိုးကြည့်နေသည်ပင် ရယ် နေသည်ဟု ထင်ရလောက်အောင် အသက်ဝင်သော မျက်လုံး မျိုးဖြစ်၏။

'ကဲ… လုပင်းနဲ့ ယိပင်းရေ…အဖေ့ တစ်သက်တာမှာတော့ ဒီလိုငွားရမ်းတာမျိုး တစ်ခါမှ မတွေ့ဖူးဘူးကွ၊ အခုငွားတဲ့ သူတွေက ဘာစဲ့ပစ္စည်းကို သယ်ယူမယ်ဆိုတာ မပြောဘူး၊ ပြီးတော့ ဘယ်ကိုပို့ရမယ်ဆိုတာကိုလဲ ကြိုပြီး အသိမပေးနိုင် ဘူးတဲ့၊ ငွားတာကို လက်ခံသင့် မခံသင့်ပေါ့ကွာ၊ ကဲ…ယိပင်း မင်းသဘောကို ပြောပါဦး'

ဟုန်လျှပင်းက သားကြီးဖြစ်သူ ယိပင်းထံမှ ဦးစွာ အကြံ ဉာဏ် တောင်းခံလိုက်သည်။ ယိပင်းက သူ့အဖေ၏ စကားကို ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်အဖေ၊ ဒီလိုငွားရမ်းတယ်ဆိုတာ တစ်ခါမှ မကြုံဘူးတာတော့ မှန်ပါတယ်၊ ဒါပေမယ့် အခကြေးငွေက

ဖို့လဲ ထိုက်ထိုက်တန်တန်ပေးတာပဲ၊ သယ်ယူစဲ့ပစ္စည်းက ကိုယ် မလိုပါဘူး၊ သက်ရှိသက်မဲ့ သာ သိဖို့လိုတာပါ'

ယိပင်း၏စကားကြောင့် ဟုန်လျ ပင်း၏မျက်နှာမှာ ပြုံး သွားသည်။

'ဂုတ်သဟော....ငါလဲ ဒါကိုမေးဖို့ မေ့နေတယ်၊ ဘယ်လို ပစ္စည်းလဲဆိုတာ မပြောချင်နေပါ၊ သက်ရှိလား၊ သက်မဲ့ လား၊ ဒါတော့ ပြောနိုင်မှာပေါ့'

စန့်ကွမ်းမုက ဟုန်လျ ပင်း၏စကားကို သွက်လက်စွာ ဖြန့် ဖြေ၏။

'ဒါတော့ ပြောနိုင်ပါတယ်ရှင်၊ သက်မဲ့ ပစ္စည်းပါ'

'သက်မဲ့ ပစ္စည်းဆိုရင်တော့ ဘာပြောစရာ ရှိတော့မလဲ ။ဖေဆာ ပိုင်ရှင်ကငွေးမှပဲ၊ လိုက်လိုက်ရုံပေါ့'

ယိပင်းက ဆုံးဖြတ်ချက်ပေးလိုက်ပြီ ဖြစ်ပါ၏။ ဟုန်လျ ပင်းက လုမင်းတက်သို့လှည့်ကာ မေးလိုက်ပြန်လေသည်။

'ကဲ - လိုပင်းသဘောကရော'

'ကျွန်တော့်သဘောကတော့ ဘာပြောစရာလိုမလဲ အပေ ရာ၊ အစ်ကိုလုပင်းသဘောအတိုင်းပဲပေါ့'

'ကဲ....မင်းတို့ ညီအစ်ကိုသဘောတူရင်ပြီးရော၊ ဒါဆို ငါ လက်ခံလိုက်မယ်၊ မင်းတို့သွားနိုင်ပြီ၊ ငါ့အလုပ်ကိစ္စကို အသေ စိတ် ဆက်ဆွေးနွေးမယ်'



ဟုန်လျ ပင်းက ထွက်ခွာခိုင်း၍ လိုပင်းနှင့်ယိပင်းတို့ ဧည့်ခန်း ထဲမှ ထွက်ချင်ထွက်ချင်ဖြင့် ထွက်လာခဲ့ကြ၏။

သူတို့ညီအစ်ကိုနှစ်ဦးပါ သည်တစ်ခါ အာမခံပစ္စည်း ကာ ကွယ်ရန် လိုက်ပါရလိမ့်မည်ဟု ယူဆထားခဲ့ကြ၏။

... ၁ ...

## အခန်း (၁၅)

သို့သော် လက်တွေ့တွင် သူကိုထင်မှတ်သကဲ့သို့ ဖြစ်ပေါ် မလာခဲ့ပေ။ ညဦးပိုင်းရှိ သူ့တပည့်လေးဦးနှင့်အတူ သားနှစ်ယောက်ကိုလှာခေါ်ကာ ဟုန်လျှံပင်းက ခရီးစဉ်ကိစ္စကို ပြောပြသည်။

'အေး....ငါ့ထင်တော့ ဒီတစ်ခါ စောင့်ရှောက်သယ်ယူမယ့်ပစ္စည်းဟာ အင်မတန် အန္တရာယ်များတဲ့ပစ္စည်းလို့ ထင်တယ်၊ ဒီတော့ မင်းတို့အားလုံး ဂရုစိုက်ပါ'

'ဘာဖြစ်လို့ အန္တရာယ်များတဲ့ပစ္စည်း ဖြစ်ရမှာလဲ ဆရာကြီးရဲ့၊ ဒီနယ်ထဲမှာ ကျွန်တော့်တို့အဖွဲ့ကို ဘယ်သူမှ အနှောင့်အယှက် မပေးရဲပါဘူး'

မျက်နှာလေးထောင့်နှင့် အသားနီစပ်စပ်ရှိသော ယင်းဟုက ထပြောလိုက်ခြင်းဖြစ်သည်။



'ယင်းဟု....ဒီခရီးမှာ မင်းကအရေးကြီးဆုံးပဲ၊ သူတို့ပစ္စည်းက ဘာပစ္စည်းမှန်းလဲ မသိဘူး၊ သူတို့တွေဟာ ဘယ်လိုလူမျိုးတွေမှန်းလဲ မသိဘူး၊ ဒီတော့ မင်း လမ်းခရီးမှာ အရက်မသောက်ပါနဲ့'

'ဟာ....ဆရာဟုန်အလဲ ကျွန်တော်က အရက် ဘယ်လောက်သောက်သောက် လိုင်နင်းမပျက်ပါဘူး'

'အေး....ငါသိတာပေါ့၊ ဒါပေမယ့် အခုအာမခံရတဲ့ပစ္စည်းနဲ့ ခရီးနဲ့က အရင်ကနဲ့ မတူဘူး'

'ဗျာ....ဘယ်လိုမတူတာလဲ'

'ပထမဆုံးခရီးကို စထွက်တဲ့လူညီးကို မင်းကစောင့်ရှောက်ကာကွယ်ပြီးလိုက်ရမယ်၊ ဒီတော့ မင်းတစ်ယောက်တည်းက လူညီးတစ်စီး၊ ဒါကြောင့်....'

'ဒါဆိုရင် စိတ်ချပါ၊ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ကျွန်တော်သိပါပြီ၊ ကျွန်တော် အရက်မသောက်ပါဘူး'

'အေး....ဘယ်သူတွေကတိုက်တိုက်၊ မသောက်နဲ့'

'ဟုတ်ကဲ့'

ဟုန်လျှံပင်း၏စကားဆုံးသည်နှင့် ယင်းဟုက ဖြန်ထိုင်လိုက်၏။

လိန်ချိုကျူး'

လိန်ချူကျူးက ထရပ်လိုက်သည်။

'ပြောပါ ဆရာဟုန်'

'မင်းကိုတော့ မှာစရာသိပ်မရှိဘူး၊ ဒါပေမယ့်လဲ မင်းကို မင်းလဲသတိထား၊ ဘယ်မိန်းကလေး စကားကိုမှ ယုံပြီး နား မထောင်နဲ့'

'ဟာ....ဆရာကြီးကလဲ'

'အေး....မင်းကိုမှာစရာရှိတာတော့ ဒါပါပဲ'

'ဟိုကောင်စီးကူးကိုတော့ မှာစရာတွေ အများကြီးရှိတယ်'

အရပ်ပုပု မျက်လုံးမြူးမြူးဖြင့် စီးကူးက ခေါင်းကိုကုတ်ရင်း ထရပ်လိုက်သည်။

'ကျွန်တော်က ဘာဖြစ်လို့လဲ ဆရာကြီး'

'ဘာမှမဖြစ်ဘူး၊ မင်းက မျက်လုံးက လှင်းကွင်းလောက် ကြီးပြီးတော့ အိပ်ဖို့ပဲ အမြဲတမ်းစဉ်းစားနေတဲ့ကောင်၊ မင်း စောင့်ရှောက်ရတဲ့ လှည်းပေါ်မှာ လုံးဝမအိပ်ပါနဲ့'

'အိပ်ပေမယ့် ကျွန်တော်က အအိပ်ဆတ်ပါတယ်၊ ပြဿနာ တစ်ခုခုပေါ်ရင် နိုးတာပဲ'



'တော်စမ်းပါကွာ၊ သူများကနှိုးမှ နိုးတဲ့ကောင်၊ ကဲ...ကဲ ငါမှာတာ သေသေချာချာနားထောင်၊ စခန်းချတဲ့ နေရာမှာ လဲ မင်းက အရင်လိုထိုးမအိပ်နဲ့၊ ပတ်ဝန်းကျင်ကို လေ့လာ ကြားလား'

'ဟုတ်ကဲ့'

စီးကူးထိုင်လိုက်သည်နှင့် ထင်စန်းက သူ့အလှည့်လာတော့မည်ကို သိ၍ မတ်တတ်ရပ်ပြီးသား ဖြစ်နေပြီ။

'ဆရာဟုန်....ကျွန်တော် သတိမမေ့အောင် ဂရုစိုက်ပါ့မယ်'

'အောင်မယ်၊ တော်စမ်းပါကွာ၊ ငါကမပြောရသေးဘူး၊ တော်တော့် ရှေ့ကနေ ပြောချင်တဲ့ကောင်၊ မင်းကတော့ အမြဲတန်း မေ့တဲ့ကောင်ပဲ၊ ထမင်းစားဖို့မြင်တာတောင် ပန်းကန်ပြားမေ့ပြီး လက်ထဲထည့်စားတဲ့ ကောင်မျိုး။ အေး....မင်း မေ့ရင်တော့ ဒီတစ်ခါ ဒုက္ခရောက်မှာပဲ၊ သွားကြပေတော့၊ ဒီတစ်ခါတော့ ငါလိုက်မှာ၊ ငါလဲ လှည်းတစ်စီးကို တာဝန် ယူရမှာ၊ မင်းတို့သတိမေ့ရင် အရက်မူးရင် အိပ်ရင် ငါနဲ့တွေ့ ပြီပေါ့ကွာ'

'ဗျာ....ဒီတစ်ခါ ဆရာကြီးဟုန်လိုက်မယ် ဟုတ်လား'

'အေး....ငါကိုယ်တိုင်လိုက်မယ်၊ ကဲ.... အိပ်ရေးဝအောင် သွားအိပ်ကြပေတော့'

'ဟုတ်ကဲ့'

ဟုန်လျှံပင်း၏ တပည့်လေးဦး ထွက်ခွာသွားသောအခါ အခန်းထဲတွင် ယီပင်းနှင့်လုံပင်းတို့ ညီအစ်ကို နှစ်ယောက်သာ ကျန်တော့သည်။

ယီပင်းမှာ သူတို့အား စည်းသည့်စကား မှမဆိုဘဲ ဟုန်လျှံပင်းက ထွက်ခွာသွားရန် ဟန်ပြင်နေသည်ကို မြင်လိုက်၍ နောက်မှလှမ်းခေါ်လိုက်၏။

'အဖေ'

'ဘာလဲကွ'

'ကျွန်တော်တို့ကရော'

'မင်းတို့က ဘာဆိုင်လို့လဲ'

'ကျွန်တော်တို့လဲ ဒီခရီးမှာလိုက်ပြီး ကာကွယ်စောင့်ရှောက်ချင်လို့ပါ'

'ဘာ'

အာမခံလုပ်ငန်းကိစ္စ ပစ္စည်းသယ်ယူရန်သွားတိုင်း လိုက်ပါလေ့မရှိသော ယီပင်းနှင့် လုံပင်းတို့က လိုက်ပါမည်ဟု ဆိုလာ၍ ဟုန်လျှံပင်း အံ့အားသင့်သွားသည်။



'ဟုတ်ပါတယ် အဖေ၊ ခုတစ်ခေါက် ဘာမှန်း မသိရတဲ့ ပစ္စည်းကိုသယ်ရမှာမို့ လိုက်ခဲ့ပါရစေ'

ဟုန်လျှံပင်းက ယီပင်း၏စကားကြောင့် ဟားတိုက် ရယ်လိုက်သည်။

'ဟား....ဟား... ဟား.. ဟား...ယီပင်း မင်းက အာမခံရမယ့် ပစ္စည်းကို စောင့်ရှောက်ချင်တာ မဟုတ်ပါဘူးကွာ၊ အာမခံလာငှားတဲ့ စန်းကွမ်းမုကို စောင့်ရှောက်ချင်တာပါ၊ ဟုတ်တယ်မဟုတ်လား'

'ဟာ....အဖေကလဲ'

'တော်စမ်းပါကွာ၊ မင်း အိမ်မှာ ကျန်တဲ့လူတွေနဲ့ နေခဲ့ပါ၊ မင်းရှိမှဖြစ်မှာ'

'အဖေ...ကျွန်တော်ကရော'

'မင်းက ပိုဆိုးတာပေါ့၊ မင်းလိုကောင်မျိုးဆို အာမခံလုံချင်တဲ့လူတွေက ကြိုဆိုနေမှာပေါ့၊ ငါအလုပ်ရှုပ်နေတုန်းမှာ အေးအေးဆေးဆေး နေကြစမ်းပါကွာ'

'အဖေ ကျွန်တော် တကယ်လိုက်မှာပါ၊ ကျွန်တော်လဲ တံခွန်တိုင်သိုင်းပညာကို ထိထိရောက်ရောက် လေ့ကျင့်ပြီးပါပြီ၊

ကိုပင်းက လိုက်ရလို့ လိုက်ခြေား လပ်ပြောကြည့်ပါသေး သည်။ ဟုန်လျှံပင်းက လုံးဝလက်မခံဘဲ သူတို့ညီအစ်ကို အိမ်မှာ နေရစ်ခဲ့ရတော့၏။

.....

'နေပါဦး.... လှည်းငါးစီးတောင် တစ်ဦးစီ လိုက်စောင့် ရှောက်ရတယ်ဆိုတော့ သူတို့က ဘာတွေသယ်လာသလဲ'

'ဒါကို ကျွန်တော်တို့ မသိရပါဘူးဗျ'

လုရှောက်ဖို့နဲ့ အမေးကို ယိပင်းကဖြေလိုက်သည်။ လုပင်းက သူ့စကား ဆက်၍ပြော၏။

'ဒါနဲ့ ကျွန်တော်တို့ညီအစ်ကို အိမ်မှာ ကျန်နေခဲ့တာပေါ့၊

နောက်ဆုံးမှာတော့ ယင်းဟုနဲ့ လိန်ချူကျူးဟာ လမ်းမှာ တင် အသက်ပျောက်တယ်လို့ သိရပါတယ်'

'ဟင်... သူတို့ကို သတ်သွားတာလား'



'ဒဏ်ရာဒဏ်ချက်တော့ မတွေ့ပါဘူး၊ ဒါပေမယ့် ဘော် တော်ပြင်းထန်တဲ့ အဆိပ်တို့မိသွားပုံရတယ်၊ သူတို့အလောင်း တွေဟာ တစ်ကိုယ်လုံး ညိုမည်းပြီး ပြာနေတာပါ'

လုပင်းရှင်းပြသည်ကို ဆက်တုက သက်ပြင်းချလိုက်၏။ ဆက်တုက ယိပင်းကိုကြည့်ကာ မေးသည်။

'ထင်စန်းနဲ့ စီးကူးတို့ရော ပြန်လာသေးလား'

'ထင်စန်းနဲ့ စီးကူးတို့ကတော့ နောက်နေ့ မိုးသောက်တဲ့ အချိန်မှာ ပြန်လာကြပါတယ်'

'တော်သေးတာပေါ့၊ အခုရော သူတို့ ရှိကြသေးသလား,

'ဟုတ်ကဲ့... ရှိပါတယ်၊ ဒါပေမယ့် ထူးဆန်းတာက သူတို့ နှစ်ယောက်ကို ဘာမှမေးလို့မရဘူး၊ ဒီအကြောင်းပြောလိုက် ရင် မျက်စိမျက်နှာပျက်နဲ့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ တာပဲ'

*

လုရှောက်ဖို့နဲ့မှ လုပင်းပြောပြသော စကားကိုနားထောင် ရင်း တစ်စုံတစ်ရာ တွေးမိသွား၏။

'ဒါဆိုရင်တော့ ခင်ဗျားတို့အဖေ ဟုန်လျှံပင်းကို မသတ် ဘဲ ဖမ်းသွားတာ ဖြစ်ပါလိမ့်မယ်ဗျာ၊ သူတို့ သတ်ထားခဲ့ရင် အလောင်းတော့တွေ့ရမှာပေါ့'

လှိုင်းက ခေါင်းညိတ်လိုက်၏။

'ခင်ဗျားပြောတာ ဖြစ်နိုင်တယ်၊ ကျွန်တော်လဲ အဖေဟာ မသေနိုင်ဘူးလို့ ထင်နေတာပဲ'

ယံပင်းက အားတက်လာသဖြင့် ပြောလိုက်လေသည်။ ဆက်တုကတော့ မည်သည့်ထင်မြင်ချက်မှမပေး၊ အရက်အိုးထဲမှ အရက်များကို သူ့ခွက်ထဲသို့ လောင်းထည့်လိုက်၏။

'ဘာလို့ ခင်ဗျားတို့အဖေကို ဖမ်းသွားသလဲ တွက်ကြည့်ရင် အဲဒီဖမ်းသွားတဲ့ လူတွေဟာ ခင်ဗျားအဖေဆီက ကြယ်ပွင့်စကြာသိုင်းပညာကိုလဲ သင်ကြားချင်လို့ ဖြစ်ပါလိမ့်မယ်၊ သူတို့အဖွဲ့က ဒုစရိုက်ဂိုဏ်းလုပ်ကိုင်တဲ့ အဖွဲ့ဆိုတော့ ဘေးလူတွေ အသိမခံချင်ဘူး'

လုရှောက်ဖုန့်၏စကားကို ဆက်တုက ခေါင်းခါလိုက်လေသည်။

'သိုင်းဓိဇ္ဇာတစ်ဦးကို ဒီလိုနည်းနဲ့ ညှဉ်းပန်းနှိပ်စက်ပြီးခေါ်သင်လို့ သင်ပေးမတဲ့လား၊ ပညာရပ်ဟာ သူ့လက်ထဲမှာရှိတာပဲ၊ မဟုတ်တာတွေသင်ပေးလိုက်ရင် ဒုက္ခရောက်မှာပေါ့'

'ဒီလိုမပြောနဲ့လေ မြေခွေးဇ္ဇာကြီးရဲ့၊ လူတစ်ယောက်ဆီက ပညာတွေထွက်လာအောင် လုပ်တဲ့နည်းတွေ အများကြီးရှိပါတယ်၊ လူဟာ အသက်ထက် ဘာကိုမြတ်နိုးနိုင်မှာလဲ၊ ဒီတော့ သူတို့အဖေရဲ့အသက်ကို လက်ထဲမှာ ကိုင်ထားပြီးတော့ ပညာတွေကို အရည်စစ်ချယူမှာပေါ့'



လုရှောက်ဖုန့်၏စကားက သဘာဝကျလှပေသည်။ ဆက်တုက သူတို့လာရင်းကိစ္စကို စကားစလိုက်၏။

'ကျွန်တော်တို့ကလဲ လူတစ်ယောက်ကိုရှာချင်လို့ ခင်ဗျားတို့ဆီလာတာပဲ၊ အဲဒီအဖွဲ့ကို ခင်ဗျားတို့များ သိမလားမသိဘူး'

'ဘယ်အဖွဲ့လဲ'

လုပင်းက စိတ်ဝင်စားသဖြင့် မေးလိုက်၏။

'ကင်းမြီးကောက်ဖြူအဖွဲ့'

လုပင်းရော ယံပင်းပါ လုရှောက်ဖုန့်၏ စကားကြောင့် မျက်ခုံးများမြင့်တက်သွားသည်။ ယံပင်းက...

'ကင်းမြီးကောက်ဖြူအဖွဲ့ဟာ သိပ်ကြောက်စရာ ကောင်းတဲ့ အဖွဲ့ပဲ၊ ဒီအဖွဲ့နဲ့ ခင်ဗျားတို့ ရန်ငြိုးရှိလို့လား'

ဟု မေး၏။

လုရှောက်ဖုန့်က ခေါင်းကိုခါယမ်းလိုက်၏။

'ရန်ငြိုးတော့ မရှိပါဘူး၊ ကျွန်တော့်ဆီမှာနေ သိပ်လှတဲ့ ကောင်မလေးတစ်ယောက်ကို ဖမ်းခေါ်သွားပြီးတော့ ကျွန်တော့်ကိုပါ သေကြောင်းကြံလို့'

လုရှောက်ဖုန့်က ကုန်သွားသော အရက်အိုးကို သူ့ရှေ့မှ တွန်းဖယ်ရှေ့လိုက်ရင်း ထရပ်လိုက်သည်။ လုရှောက်ဖုန့်၏ အမူအရာကြောင့် သူတို့ လမ်းမဘက်သို့ လှည့်ကြည့်လိုက်သည်။ ဆိုင်ရှေ့တွင် လူတစ်ယောက် ရပ်နေလေသည်။

'ဟေ... ဝင်ခဲ့လေ၊ ဘာလိုချင်လို့လဲ'

ဆိုင်ဝတွင် ရပ်နေသူက ဝင်မလာတဲ့ ဆိုင်ဖဲသို့ ငေးကြည့်နေသည်။

'ဟင်... ဒီလူရဲ့မျက်လုံးတွေက မျက်တောင်မခတ်ပလား'

ဆက်တူက လှတ်ခနဲပြောလိုက်၏။ လူရှောက်ဖုန်းက ဆိုင်ပြင်သို့ထွက်သွားသည့်သူများကို ရှေ့မှ လက်ဖြင့် ကာထားလိုက်သည်။

'သွားပါနဲ့ သူသေနေပါပြီ၊ အဲဒီလူဟာ ကင်းမြီးကောက်ဖြူအဖွဲ့က လူပဲ'

လုံရှောက်ဖုန်းစကားအဆုံးမှာပင် ဆိုင်ဝတွင် ငေးကြောင်ကြောင် ရပ်နေသောသူ၏ ကိုယ်ခန္ဓာမှာ ရှေ့သို့ ထိုးကျကာ ငြိမ်သက်သွား လေတော့၏။ သူ့ကိုယ်ပေါ်မှ ကင်းမြီးကောက်ဖြူများ ခုန်ထွက်လာသည်။ သူတို့ နောက်သို့ ခုန်ရှောင်ဆုတ်ကာ ကင်းမြီးကောက်ဖြူများကို ရိုက်သတ်လိုက်ကြရ၏။

......

## အခန်း ( ၁၆ )

လုံကျင်းအရက်ဆိုင် အပေါက်ဝတွင် ဝင်နေသူ၏ လဲကျသွားပုံမှာ ရုပ်ဟုတစ်ခု အောက်ခြေပြုတ်၍ ရှေ့သို့ အလုံးလိုက် ကျသလိုမျိုး ဗုန်းခနဲ မြေကြီးပေါ်သို့ မှောက်လဲကျသွားခြင်းပင်ဖြစ်သည်။

ထိုသူ၏ခန္ဓာကိုယ်မှ ထွက်လာသော ကင်းမြီးကောက်ဖြူများကို လူရှောက်ဖုန်းတို့က ရိုက်သတ်လိုက်ပြီးနောက် လူသေအလောင်း အနီးသို့ ပထမဆုံး ရောက်ရှိသွားသူမှာ ယိပင်းဖြစ်သည်။

'ဟေ့လူ... သူ့နားကိုမသွားနဲ့'

လူရှောက်ဖုန်းက လှမ်းအော်လိုက်သည်။ လူရှောက်ဖုန်း၏ စကားကြောင့် ယိပင်းက လူသေအလောင်းနားသို့ ရောက်မှ ရပ်နားလိုက်၏။

'သူ့ကိုယ်မှာ အဆိပ်တွေပါလာနိုင်တယ်'

လုရှောက်ဖုန့်က ရှင်းပြလိုက်သည်။ လုရှောက်ဖုန့် ရှင်းပြသည်ကို ယိပင်းက သဘောမပေါက်နိုင်ပါ။

'သူ့ကိုယ်မှာ အဆိပ်ငွေ့တွေ ပါလာတယ်ဆိုရင်တောင် သူ့အသက်မှမရှိတော့တာပဲဗျာ'

'ဩော်.... ခင်ဗျားက တော်တော် အပြောရခက်တာပဲ အဆိပ်ဆိုတာ အသက်ရှိမှ လူကိုအန္တရာယ်ပေးနိုင်တာ မဟုတ်ဘူးဗျ၊အသက်မရှိတဲ့လူရဲ့ကိုယ်ထဲမှာလဲ အဆိပ်ရှိနေရင် အသက်ရှိတဲ့လူတွေကို ဒုက္ခပေးနိုင်စေတာပဲ'

လုပင်းက လုရှောက်ဖုန့် အစီးရိမ်လွန်နေသည်ဟု ယူဆလိုက်သည်။ မှောက်လျက်လဲကျနေသည့်သူ၏ ကိုယ်ခန္ဓာကိုဆွဲ၍လှန်လိုက်သည်။

ထိုစဉ်မှာပင် ယိပင်း၏ စူးစူးရှရှ အော်သံတစ်ချက် ထွက်ပေါ်လာသည်။

'အာ့...ဒါဟာ ဇင်းမြို့ကောက်ဖြူဂိုဏ်းကလူ မဟုတ်ဘူး၊ ဦးလေးထင်စန်းပဲ'

ကြယ်ပွင့်စကြာသိုင်းဝိဇ္ဇာ အာမခံအဖွဲ့တွင် အမှုထမ်းခဲ့ဖူးသော ထင်စန်းကို မှတ်မိသွား၍ ယိပင်းမှာ အံ့အားသင့်သွားသည်။ လုပင်းက ယိပင်းရှိရာသို့ သွားမည်ပြု၍ လုရှောက်ဖုန့်က လုပင်း၏လက်ကို ဖမ်းဆွဲထားလိုက်သည်။

'ခဏနေပါဦး'

'ဟင်...ဒါ ကျုပ်တို့အဖေရဲ့ သစ္စာရှိလူယုံတော်ထင်စန်း



လုပင်း စကားကိုဆုံးအောင် မပြောနိုင်ပါ။ စိုထိုင်းထိုင်း အနံ့ တစ်ခုက ထင်စန်း၏ အသက်မဲ့ခန္ဓာကိုယ်ပေါ်မှ ထွက်ပေါ်လာသည်။ ယိပင်းမှာ ထိုအနံ့ကို အနီးဆုံး ရှူရှိုက်လိုက်၍ လဲကျသွားသည်။

'ဘာနံ့ကြီးလဲဗျာ စိုထိုင်းထိုင်းနဲ့ အဝတ်ရေစိုဘဲ့ အနံ့မျိုးကြီးပဲ'

ဆက်တုက နှာခေါင်းကို ရှုံ့ရှုံ့ပွပွလုပ်ကာပြောသည်။ လုပင်း၏ခန္ဓာကိုယ်မှာ တစ်ချက်ယိုင်သွားသည်။

'ကျုပ်တို့တော့ အဆိပ်ငွေ့မိပြီဗျို့'

လုပင်း၏ နောက်ဆုံးအော်သံ ဖြစ်ပါ၏။ လုပင်းအော်သံအဆုံးတွင် စားပွဲရှည်ပေါ် မှောက်လျက်လဲကျသွား၏။

လုပင်း၏ဘေးတွင်ဆက်တုသည် စားပွဲကို လက်နှင့်ထောက်လိုက်ပါသေး၏။ သို့သော်လည်း သူသည်လည်း မဟန်နိုင်ပါ။ ထောက်မိသောလက်ပေါ်တွင် ခေါင်းကို စောင်းမှီကာ ငြိမ်သက်သွားပါ၏။

လုရှောက်ဖုန့်မှာလည်း စိုထိုင်းထိုင်းအနံ့ကို ရှူလိုက်မိပါသည်။ ထို့ကြောင့် လုပင်းနှင့်ဆက်တုတို့ မှောက်နေသော စားပွဲအောက်မြေပြင်ပေါ်တွင် လဲကျသွားပါလေတော့သည်။

....o....

အဆိပ်ငွေ့ မီးသူလေးဦး ထဲမှ ပထမဆုံး သတိရလာသူမှာ လုပင်းဖြစ်သည်။ လုပင်းသည် သူ မည်သည့် အရပ်ဒေသသို့ ရောက်နေကြောင်း ကိုသိလို၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

'ဟင်'

လုပင်း၏အိပ်နေသော ခုတင်၏အပေါ် တည့်တည့်တွင် ကင်းမြီးကောက် အမြီးကြီးတစ်ကောင် ရှိပါသည်။ ကင်းမြီးကောက်အမြီးသည် ခေါင်းတွင် ကြိုး စဖြင့် ချည်နှောင်ထားခြင်းခံရပြီး တွန့်လိမ်ကောက်ကွေး လှုပ်ရှားနေ၏။ လုပင်း အိပ်နေသောနေရာနှင့်ဆိုလျှင်က မျက်နှာပေါ်တွင် တစ်လံမျှသာ ကွာပါတော့သည်။

လုပင်းကြည့်နေခါမှ ခေါင်းတွင် ကြိုးတန်းလန်း ချည်နှောင်ထားသော ကင်းမြီးကောက်မှာ တဖြည်းဖြည်း သူ့မျက်နှာပေါ်သို့ နိမ့်ကျလာ၏။

'ညီပ ငါးများဖူးတယ်ဟုတ်လား'

လုပင်း လန့်၍အော်မည်ပြုစဉ် အသံတစ်သံကို ကြားလိုက်ရသည်။ အသံမှာ မိန်းကလေး၏အသံ ဖြစ်ပါသည်။

'ဟင့်အင်း... မများပါဘူး၊ ဘာဖြစ်လို့လဲ'

'မများဖူးရင်လာမျှားကြည့်၊ ဒီငါးများချိတ်က သက်ရှိငါးများချိတ် ညီ ရှိ'



မိန်းကလေးနှစ်ဦး၏ စကားသံကို ကြားရပြီးနောက် သူ ငါးစပ်နှာသို့ရောက်နေသော ကင်းမြီးကောက်ဖြူမှာအပေါ်သို့ မြင့်တက်သွားသည်ကို မြင်ရသည်။

လုပင်း နှင့်ဆက်တုတို့မှာ သတိရလာကြပြီဖြစ်သည်၊ သူတို့သည် မျက်လုံးများကို ဖွင့်ကြည့်ကြ၏။ ပြာလွင်လွင်မီးခေါင်း ကင်ကြီးကို သူတို့ ရှေးဦးစွာမြင်လိုက်ရသည်။ သူတို့ကို လဲသိပ်ထားသောနေရာမှာ တောင်ကုန်းဆင်ခြေလျှောဖြစ်သည်။

အောက်ဘက်တွင် နက်ရှိုင်းသော ချောက်ကမ်းပါးကြီး ရှိ၏။

တောင်ကုန်းထိပ်တွင် မိန်းမချောလေးနှစ်ဦး ထိုင်နေ၏။ သူတို့ ငါးလုံးတစ်ခုတွင် ကြိုးတစ်ချောင်းတပ်ကာ ကြိုးထိပ်၌ ငါးများချိတ်တပ်ဆင်ထားကဲ့သို့ ကင်းမြီးကောက်တစ်ကောင်၏ ခေါင်းကိုကြိုးဖြင့်ချိတ်ထားသည်။

ကြိုးထိပ်တွင်ရှိသော ကင်းမြီးကောက်ဖြူကြီးမှာ လူတစ်ယောက်၏ခြေမလောက် တုတ်ခိုင်ပြီး အဆိပ်ရှိသောဖင်ဘက်ရှိ အမြီးမှာနက်မှောင်ပြောင်လက်နေသည်၊ လက်မဖြူကြီး နှစ်ချောင်းမှာလည်း ကြိုးကိုညှပ်လိုက် ကြိုးကိုအမြီးဖြင့်ထိုးလိုက်နှင့် တော်တော်ဒေါသထွက်နေပုံရသည်။

လုရှောက်ဖုန်မှာ ဆက်တုံ၏ဘေးတွင်ရှိ၏။ လုရှောက်ဖုန် သတိမရသေးပါ။ မျက်လုံးများမှိတ်၍ အသက်မှန်မှန်ရှူရှိုက်

နေသည်။ လုရှောက်ဖုန့်ကို ဆက်တုက ထံတောင်ဖြင့် ထွန်း လိုက်သည်။

'ငါနိုးနေပါတယ်၊ ဆက်တုရာ အသာနေစမ်းပါ'

လုရှောက်ဖုန့်ဟာ ဆက်တုကို ပါးစပ်လှုပ်ရုံလေသံဖြင့် ပြော လိုက်သည်။

'မဒ ဒီလိုပဲ လူတွေကို လာသတ်ပေးနေရတာလားဟင်'

'အေးပေါ့ကွယ်၊ မမ မသတ်ရင်လဲ သတို့ဟာ အစာငတ်ပြီး သေသွားမှာပဲ၊ အစာငတ်တော့ အကြာကြီး ဒုက္ခခံရတာ ပေါ့၊ သူတို့ကိုယ်ကအဆိပ်တွေကြောင့် သူတို့ကို ယခုအောင်လုပ်လို့ မှရဘူးလေ'

'ဟင် ဒါဆို သူတို့သေကြတော့မှာပေါ့'

'ဒါပေါ့ ညီမရဲ၊ မမက ကသိုလ်ရအောင် သူတို့ နာတာ ကျင်တာနည်းအောင် ကင်းမြီးကောက်အဆိပ်နဲ့ သတ်ပေး တာပါ၊ သေမယ့်အတူတူ မြန်မြန်သေသွားတာ စေဒနာသက် သာတာပေါ့'

အကြီးဖြစ်ဟန်တူသော မိန်းကလေးက အငယ်မလေးကို ပြောနေဟန်တူသည်။

'ပေး... ညီမလုပ်ကြည့်မယ်'

'လုပ်ကြည့်လေ၊ ကင်းမြီးကောက်အဆိပ်နဲ့ ထိုးလိုက်ရင် အဲ့ဒီလူဟာ ငါးဖယ်ပျံသလိုပဲ တွန့်လိန်ပြီး အပေါ်ကို ကော့



လာလိမ့်မယ်၊ ပြီးတော့ ကုန်းလိုက်ဆန့်လိုက်ဖြစ်ပြီး သေသွား တာ သိပ်ကြည့်လို့ကောင်းတာပဲ'

'ဟုတ်လား၊ ညီမ တစ်ခါမှမတွေ့ဖူးဘူး'

'မတွေ့ဘူးရင် သိပ်အရသာရှိမှာ၊ ရေထဲကငါးတွေ ငါး မျှားချိတ်မှာမိပြီး ကုန်းပေါ်ဆွဲတင်တော့ ခုန်နေသလိုမျိုး ပေါ့'

'ပေး... ပေး... ညီမ ဒီတက် အစွန်ဆုံးကလူကြီးကို စပြီး လုပ်ကြည့်မယ်'

'ရော့... ရော့'

အငယ်မလေး၏လက်သို့ အကြီးမက သူ့ဝါးလုံးကိုပြောင်း ပေးလိုက်သည်။ လုရှောက်ဖုန့်မှာ ဆက်တုဘေးအစွန်ဆုံးတွင် ရောက်ရှိနေသောကြောင့် အငယ်မလေးက ဝါးလုံးထိပ်မှကြိုး ကို လုရှောက်ဖုန့်မျက်နှာနားသို့ ရွှေ့လိုက်သည်။

လုရှောက်ဖုန့်သည် မျက်လုံးမှေါက်ကို ကျဉ်းကျဉ်းလေး ဖွင့်ကာ ခိုး၍ကြည့်နေသည်။ ကြိုးချည်ထားသော ငါးမျှား ချိတ်က နိမ့်၍နိမ့်၍လာသည်။ လုရှောက်ဖုန့် မျက်နှာနားသို့ ကင်းမြီးကောက်က ထိလုနီးပါး။ မျက်နှာကို ထိလုနီး တစ် ထွာခန့်တွင် ရပ်သွားသည်။

'ဟင်... ဘာလို့ရပ်ထားတာလဲ ညီမလေးရဲ၊ အဲ့ဒီလူကြီးရဲ့ ပါးကို ကင်းမြီးကောက်ကကိုက်အောင် နှိမ့်လိုက်တော့လေ'

'ဟင်... မမကလဲ ခဏနေဦး'

'အို...ဘာလုပ်ဦးမလို့လဲ'

လှေရှောက်ဖုန်မှာ နဖူးပြင်ကျင် ချွေးစများ စို့ရွှဲနေသည်။ သူသည် မကြာမီ ဘာလဲဆောင် သေရတော့မည် ဖြစ်ပါသည်။ မတတ်သာပါ။ ယခုအချိန်မှ အောင်ပွဲစံ ကောင်းပန်၍လည်း မထူးတော့ပါ။ သူသည် မျက်လုံးများကို မှိတ်ထားလိုက်လေတော့သည်။

ဆက်တု သက်ပြင်းချသံကြီးကိုလည်း ကြားသည်။ ဆက်တုလည်း သူ့အဖြစ်ကိုကြည့်၍ စိတ်မချမ်းမသာ ဖြစ်နေပုံရပါ၏၊ သို့သော် ဆက်တုကိုယ်တိုင်လည်း လှုပ်ရှားနိုင်သော အင်အားမရှိပါ။

'အဲ့ဒီလူကြီးကိုကြည့်ရတာ ကျွန်မစိတ်ထဲမှာတစ်မျိုးကြီးပဲ မမရယ်'

အငယ်မလေး၏အသံက တစ်စုံတစ်ရာ ခံစားနေပုံရသည်။

'ဘာဖြစ်လို့လဲ ညီမလေးရဲ့၊ လူပဲဆန်းတာမှတ်လို့၊ ကဲပါ မြန်မြန်လုပ်ပါ၊ မမတို့ ပြန်ဖို့အချိန်ရှိသေးတယ်'

'နေစမ်းပါဦး မမရယ်၊ အခု ညီမကောင်းမြီးကောက်နဲ့ထိ ကာနီးဖြစ်နေတဲ့ လူကြီးကိုကြည့်စမ်း'

'ဘာလဲ၊ သူတို့ကိုယ်မှာ ရွှေ၊ ငွေ၊ ရတနာတွေပါလာမယ် ထင်လို့လား၊ အားလုံး ရှာထားပြီးသား၊ သူတို့ကိုယ်မှာ အသက်တစ်ခုကလွဲပြီး ဘာမှမရှိတော့ဘူး၊ အဲ့ဒီအသက်တောင် ကြာခင် ထွက်ရတော့မှာ'



အသံက ဝေးတိုး သွားသည်။ ခြေသံတစ်ခုကို ကြားရသည်။ တောင်ထိပ်မှ အငယ်မလေးက သူတို့ဘးသို့ ဆင်းလာနေပုံရသည်။

'ဟဲ့ ညီမလေး ဘာလုပ်လို့ မလဲ၊ တောင်အောက်ကိုချော် ကျသွားမယ်။ လာ ဟဲ့ ဘာလို့ ကင်းမြီးကောက် ချိတ်ထားတဲ့ ဂါးလုံးကို သွားမှာချကားတာလဲ'

'မချမ ဘူး၊ ကျွန်မလေး မြင်လာမှာပါ၊ ဒီလူကြီး မျက်နှာကိုအနီးကပ်ကြည့်ချင်လို့'

လှေရှောက်ဖုန်အနီးသို့ အငယ်မလေး ရောက်လာလေသည်။

'ထူးဆန်းတယ် မမရေ၊ ဒီလူကြီးရဲ့ မျက်ခုံးမွှေးနဲ့ နှုတ်ခမ်းမွေးကဆင်တူပဲ၊ မျက်ခုံးမွှေးတွေကလဲ နှုတ်ခမ်းမွှေးအတိုင်းပဲ၊ နှုတ်ခမ်းမွှေးတွေကလဲ မျက်ခုံးမွှေးအရှည်နဲ့ ညီနေတာပဲ'

'အဲဒါကြောင့် မျက်ခုံးမွှေးလေးခုရှင် လှေရှောက်ဖုန်လို့ ခေါ်တာပေါ့'

'ဟင်....မျက်ခုံးလေးခုရှင် လှေရှောက်ဖုန်ဆိုတာ သူလား ညီမတော့ သူ့ကိုချစ်လှမ်းသွားပြီ မမရေ၊ သူ့ကို မသတ်ပါနဲ့'

'ဟင်....ဘာတွေပြောနေတာလဲ၊ သူ့ကို မသတ်ရင် နင့်အဖေက ငါ့ကိုသတ်မှာပေါ့'

'အို... ညီမတာဝန်ယူပါတယ်၊ လုရှောက်ဖုန့်ကို ညီမ သိပ်သဘောကျသွားပြီ'

သူ့အနီးမှ ကပ်၍ အောင်နေသော ဆယ်ကျော်သက်ရွယ် ကောင်မလေး၏စကားကြောင့် လုရှောက်ဖုန့်မှာ ကျိတ်၍ပြုံးမိလိုက်သည်။

လုရှောက်ဖုန့်ပါးစပ်ထဲသို့ ကောင်မလေးက ဆေးလုံးလေးတစ်လုံးကိုထည့်လိုက်သည်။

'ဟယ်... ဘာလုပ်တာလဲ၊ စုခင်း နင် သူ့ကိုဖြေဆေးကျွေးလိုက်တာလား'

'ဟုတ်တယ်၊ ခဏစကားပြောချင်လို့'

'အို ဒုက္ခပါပဲ'

တောင်ကုန်းပေါ်မှ အပြေးအလွှားဆင်းလာသော ခြေသံကြားရသည်။ လုရှောက်ဖုန့်သည် ဆတ်ခနဲထရပ်လိုက်၏။

'အို'

လုရှောက်ဖုန့် ထရပ်လိုက်သောကြောင့် တောင်ကုန်းပေါ်မှ ဆင်းလာသော အသက်သုံးဆယ်ခန့်ရှိ အမျိုးသမီးမှာ တုံ့ခနဲရပ်သွား၏။



'ဟင်... ရှင်—ရှင် အဆိပ်မိတာ မဟုတ်ဘူးလား'

'ဟား ဟား ဟား လုရှောက်ဖုန့်ဆိုတဲ့လူက ဒီအဆိပ်တွေ ခံနိုင်အောင် ကြိုတင်ဆေး ကျင့်ပြီးသားပါ'

'ဟင်'

လုရှောက်ဖုန့်သည် သူ့ဘေးရှိ ချစ်စဖွယ် ပါးဖောင်းဖောင်း နှုတ်ခမ်းရဲရဲလေးနှင့် စုခင်းကို ဘယ်လက်ဖြင့် ပွေ့ဖက်ထားလိုက်သည်။

'သူကဘယ်သူလဲဟင်၊ ကျွန်ုပ်ကိုပြောပြစမ်းပါ စုခင်း'

လုရှောက်ဖုန့်က သူ့အား သဘောကျနေမှန်း သိသည့် စုခင်းကို ဘယ်လက်ဖြင့်ဖက်ရင်း မျက်နှာကို နားကပ်ကာ ပိုင်ပိုင်နိုင်နိုင် မေးလိုက်သည်။

'အို... သူက ဖေဖေ့ရဲ့တတိယမယား လိမ်ချိုးပါ၊ ရှင်သူ့ကို ဘာမှမလုပ်ပါနဲ့နော်'

စုခင်းက တင်းကျပ်စွာ ဖက်ထားခြင်းခံရသည့်ကြားမှ လုရှောက်ဖုန့်ကို တောင်းပန်လိုက်၏။ လုရှောက်ဖုန့်၏ ဖက်ထားခြင်းခံရ၍ စုခင်းမှာ စိုးရိမ်ထိတ်လန့်ပုံ မပေါ်ပေ။ သူမ၏ မျက်နှာလေး၌ တစ်စုံတစ်ရာကို ကျေညက် ခံစားနေရသော အသွင်မျိုးဆောင်နေပေသည်။

လုံရှောက်ဖုန့်က စုခင်း၏ လက်မောင်းလေးကို ပွေ့ဖက်ကာ ဆုပ်ကိုင်လျက် သူ့ရင်ခွင်ထဲတွင်ထည့်ထားရင်း လိမ်ချူးကို မျက်နှာချင်းဆိုင်လိုက်၏။

လိမ်ချူး၏မျက်နှာမှာ ထိတ်လန့်ခြောက်ချားသော အသွင်ပေါ်နေသည်။ လုံရှောက်ဖုန့်၏လှုပ်ရှားမှုကြောင့် ဆက်တုန့်လိုပင်းတို့မှာ မျက်လုံးများဖွင့်ကာ ကြည့်နေကြ၏။

'ကဲ... စုခင်း ဟိုမှာလဲနေတာ ကိုယ့်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေတွေပဲ၊ သူတို့ကိုလဲ ဆေးပ်ဖြေဆေးကျွေးလိုက်ပါနော်'

အိပ်မွေ့ချခံထားရသူ တစ်ယောက်လို စုခင်းသည် သူမ အိတ်ထဲမှဆေးလုံးများကိုထုတ်ကာ ဆက်တုန့်နှင့် လုပင်းတို့၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်တော့၏။

'ဟင်.... ဟေ ဘယ်လိုလုပ်တာလဲ၊ ညည်းမိုက်ရိုင်းလှချည်လား၊ ဒါ ရန်သူတွေဟဲ့ ရန်သူတွေ'

တောင်ကုန်းထိပ်မှ စုခင်း၏လိုပ်ပုံကိုင်ပုံကို ကြည့်နေသော လိမ်ချူးသည် လှားခနဲခုန်ချလာကာ လုံရှောက်ဖုန့်ကို ဝင်ရောက် တိုက်ခိုက်တော့၏။

လိမ်ချူးသည် ဘယ်ညာလက်ဝါးရိုက်လိုက်ခြင်းဖြစ်သည်။ လုံရှောက်ဖုန့်သည် ရပ်နေရာမှ မည်သည့်နေရာသို့မျှ မရွေ့လျားပေ။



လိမ်ချူး၏လက်ဝါးရိုက်ချက်ကို ရင်ကော့၍ ခံလိုက်သည်။ လိမ်ချူး၏လက်ဝါးရိုက်ချက်သည် လုံရှောက်ဖုန့်ကိုယ်ပေါ်သို့ ကျရောက်လာခြင်း မရှိပေ။

အတွင်းအားဖြင့် လုံရှောက်ဖုန့်က တွန်းကန် ထားလိုက်ခြင်းဖြစ်၍ လိမ်ချူးက နောက်သို့သွင့်ထွက်သွားသည်။ သူမသည် တောင်ကုန်းပေါ်တွင် ဖင်ထိုင်လျက် ကျသွားလေတော့၏။

လုံရှောက်ဖုန့်က လိမ်ချူး သူ့ကို မည်သို့ဆက်၍ ရင်ဆိုင်မည်ကို စောင့်ကြည့်နေကာ လိမ်ချူးမှာ လဲကျသွားရာမှ ထရပ်ကာ နုတ်ခမ်းထောင့်စွန်းမှ သွေးစများကို လက်ခုံဖြင့် သုတ်လိုက်လေသည်။

ထို့နောက် တောင်ကုန်းပေါ်မှ ဆင်းပြေးသွားလေတော့သည်၊ လိမ်ချူး ထွက်ခွာသွားသည်ကို ငေးကြည့်နေ့သော လုံရှောက်ဖုန့်၏လက်မောင်းကို စုခင်းက လာရောက်ဆုပ်ကိုင်၏။

'အစ်ကိုက အတွင်းအားတော်တော်ပြင်းတာပဲ၊ ကောင်းတယ်၊ လိမ်ချူးကို အစ်ကိုဆုံးမလိုက်တာ သိပ်ကောင်းတာပဲ'

စုခင်း၏စကားကြောင့် လုံရှောက်ဖုန့် နားလည်ရခက်သွားသည်။

'သူ့ဖြန်ပြီး ပြေးသွားရင်တော့ ကင်းမြီးကောက်ဖြူဂိုဏ်းက လူတွေ တို့ကိုလာသတ်တော့မှာပဲ'

ဆက်တဲ့က လိုရှောက်ဖိုးန်ရှိရာသို့ လျှောက်လှမ်းလာရင်း ပြောလိုက်သောစကား ဖြစ်သည်။ လုပင်းက ဆက်တဲ့၏နောက်သို့ ရောက်လာ၏။

လုပင်း၏မျက်နှာမှာ အလွန်စိတ်မချမ်းမသာ ဖြစ်နေသည့်ပုံမျိုး။ သူသည် ဘောင်ကုန်းပတ်ဝန်းကျင်သို့ လှည့်ပတ်ကာ တစ်စုံတစ်ရာကို ရှာဖွေကြည့်ရှုနေလေသည်။ ဆက်တဲ့က လုပင်းကို ကြည့်၍...

'ဘာရှာနေတာလဲ လုပင်း'

'ကျွန်တော့်အစ်ကိုယိပင်း၊ သူ...သူပါမလာဘူးလား'

လုပင်း၏စကားကို လုရှောက်ဖိုးန်က ခေါင်းခါ ဖြေလိုက်သည်။

'သူမပါလာနိုင်တော့ဘူး လုပင်း၊ လုံကျင်းအရက်ဆိုင်မှာကတည်းက သူ့အသက်ထွက်သွားပြီ'

'ဟင်...ဟုတ်လား'

လုပင်းက လိုရှောက်ဖိုးန်၏စကားကို မယုံသလို မေးလိုက်၏။



'သိပ်ဟုတ်တာပေါ့၊ သူဟာ ကင်းမြီးကောက် အဖွဲ့တွေဆီကရတဲ့ အဆိပ်ငွေ့ပျံအောင် လုပ်ထားတဲ့ ဆေးကို တိုက်ရိုက် ရှူလိုက်မိတာကိုး၊ မင်းတို့တောင် ယိုပင်းဆီက ပြန်ထုတ်လိုက်တဲ့အငွေ့မို့ ခုလောက်ထိ အသက်ရှင်နေနှတာ'

သူ့အစ်ကို သေသွားကြောင်း အသေအချာ သိလိုက်ရသောကြောင့် လုပင်းမှာ ဆောက်တည်ရာမရဖြစ်သွားသည်။ သူသည် သူ့အစ်ကိုအတွက် စိတ်မချမ်းမသာဖြစ်ရာမှ လုရှောက်ဖိုးန်အားတွင် လက်မောင်းကို ဆုပ်ကိုင်ထားသော စုခင်းကို နီရဲသောမျက်လုံးများဖြင့်ကြည့်လိုက်၏။

'ဟေ့...မင်းအဖေရဲ့ လက်ချက်ကြောင့် ငါ့အစ်ကို သေရတာ၊ မင်းကိုအရှင်မထားဘူး'

'ဟင်'

'ဟေ့...လုပင်း မင်းမှားမယ်'

လုပင်းက ဒေါသစိတ်ကြောင့် စုခင်းကိုတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ လုပင်း၏စိတ်လှုပ်ရှားမှုကြောင့် လုရှောက်ဖိုးန်က စုခင်း၏ရှေ့တွင်ရပ်ကာ ကာကွယ်လိုက်သည်။ ဆက်တဲ့ကလည်း လုပင်းကို ဒေါက်တာ တစ်ချက်မြစ်လိုက်ပြန်၏။

'အို...ငါဟာ ငါ့အစ်ကိုအတွက်မှ လက်စား မချေရင်ဘယ်သူ့အတွက် လက်စားချေရမှာလဲ'

ပြောပြောဆိုဆို လုပင်းသည် စုခင်းကို ငှက်ဓါးချက်ဖြင့် ရိုက်သတ်ရန် ဟန်ပြင်လိုက်သည်။ လိုရှောက်ဖိုးန်မှာ မကြာမီကမှ မိတ်ဆွေဖြစ်ရသော လုပင်းနှင့် ရန်မဖြစ်ချင်ပါ။

'လိုပင်၊ ခင်ဗျားစဉ်းစားပါဦးဗျာ၊ သူသာ မကယ်ရင် ခင်ဗျားဟာ လိမ်ချူးကလုပ်တာနဲ့ သေပြီ'

'ဒီမှာ လိုရှောက်ဖုန်း၊ ကျုပ်ကို အခုမှ မတားမြစ်ပါနဲ့၊ ကျုပ်အစ်ကိုယိုဝင်းဟာ သူ့အဖေရဲ့ လက်ချက်ကြောင့် သေသွားပြီ၊ ဒီတော့ ခင်ဗျား ဘေးဖယ်နေပါ၊ ကျုပ် သူ့ကို မသတ်ရရင် မကျေနပ်ဘူး'

လုပင်းက ရှေ့သို့ခြေတစ်လှမ်း တိုးကာ ပြောလိုက်လေသည်။ စခင်းမှာ မျက်လုံးလေးအဝိုင်းသားဖြင့် လုံရှောက်ဖုန်း ကျောတွင်မှီနေ၏။

'သူ့ကိုသတ်ဖို့တော့ ကျုပ်သဘောမတူနိုင်ဘူး၊ သူဟာ ကျုပ်ရဲ့အသက်သခင့်ဖြစ်နေလို့'

'ဟုတ်ပါတယ် လုပင်းရာ စဉ်းစဉ်းစားစား ဆင်ခြင်ပြီးလုပ်မှပေါ့ အဖေ့အပြစ်ဟာ သူ့အပြစ်မှ မဟုတ်တာ၊ ပြီးတော့ သူဟာ စိတ်ကောင်းရှိတဲ့ မိန်းကလေးမို့ ငါတို့ကို ခြေဆေးပေးတာပေါ့'

'အို... တာမှုမသိဘူးကွာ၊ ကဲ....'

လုပင်းက သူ့အိတ်ထဲတွင်ပိုက်ထားသော ကြိုးစကိုထုတ်ယူကာ လုရှောက်ဖုန်းရှိရာသို့ ပစ်ယမ်းလိုက်သည်။ လုရှောက်ဖုန်းက တိမ်းရှောင်ခြင်းမပြုပါ။ လုပင်း၏လက်တွင်ကိုင်ထားသော ကြိုးစသည် လုရှောက်ဖုန်း၏ လည်ပင်းတွင် ရစ်ပတ်မိသွားသည်။



ကြိုးစက တင်းရင်းနေသောကြောင့် လုပင်းက ဆောင့်၍ဆွဲလိုက်လျှင် လုံရှောက်ဖုန်းလည်ပင်း ပြတ်ထွက်သွားနိုင်ပေသည်။

'အို... အစ်ကို'

လုံရှောက်ဖုန်း၏အဖြစ်ကိုကြည့်ကာ စခင်းက ငိုသံလေးဖြင့် [illegible]အော်သည်။

'ဟား...ဟား...ဟား မျက်ခုံးလေးခုရှင် လုံရှောက်ဖုန်း၊ အခုတော့ မင်း ဘာတတ်နိုင်သေးလဲကွ'

လုပင်းက သူ့လုပ်ရပ်ကို သူသဘောကျသလို တဟားဟား ရယ်၍ပြောလိုက်၏။

'မင်းကိုယ်မင်း အထင်ကြီးမနေနဲ့ လုပင်း၊ လုရှောက်ဖုန်းကြောင့် မင်းခုချက်ချင်း မသေတာ'

ဆက်တွက ဘေးမှအော်ပြောလိုက်၏။

'ဘာအကြောင်းလို့လဲကွ'

'ဒီမှာ မင်းကိုသတ်ဖို့ အဆိပ်တွေကို စခင်းက လွှတ်လိုက်တာ လုရှောက်ဖုန်းက ဖမ်းယူထားလိုက်လို့၊ လုံရှောက်ဖုန်း မင်းလက်ကို ဖြန့်ပြလိုက်စမ်းကွာ'

လုရှောက်ဖုန်းက သူ့ညာလက်ကို ရှေ့သို့ထုတ်ကာ ဖြန့်ပြလိုက်သည်။ လုရှောက်ဖုန်း၏လက်ဝါးထဲတွင် အဖျားတွင် ချွန်ထက်၍ အရှည်၌ မြွေမျှားကဲ့သို့ တုပ်ခိုင်သော အပ်သိုလေး ချောင်း။

လုရှောက်ဖုန်၏ လက်ဝါးကိုကြည့်ကာ လိုပင်းမှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။ လုရှောက်ဖုန်၏ သူ့အပေါ်ထားသော စေတနာကို နှုတ်ဖြင့်ပြောဆို ရှင်းပြရခြင်းမရှိတဲ့ တစ်ခဏအတွင်း၌ နားလည်သွားလေတော့၏။

'ကျုပ်မှားသွားတယ် လုရှောက်ဖုန်'

လက်ထဲမှကြိုးကို ပြောင်းပြန်ခါချကာ လုရှောက်ဖုန်သည် လည်ပင်းမှကြိုးကို ဖြေပေးလိုက်သည်။ သူ့ကြိုးစကို သူဖြန့်သိမ်းပြီးနောက် လိုပင်းမှာ ခေါင်းငိုက်စိုက်၍နေလေပြီ။

ဆက်တုက လုပင်း၏အနီးသို့ လျှောက်သွားကာ ပခုံးကို ပုတ်လိုက်၏။

'လုပင်း တို့အခုရောက်နေတာဟာ ရန်သူရဲ့နယ်ထဲမှာ၊ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲတာနဲ့ အားလုံးဟာ အလွယ်တကူ သေသွားနိုင်တယ်ဆိုတာ သဘောထားပါကွာ'

'အေးပါကွာ ဆက်တုရာ၊ မင်းတို့ ငါ့ကို ခွင့်လွှတ်ကြပါကွာ'

ယခုတော့လည်း လုပင်းမှာ မျက်နှာညိုးလျှော်စွာနှင့် တောင်းပန်စကားဆိုလာသည်။ လုရှောက်ဖုန်၏မျက်နှာကို လိုပင်းက မရဲတရဲကြည့်လိုက်သည်။

'လုရှောက်ဖုန်၊ ခင်ဗျားရဲ့ သဘောထားကြီးမှုကို ကျုပ်နားလည်သွားပါပြီ၊ ကျုပ် ဘာဆက်လုပ်ရမလဲ'

လုပင်း၏မေးသံက မချိတင်ကဲနိုင်လှ၏။



'ဒီလိုပေါ့ဗျာ၊ လူဆိုတာ တစ်ခါတလေ မှားတတ်ကြတာပဲ၊ ကျုပ်မှာလဲ ဒီလိုအမှားမျိုးတွေ ရှိခဲ့ဖူးတာပါပဲ၊ အခု ကျုပ်တို့သတိထားရမှာက ကိုယ့်အပေါ်မှာ စေတနာကောင်းနဲ့ ကူညီတဲ့လူကို မပြစ်မှားသင့်ဘူး ဆိုတာပါပဲ၊ ကဲ... စုခင်း အစ်ကိုတို့ကို ခွင့်လွှတ်ပါနော်'

'ခွင့်လွှတ်ပါတယ်။ ဒါပေမယ့် ရှင်တို့ ဒီမှာနေလို့မဖြစ်ဘူး'

စုခင်းက အရေးတကြီးဟန်ဖြင့် ပြောလိုက်သောကြောင့် လုရှောက်ဖုန်တို့သုံးဦးမှာ အသက်ဝင်လာသလိုဖြစ်သွားသည်။

ဆက်တု၊ လုပင်းနှင့် လုရှောက်ဖုန် တို့အားလုံးက စုခင်းရှိရာသို့ ကြည့်လိုက်ကြသည်။ စုခင်းက လုရှောက်ဖုန်၏ လက်မောင်းကို သူ၏လက်မောင်းဖြင့် ချိတ်ထားလိုက်သည်။

'တို့အခု ဘယ်ကိုရောက်နေတာလဲ'

ဆက်တုက စုခင်းကိုကြည့်၍ မေးလိုက်၏။

'ရှင်တို့ ဟန်တန်းနယ်က လူသေတောဝ်ကုန်းကို ရောက်နေကြတာ၊ ကဲ...လာ ရှင်တို့နေစရာ ကျွန်မစီစဉ်ပေးမယ်'

စုခင်းက သူမ၏ညာလက်ဖြင့် လုရှောက်ဖုန်ကို ချိတ်၍ဆွဲကာ တောင်ကုန်းအောက်ရှိ ချောက်ထဲသို့ ဆင်းသွားသည်။

'ဟင်....အနံ့တွေက ညှီနံ့နံ့နေတာပဲ'

ဆက်တုက လုရှောက်ဖုန်နှင့် စုခင်းတို့၏နောက်သို့ လိုက်ပါလာရင်း ပြောလိုက်သည်။

'ဒီမှာပေါ့ရှင့်၊ အောက်မှာ လူသေ အလောင်းတွေ ရှိ
တယ်၊ လူမသိနိုင်တဲ့ ရန်သူတွေကို ကင်းမြီးကောက်ဂိုဏ်း
ကြီးက ဒီမှာသတ်တာပဲ'
'ဒါဆို တိုက်ထဲ သတ်တာပဲပေါ့'
လုရှောက်ဖုန့်၏ စုခင်းသားတို့ ကိုယ်တိုင်ကပင် မေး
လိုက်သည်။

'တုတ်ယယ်၊ ရှင်တို့ကို ဒီလူသေရှောက်ထုံကို သောင်ထဲမှ
လိုက်ရှုံပဲ၊ သေမသွားအောင် လိမ်ချူးကို လွှတ်တာပဲရှင့်၊
ကျွန်မကသိလို့ ရှင်တို့နောက် လိုက်လာတာ'
'ကျွန်မသေမှာစိုးလို့ပေါ့'
'ဒါပေါ့'

'ဒါဖြင့် တခြားလူတွေကို သေပြီးသော်တုန်းကတော့ မင်း
က ဘာလို့ လိုက်မကယ်တာလဲ'
ဆက်တုက လုပင်းနှင့်အတူတူ လျှောက်လှမ်း လာရင်းမှ
မေးခွန်းထုတ်လိုက်သည်။

'တခြားလူတွေကို ကျွန်မကြည့်ရတာ လူကောင်းနဲ့ မတူဘူး
ရှင့်၊ ဆိုးတဲ့ကိုက်တဲ့လူတွေ သူများကိုဒုက္ခပေးတဲ့လူတွေနဲ့ လော
ဘ ဒေါသသိပ်ကြီးတဲ့ လူတွေမှန်း သိသာလို့ ကျွန်မ လှည့်
တောင် မကြည့်ချင်ဘူး'
ဒုစရိုက်လုပ်ငန်းလုပ်နေသည့် ကင်းမြီးကောက်ဂိုဏ်းချုပ်
ကြီး၏ သမီးပင်ဖြစ်သော်လည်း လူကို ခွဲခြားကြည့်မြင် တတ်



သော သဘောကိုပြောပြလိုက်၍ လုရှောက်ဖုန့်က ပြုံးလိုက်
မိသည်။ လုရှောက်ဖုန့်၏ မထိတထိအပြုံးကို စုခင်းက သတိ
ထားမိသွားသည်။
'အစ်ကိုက ဘာပြုံးတာလဲ'

လှိုဏ်ကြီးထဲသို့ တစ်ဆင့်ဆင်းသက်လိုက်ရင်း လုရှောက်ဖုန့်
မျက်နှာကိုကြည့်ကာ စုခင်းက မေးလိုက်သည်။
'ကြောင်... လောဘ ဒေါသဆိုတာ လူတိုင်းမှာ ရှိတာပဲ၊
မဟုတ်ဘူးလား၊ အခု ဘယ်လိုလုပ်ခွဲခြားသလဲ'
လုရှောက်ဖုန့်က ကျောင်းဆရာတစ်ဦး၏ အမူအရာဖြင့်
မေးလိုက်သည်ကို စုခင်းက ခပ်ခနဲရယ်လိုက်သည်။

'အဲဒါ အစ်ကိုက ကျွန်မကို လျှော့တွက်တာပဲ၊ ကျွန်မက
လူတွေမျက်နှာကိုကြည့်တာနဲ့သိတယ်ရှင့်၊ လူတွေဟာ လောဘ
ဒေါသကြီးတဲ့လူတွေနဲ့ နည်းတဲ့သူဆိုပြီး နှစ်မျိုးရှိတယ်'
'ဘယ်လိုခွဲခြားကြည့်လို့ သိတာလဲ'

'လွယ်လွယ်လေးပါ၊ လောဘကြီးတဲ့လူကို အရင်ပြောမယ်
နော်၊ လောဘကြီးတဲ့လူတွေဟာ သွက်လက်တယ်၊ ပြီးတော့
စကားများတယ်၊ ကိုယ့်အတွက် ရမယ်ဆိုရင် ဘယ်သူ့ကိုမှ
မညှာဘူး၊ ပြီးတော့ သူတို့ဟာ ဉာဏ်အမြော်အမြင် မရှိဘဲ
မိုက်မိုက်ကန်းကန်းလုပ်တတ်တယ်၊ အဲ့ဒီလိုလုပ်မယ်ဆိုတဲ့ စရိုက်
က မျက်လုံးထဲမှာပေါ်နေတယ်၊ မျက်လုံးကရှင်နေတယ်၊ ဟို
ကြည့် ဒီကြည့်ပေါ့၊ မဟုတ်ဘူးလား'

'အိမ်မယ်… ညီမက ဘယ်ဆိုလို့လဲ၊ ဒေါ်သကြီးတဲ့လူကောကျ တော့ရော'

'ဒေါ်သကြီးတဲ့လူတွေကျတော့ မျက်နှာနီတယ်၊ ခြေတွေ လက်တွေကြမ်းတမ်းတယ်၊ များသောအားဖြင့် နှုတ်ခမ်းတွေ စူပြီး နှာခေါင်းဟိုတယ်၊ ပြီးတော့ စကားကိုတိုတိုပြောတတ် ပြီး စကားပြောရင် ဒေါ်သသံပါတယ်၊ မျက်လုံးက စဉ်းပြီး တော့ မေးချွန်လဲ မေးနေတတ်တယ်'

နောက်မှလိုက်လာသော လုပ်ငန်းနှင့်ဆက်တဲ့တို့က လူတစ် ယောက်၏ ပုံပန်းသဏ္ဌာန်တို့ကို ခွဲခြားပြောနေသော စုခင်း၏ အသံကိုနားထောင်ရင်း သာမန် မိန်းကလေးတစ်ဦး မဟုတ် ကြောင်း ရိပ်မိလိုက်သည်။

လုရှောက်ဖုန်က စကားထဲတွင် အဓိပ္ပာယ်ရှာတတ်သူ ဖြစ် သည်။ စုခင်း၏စကားများကို နားထောင်လိုက်သည်နှင့် စုခင်း ဆိုသော မိန်းမချောလေး၏ ဘဝကို သူ ရိပ်မိလိုက်လေတော့ သည်။

'ဒါဆိုရင်တော့ ငါသေသေချာချာ ပြောနိုင်တာတစ်ခုရှိပြီ ဆက်တုရေ'

လုရှောက်ဖုန်က နောက်တက်သို့လှည့်ကာ ဆက်တုကြား အောင် အော်ပြောလိုက်သည်။

'ဘာများလဲ မြေခွေးကြီး'

'စုခင်းရဲ့အဖေဟာ အင်္ဂိဇ္ဇာတစ်ဦး ဖြစ်ရမယ်ကွ၊ ပြီး တော့ ဒုစရိုက်အလုပ်ကို ရှုံမုန်းသူဖြစ်ရမယ်'

'ရှင်'



လုရှောက်ဖုန်၏မထင်မှတ်ဘဲပြောလိုက်သော စကားကြောင့် စုခင်း၏မျက်လုံးလေးများ ဝိုင်းသွားသည်။

'ကြံကြံဖန်ဖန်မြေခွေးကြီးရာ၊ စုခင်းရဲ့အဖေဟာ ကင်းမြီး ကောက် ဂိုဏ်းချုပ်ကြီးပဲဟာ၊ ဘယ်လိုလုပ်ပြီး အင်္ဂစိဇ္ဇာဖြစ် နိုင်ပါ့မလဲ'

ဆက်တုက လုရှောက်ဖုန်၏စကားကို ကန့်ကွက်လိုက်သည်။ စုခင်းက လုရှောက်ဖုန်၏ဘယ်လက်မောင်းကို သူမ၏ လက်နှစ် ဖက်ဖြင့် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်၏။

သဘောကတော့ အစ်ကိုနဲ့ပါလာတဲ့လူတွေ စိတ်ချရရဲ့လား ဟု စုခင်းက သင်္ကေတဖြင့် မေးလိုက်ခြင်းဖြစ်၏။ လုရှောက် ဖုန်က ဤမျှလောက်တော့ အကင်းပါးပါသေးသည်။ စုခင်း ၏ လက်မောင်းကို ဆုပ်ကိုင်ထားသော လက်လေးနှစ်ဖက်ကို သူ့ညာလက်ဖြင့် ညင်ညင်သာသာ ပွတ်သပ်ပေးလိုက်သည်။

'ကဲ…စုခင်း၊ မင်းရဲ့အဖေဟာ ဘယ်သူလဲဆိုတာ မှန်မှန် ပြောပါဦး'

'အစ်ကိုလုရှောက်ဖုန်ပြောတာ မှန်ပါတယ်ရှင်၊ ကျွန်မရဲ့ အဖေဟာ အင်္ဂစိဇ္ဇာတစ်ဦးပါ၊ ကျွန်မနှစ်နှစ်အရွယ်မှာ ကျွန်မ အဖေဟာ ခရီးထွက်သွားရာက ပြန်မလာနိုင်တော့ဘူး၊ အခု ကင်းမြီးကောက်ဂိုဏ်းချုပ်ကြီးက ကျွန်မအမေကို သိမ်းပိုက် လိုက်ပါတယ်၊ ကျွန်မကိုလဲ သမီးအရင်းလို မွေးစားလိုက်ပါ တယ်၊ အဲဒီလိုနဲ့ ကျွန်မအရွယ်ရောက်လာတော့ ကျွန်မ့အမေက ကျွန်မကို အမှန်တရားတွေပြောပြလို့ သိရပါတယ်၊ ကျွန်မ အဖေဟာ အင်မတန်ကိုတော်တဲ့ အင်္ဂစိဇ္ဇာကြီးပါ၊ သူဟာ

အမှောင်သိုင်းသမားကြီးတစ်ဦးကို ဗေဒင်ဟောမပေးလို့ သူ့ကို တစ်ကိုယ်လုံး အကြောတွေသေအောင် လုပ်လိုက်ပါတယ်၊ အခုတော့ အဲဒီဟာ အကြောသေရောဂါနဲ့ အိပ်ရာထဲကမထ နိုင်ပါဘူးရှင်'

လူအရိုးစုများပေါ်မှဖြတ်ကျော်ရင်း သူတို့သည် တောင်ကြားလေးတစ်ခုထဲသို့ ရောက်လာကြသည်။ စုခင်းက ပြောပြသောကြောင့် ဆက်တုနှင့်လုပင်းမှာ လူရှောက်ဖုန်၏စကားမှန်ကန်ကြောင်း သိလိုက်သည်။

'မင်းအဖေနဲ့ မင်းပြန်တွေ့သေးလား'

'ကျွန်မ ဆက်ပြီးပြောပြပါမယ်လေ'

## အခန်း ( ၁၇ )

ကင်းမြီးကောက်ဂိုဏ်းချုပ်ကြီး ရဲမာန်ကျင်းသည် ဘီလူးကြီးတစ်ကောင်ကဲ့သို့ ကိုယ်ခန္ဓာကြမ်းတမ်းသူ ဖြစ်သည်။ သူသည် သူ့တပည့်စုစနဲ့ခုန်ကို အင်္ဂစိဇ္ဇာကြီး ချင်ကွေ့စမ်းအား မတွေ့တွေ့အောင် ရှာဖွေခိုင်းသည်။ ချင်ကွေ့စမ်းသည် အမြို့မြို့ အရွာရွာ၌ လှည့်လည်နေထိုင်ရင်း အမှောင်သိုင်းသမား ချင်ဖေ့နှင့်ကြုံတွေ့ရကာ အကြောသေလျက်ရှိသည်။

သူတတ်ကျွမ်းသော ပညာကိုအသုံးပြု၍ မထင်မရှား ကျေးရွာလေးတစ်ရွာတွင် နေထိုင်ကာ သူ့တပည့်တစ်ဦးနှင့် အတူ အသက်မွေးဝမ်းကျောင်းပြုနေရရှာ၏၊ ချင်ကွေ့စမ်း၏တပည့် ဖြစ်သူ ပိုင်ဆက်ဟူမှာ အလွန်ရိုးသားပြီး စိတ်ရင်းနှလုံးရင်း ကောင်းသူဖြစ်သည်။ သူသည် ပျော်ပျော်နေတတ်၏။ သူ့ဆရာထံမှ အင်္ဂစိဇ္ဇာပညာကို သင်ယူသော်လည်း အသိဉာဏ်နည်း လွန်းသောကြောင့် ပညာခံကို မရရှိပေ။

သို့သော် သူသည် မေဒင်ဟောခြင်းကို ဝါသနာပါလေသည်။ သူနှင့်ကြုံတွေ့သူတိုင်းကို သူက မေဒင်ဟောကြည့်လေ့ရှိသည်။ တစ်နေ့တွင် သူတို့ရွာ၌နေထိုင်သော မိန်းမပျိုလေး မုပါးနှင့်တွေ့ဆုံခဲ့လေသည်။ မုပါးကို ထိုစဉ်က သူပထမဆုံး စတင်တွေ့ဆုံခြင်းဖြစ်၏။

မုပါးမှာ သေးသေးသွယ်သွယ် နွဲ့နွဲ့နှောင်းနှောင်းနှင့် ချောမော လှပသူဖြစ်၏။ သူ၏ပါးနှစ်ဖက်တွင် ကျစ်ဆံမြီးတစ်ခု လှလှပပကျစ်ထားပြီး အဖျားတွင် ဖဲကြိုးအနီလေးဖြင့် ကျစ်ထားလေ့ရှိသည်။

မုပါးမှာ လေ့တစ်စီးနှင့် ဈေးမှပြန်လာရာ ကမ်းစပ်တွင် ရပ်နေသော ပိုင်ဟူဆက်နှင့် မျက်လုံးချင်းဆုံမိသည်။

'ဟင်—ဒီကောင်မလေးကိုတွေ့ရတာ ငါ့စိတ်ထဲမှာ ဘယ်လိုဖြစ်တာပါလိမ့်။ တစ်မျိုးချည်းပဲ၊ ဒါဘာဖြစ်တာလဲ'

မုပါး၏အလှကြောင့် ရင်ထဲတွင် တလှပ်လှပ် ခံစားလိုက်သော လှုပ်ရှားမှုကို သူသည် နားမလည်နိုင်ပေ။ သူ့ကိုယ်သူ တစ်မျိုးကြီးဖြစ်နေတယ်ဟုသာ ထင်မိ၏။

မုပါးသည် ခြင်းတောင်းကိုဆွဲကာ လှေကလေးပေါ်မှ ကမ်းစပ်သို့ဆင်းလာ၏။ မုပါးကိုကြည့်ရာမှ သူသည် မျက်လုံးမလွှဲနိုင်ပေ။ မုပါးကိုရှေ့ကကြည့်၏။ မုပါး ဘေးတိုက်အနေထားသို့ရောက်သောအခါ လည်ပင်းကိုစောင်းကာ လိုက်



ကြည့်၏။ မုပါးက သူ့ကိုကျော်သွားသောအခါတွင် ပိုင်ဟူဆက်မှာ မုပါးနောက်မှ လိုက်ပါသွားလေတော့သည်။

မုပါးသည် မူလကတည်းက ငူငူငေးငေးပျက်နေသော ပိုင်ဟူဆက်ကို သတိထားမိ၏။

ထို့ကြောင့် မမြင်ချင်ဟန်ဆောင်ကာ ဆက်၍ လျှောက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ ပိုင်ဟူဆက်မှာလည်း မိခင်နွားမကြီးနောက်သို့လိုက်သော နွားပေါက်လေးကဲ့သို့ နောက်မှ တကောက်ကောက်လိုက်၍နေ၏။

လူတစ်ယောက်က မိမိနောက်ကျောဘက်မှ လိုက်လာခြင်းကြောင့် ကျောချမ်းလာမိသော မုပါးသည် ဆတ်ခနဲရပ်လိုက်၏။ နောက်မှအရှိန်မပျက် လိုက်လာသော ပိုင်ဟူဆက်သည် ကိုယ်ရှိန်မသတ်နိုင်ဘဲ အားလွန်ကာ မိန်းကလေးနှင့် ဝင်တိုက်မိတော့မလို ဖြစ်သွား၏။ မုပါးမှာ မျက်နှာနီမြန်း၍ ဒေါသထွက်လာသည်။

'ရှင်ဘယ်လိုလူလဲ'

'အဲ'

ဆတ်ခနဲလှည့်၍မေးလိုက်သော မုပါး၏ခပ်စွာစွာ အသံကြောင့် ပိုင်ဟူဆက်မှာ လန့်သွားကာ မည်သို့မျှ မဖြေနိုင်ဘဲ အခန့်အောင်ကာ ပါးစပ်ကြီးဟသွား၏။

'ရှင့်ဘယ်လိုလူလဲလို့မေးနေတာ မကြားဘူးလား'

ထိတ်လန့်နေသော ပိုင်ဟူဆက်မှာ ခေါင်းကိုသာ တွင်တွင် ခါယမ်းလိုက်၏။ သူ့မှာ ပါးစပ်ကလည်း စကားပြော၍မရ။ ရင်တုန်ပန်းတုန်ဖြစ်နေ၍ လိပ်မိလုပ်ရာ ခေါင်းခါပြလိုက်မိခြင်းသာဖြစ်ပါ၏။

ထိုသို့ပြုမခြင်းကိုပင် မိန်းကလေးက နားလည်ဖို့ ခက်သွားသည်။

'ရှင်နားလေးနေလား'

'ဟင့်အင်း ကျွန်တော့်နားလေးတွေက သေးသေးလေးတွေပဲပေါ့'

ပိုင်ဟူဆက်မှာ သူ့နားကို သူကိုင်ကြည့်ပြီး တိတိကျကျ ဖြေလိုက်သည်။ သူ့အဖြေကြောင့် မုပါ့မှာ ရယ်ချင်သလိုဖြစ်သွားသည်။

'ရှင့်နားကို ချိန်ခွင်နဲ့ချိန်မကြည့်ချင်ပါဘူး'

'ဒါဖြင့် ဘာလုပ်ချင်လဲ'

မုပါးက အပြစ်တင်ဟန်ဖြင့် နှုတ်ခမ်းစူသာ မေးလိုက်လေသည်။ မုပါးစိတ်ဆိုးမနေမှန်းသိ၍ ပိုင်ဟူဆက်က ကောင်း ပြောရဲလာသည်။



'ကျွန်တော့်နားကို သူ့နေရာမှာပဲ သူရှိစေချင်ပါတယ်၊ လေးတာပေါ့တာ ပြဿနာမဟုတ်ပါဘူး၊ လူ့ခန္ဓာကိုယ်မှာ ပစ္စည်းတွေဟာ နားနဲ့နှာခေါင်းနဲ့ နေရာ လဲအပ်လိုက်ရင် အတော်အကြည့်ရဆိုးမှာ'

ပိုင်ဟူဆက်မှာ သူထင်ရာကို သူပြောရလျှင် စကားသွက်သော လူမျိုးဖြစ်၏။

စိတ်ထဲရှိတာ အကုန် ပြောတတ်သောပွင့်လင်းသည့်လူမျိုးဟု မုပါးက ရိပ်မိသွားသည်။ မုပါးသည်ပိုင်ဟူဆက်နှင့် စကားပြောရသည်ကို ပျော်သလိုဖြစ်လာသည်။

'ရှင် ကျွန်မနောက်ကို ဘာလို့လိုက်လာတာလဲ'

'မသိဘူး'

ပိုင်ဟူဆက်က ရိုးသားစွာ ဖြေသည်။

'ရှင့်လမ်းကို ရှင်သွားပါလား၊ သူများနောက်ကလိုက်နေတာ ဘယ်ကောင်းမလဲ'

'သူများနောက် ဘယ်တော့မှ မလိုက်ဖူးပါဘူး၊ အမိရဲ့ နောက်ကိုသာ လိုက်ခဲ့မိတာပါ'

'အဲဒါကိုမေးတာပေါ့၊ ဘာလို့လိုက်လာတာလဲလို့'

'ဟို - ဒီလိုပါ၊ အမိခေလှပေါ်ကဆင်းလာတာကို ကျွန်တော် မြင်တော့ ကျွန်တော့်ရင်ထဲမှာ တစ်မျိုးဖြစ်သွားတယ်၊ ကိုယ် ဟာကိုယ် နေရင်းလေ တစ်ခါမှ မဖြစ်ဘူးမျိုးပေါ့၊ မော့သလို လို အသက်ရှူရခက်သလိုလိုဖြစ်ပြီး အမိကိုမကြည့်ဘဲ မနေနိုင် ဘူး၊ ဒါနဲ့ မျက်ခြည်မပြတ်ကြည့်မိရင်း နောက်က လိုက်လာမိ တာပါပဲ'

မိုင်ဆက်ဟူ၏စကားကြောင့် မိုပါးက 'ခစ်ခနဲ ရယ်လိုက် သည်။

'ကျွန်မက ဘာထူးခြားလို့လဲ'

မုပါးက မျက်လုံးလေးစွေကြည့်ရင်း မေးလိုက်သည်။

'ဟာ... ထူးခြားတာပေါ့၊ တအားထူးခြားတာပဲ၊ တော် တော့်ကို ထူးခြားတယ်'

'ဘယ်လိုထူးခြားတာလဲ'

'အမိကိုကြည့်ပြီးရင် မျက်လုံးကို ပြန်ခွာလို့မရဘူး၊ အဲဒီ မျက်လုံးက ကိုယ့်စကားကို နားမထောင်ဘဲ အမိရှိရာချည်း လိုက်လိုက်နေတယ်၊ အဲဒါ အမိရဲ့ထူးခြားမှုပေါ့'

'ခစ်...ခစ်...ခစ်...တော်တော်အပြောကောင်းတဲ့လူပဲ'



မုပါးက ချီးကျူးလိုက်၍ မိုင်ဆက်ဟူမှာ ချက်ချင်း ဘဝင် မြင့်သွား၏။

'အံမယ်...ကျွန်တော်က အင်္ဂလိပ်စာဆရာကြီး ချင်ကျေ့စမ်း ရဲ့ တပည့်ဗျ၊ ကောင်းကောင်း လူရဲ့ ခံ ချုပ်ကိုကြည့်ပြီးပြော တတ်တယ်'

'ကဲ...ဒါဆို ကျွန်မကို ပြောစမ်းပါဦး'

သစ်ပင်ရိပ်တစ်ခုသို့ရောက်လာ၍ မိန်းမပျိုလေး မုပါးက ခြင်းတောင်းကိုချရင်း ပြောလိုက်သည်။ မိုင်ဆက်ဟူကအကြိုက် တွေ့သွား၏။

'ကဲ...ပြောပါဦး၊ အခု ကျွန်မက ဘယ်လို မိန်းကလေး မျိုးလဲ'

သစ်မြစ်တစ်ခုပေါ်တွင်ထိုင်ကာ ခြင်းတောင်းကို မြေပြင် ပေါ်တွင် ချထားလိုက်၏။ မိုင်ဟူဆက်က အင်္ဂလိပ်စာဆရာကြီး ချင်ကျေ့စမ်းကဲ့သို့ မုပါးရှေ့တွင် တင်ပျဉ်ခွေ ထိုင်လိုက်၏။ ပြီးနောက် သူ၏မျက်လုံးများကို မုပါး၏ ကိုယ်ခန္ဓာကို ကြည့်လိုက်၏။

'မင်းဟာ ငယ်ငယ်ကတည်းက အမေဆုံးတဲ့ မိန်းကလေး ပဲ၊ မင်းက သွက်လက်ချက်ချာတယ်၊ ပြီးတော့ ဆုံးဖြတ်တတ် တယ်၊ ဒါဟာ အဖေနဲ့အတူနေတဲ့ လက္ခဏာပဲ၊ ငါပြောတာ မှန်ရဲ့လား'

'ခစ်'

မုပါးက မိုင်ဟူဆက်၏စကားကို နားထောင်ရင်း ပါးစပ် ကို လက်နှင့်ပိတ်ရင်း ရယ်လိုက်၏။

'ဟော.... ဘာလို့ရယ်တာလဲ'

'ဟင်း....ဟင်း....ရှင်ကပြောတာ လွဲနေတာကို'

'ဘာလဲလွဲလို့လဲ'

'ကျွန်မရဲ့ဖေဖေက ငယ်ငယ်ကတည်းက ဆုံးသွားတာရှို

ကျွန်မက အမေနဲ့နေတာ'

ပထမဆုံး သူ့ခန့်မှန်းချက်လွဲချော်သွား၍ ပိုင်ဟူဆက် ရှ

သွားသည်။ သို့သော် သူက ဂရုမစိုက်ဘဲ ပြန်ဆယ်လိုက်ကာ...

'အေးလေ...ဒါတော့တော့ မမှားပါဘူး၊ မင်းဟာ အဲ

အမေ အရုံအညီမရှိဘူး၊ တစ်ယောက်ဆုံးပြီး တစ်ယောက်နေ

တာ ဖြစ်ရမယ်လို့ပြောရင် မမှားဘူး မို့လား'

'ဒီလိုတော့ ဟုတ်သားရှင့်၊ ကဲ ဒါဆိုရင် ကျွန်မ တစ်

ထပ်မေးမယ်၊ ကျွန်မဟာ ဘယ်လိုအစားအစာ သက်မျိုး ကြိ

တတ်သလဲ'

ပိုင်ဟူဆက်က မှုပါး၏မျက်နှာကို သေသေချာချာ စေ့

စေ့ စပ်စပ် ကြည့်လိုက်ပြန်သည်။

'ဟုတ်တယ်၊ မင်းဟာ အစားအသောက် တစ်မျိုးကို

တော်တော်စွဲစွဲလမ်းလမ်း မင်းကြိုက်တယ်'

'ဟယ် ဒါကို သူသိတယ်၊ ကဲ ပြောစမ်း၊ ကျွန်မ ဘာ

ကြိုက်သလဲ'

ပိုင်ဟူဆက်မှာ သူ့စိတ်လားတစ်ခွန်း မှန်သလိုလို ဒီသွား

ကျေနပ်သွားသည်။ မည်သည့်အစာ အစာမျိုးဟု ပြောရ

သည် စဉ်းစားလိုက်၏။



'အင်း...မိန်းကလေးဆိုတော့ ဘာစားတတ်သလဲ၊ စဉ်း

စားစမ်း၊ ဟုတ်ပြီ၊ ငါသိပြီ...ငါးကြော်တွေ အသားလုံးကြော်

တွေ ကြိုက်တာဖြစ်ရမယ်'

ပိုင်ဟူဆက်သည် တစ်ကိုယ်တည်း စဉ်းစားကာ ဆုံးဖြတ်

ချက်တစ်ခု ချလိုက်သည်။

'ပြောလေရှင့်၊ ကျွန်မကြိုက်တဲ့ အစားအစာကို မှန်အောင်

ပြောနိုင်ရင်တော့ ရှင်ဟာ သိပ်ထက်တဲ့ ဗေဒင်ဆရာပဲ'

မမပြောသေးမီ မှုပါးက ထပ်ပြောလိုက်၏။ ပိုင်ဟူဆက်က

မိန်းကလေး၏မျက်လုံးများကို စူးစိုက်ကြည့်ရင်း သူ့စိတ်တွင်

ထင်မှတ်သည်ကို ပြောလိုက်တော့သည်။

'မင်းကြိုက်တဲ့ အစားအစာဟာ အသားလုံးကြော်ပဲဖြစ်ရ

မယ်'

ပိုင်ဟူဆက်ပြောသွားချက်ကို မှုပါးက ခွက်ထိုးခွက်လှန်

ရယ်မောလိုက်၏။

'ခစ် ခစ် ခစ်...ရှင်ဟာ သိပ်ရယ်စရာ ကောင်းတဲ့လူပဲ၊

ကျွန်မကို သက်သက်ညာပြောနေတာကိုး'

မှုပါး၏ တုံ့ပြန်မှုကြောင့် ပိုင်ဟူဆက် အံ့အားသင့်သွား

သည်။

'ဘာဖြစ်လို့လဲ၊ မင်းကြိုက်တာ အသားလုံးကြော် မဟုတ်

ဘူးပေါ့'

'ဟွန်း...အသားလုံးကြော်ကို ကြိုက်တာ ရှင်ပဲ ဖြစ်ရမယ်၊

ကျွန်မက မွေးကတည်းက အသားအသားမှ မစားဘူးရှင့်၊ ကျွန်မ

နေ့တိုင်းမစားရင် မနေနိုင်လောက်အောင် ကြိုက်တဲ့ဟာက ပန်းသီးရှင့်'

'ဟင်'

ပိုင်ဟူဆက် တက်တက်စင်အောင် လွဲမှားသွားသည်။ သူ့အမှားမှာ ပြုပြင်၍မရလောက်အောင် အမှားကြီး မှားခြင်းဖြစ်သည်။

ထိုအမှားမျိုးကို ဗေဒင်ဆရာတို့ ကြောက်တတ်ကြသည်။ ပိုင်ဟူဆက်၏ မဆင်မခြင်ပြောတတ်မှုကြောင့်ပင် သူ့ဆရာက သူ့ကို ဗေဒင်မဟောရန် ဆုံးဖြတ်ခြင်းဖြစ်ပေသည်။

အင်္ဂဝိဇ္ဇာပညာသို့ သူ့ဆရာက သူ့ကိုသင်မပေးခြင်း ပိုင်ဟူဆက်၏ ဉာဏ်နည်းပါးမှုကို သိသောကြောင့် တားမြစ်ထားခြင်းပင် ဖြစ်ပေတော့သည်။

ယခုတော့ ပိုင်ဟူဆက် တော်တော်နောင်တရသွားပါသည်။ သူသည် မုပါးကိုပင် မော့မကြည့်တော့၊ မြေကြီးကိုငုံ့ကြည့်ကာ ငြိမ်သက်နေသည်။ သူသည် အင်ဖတန်စွဲလမ်းမိသော မိန်းကလေးတစ်ဦးရှေ့တွင် အရှက်ကွဲရခြင်းကြောင့် သူ့ကိုယ်သူလည်း တော်တော်စိတ်ပျက်သွားသည်။

ပိုင်ဟူဆက်မျက်နှာသည် ညှိုးနွမ်းနေသောပန်း၊ ဆာလောင်မွတ်သိပ်နေသောသူ တစ်ဦးလိုပင် သူသည် သစ်ပင်ကိုမှီကာ ငြိမ်နေ၏။ သူ့ပါးစပ်မှ စကားသံများ တစ်လုံးချင်း ထွက်ပေါ်လာသည်။



'ငါမှားပါတယ်ကွာ၊ ငါ့ကို ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ တကယ်တော့ ဗေဒင်ပညာကို ငါ ဘာမှမတတ်ပါဘူး၊ တကယ်တတ်တာက ငါ့ဆရာပါ၊ ကဲ... ငါသွားတော့မယ်'

ပိုင်ဟူဆက်သည် ငိုင်တွေနေရာမှ ထရပ်လိုက်သည်။ မုပါးက ပိုင်ဟူဆက် ဘော်တော် ရှက်ရွံ့သွားပြီဟု ထင်မှတ်မိသည်။ သူမ လှောင်ပြောင်ရယ်မောမိခြင်းကို အားနာစိတ် ဖြစ်သွားလေသည်။

ပိုင်ဟူဆက်က စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ထွက်ခွာသွားတော့သည်။

'ဒီမှာရှင့် ဒီမှာခဏနေပါဦး'

ရှက်ရွံ့သွားသော ပိုင်ဟူဆက်ကို သနားသွားကာ မုပါးက ပြေးလိုက်သွားသည်။

ပိုင်ဟူဆက် ခြေလှမ်းများ တုံ့ခနဲရပ်သွားသည်။ မုပါက ပိုင်ဟူဆက်ရှေ့တွင် ရပ်လိုက်၏။ ပိုင်ဟူဆက်က မုပါးကို မကြည့်ပေ။ မြေပြင်ကိုသာ ငုံ့၍ကြည့်နေသည်။

'ရှင်တော်တော် ရှက်သွားသလား၊ ကျွန်မ ရယ်မိတာ တောင်းပန်ပါတယ်'

မုပါးက လေသံလေးဖြင့် ပြောလိုက်သည်။

'ငါ့ကို ဘာမှမတောင်းပန်ပါနဲ့၊ ငါဟာ ဘာမှ အသုံးကျတဲ့ လူတစ်ယောက် မဟုတ်ပါဘူး၊ မင်းကို နှောင့်ယှက်မိတဲ့အတွက်သာ ငါက တောင်းပန်ရမှာပါ'

ပိုင်ဟူဆက်က ရိုးသားစွာ ပြောလိုက်၍ မုပါးမှာ စိတ်မကောင်းဖြစ်သွားသည်။

၉

'ရှင်ဘယ်မှာနေတာလဲ၊ ရှင့်နာမည်ကို ဘယ်လိုခေါ်သလဲ'

'ငါ့နာမည် ပိုင်ဟူဆက်တဲ့၊ ငါ၊ ဒီရေသောင်ထိပ်က တဲကလေးမှာ နေတယ်၊ ငါ့ဆရာက အင်္ဂလိပ်ဆရာကြီး ချစ်ကော့စမ်းတဲ့၊ သူကတော့ မင်းကို မှန်အောင် ဟောပေးနိုင်မှာပေါ့'

'ကျွန်မနာမည် မုပါးပါ၊ ကျွန်မက ဒီရွာထဲမှာ အဖိုးနဲ့ အိမ်မြင့်မြင့်ကြီးမှာ နေပါတယ်၊ ဒီအချိန်ဆို အမြဲတန်း တစ်ဖက်ကမ်းမှာရှိတဲ့ ဈေးကိုကူးတတ်တယ်၊ ရှင့်ကို ကျွန်မ ခင်ပါတယ်၊ ရှင်က ရိုးသားတဲ့လူပဲ၊ ကျွန်မ သွားမယ်နော်'

'အင်း'

ပိုင်ဟူဆက်သည် ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ပြုံးရွှင်သော မုပါး၏မျက်နှာလေးကို မြင်လိုက်ရသည်။ မိန်းကလေး ထွက်သွားတော့မှပင် သူ့ဆရာခိုင်းသည့်ကိစ္စကို သတိရလာသည်။

သူ့ဆရာက တစ်ပတ်စာစားစရာ သောက်စရာများကို ဝယ်ရန် တစ်ဖက်ကမ်းရှိဈေးသို့ သွားခိုင်းခြင်းဖြစ်သည်။ သူသည် ထိုအခါမှ မြစ်ဆိပ်သို့ဆင်းကာ လှေတစ်စီးပေါ်တက်၍ တစ်ဖက်ကမ်းသို့ လိုက်သွားလေတော့သည်။

ပိုင်ဟူဆက်သည် သူ့ဆရာခိုင်းထားသော ပစ္စည်းများ ဝယ်ယူပြီးသည်နှင့် သူတို့နေထိုင်ရာ ချောင်းထိပ်ရှိ တဲကလေးရှိရာသို့ရောက်လာ၏။

'ပိုင်ဟူဆက်၊ မင်းဒီနေ့ တယ်ပြီးနေ့ခက်ကျပါလား၊ ဘယ်တွေ လျှောက်သွားနေလဲ'



အိပ်ရာထဲမှ ချစ်ကော့စမ်းက ပိုင်ဟူဆက်ခြေသံကြားသည်နှင့် အော်ဟစ်မေးလိုက်၏။

'ဟိုမိတ်ဆွေတစ်ယောက်နဲ့ တွေ့နေလို့ပါ'

ပိုင်ဟူဆက်က ပစ္စည်းများကိုချရင်း ဆရာကြီး၏ဘေးတွင် ဝင်ထိုင်လိုက်သည်။ ချစ်ကော့စမ်းမှာ အကြောများနာနေသဖြင့် အိပ်ရာထဲမှ မထနိုင်ပေ။

ပိုင်ဟူဆက်လာမှပဲ ကုလားထိုင်အစ်ခုပေါ်သို့ တင်ပေးတတ်၏။ ထိုအခါတွင်မှ ဗေဒင်လာရောက်မေးမြန်းသူများကို တစ်နေ့တာ ဗေဒင်ဟောကြားရင်း သူတို့ ဆရာတပည့်အတွက် ဝမ်းစာကိုရှာကြရလေသည်။

'ငါတော့ အိပ်ရာထဲလဲနေရတာ ကျောတွေကိုပူနေတာပဲကွာ ဟိုကုလားထိုင်ပေါ် ရွှေ့ပါဦး'

'ဟုတ်ကဲ့'

ပိုင်ဟူဆက်သည် ဆရာကြီးကိုပွေ့ချီကာ ကုလားထိုင်ထက်လုံးပေါ်သို့ ရွှေ့တင်ပေးလိုက်သည်။ ကုလားထိုင်ပေါ်တွင် ရောက်သောအခါ၌ ချစ်ကော့စမ်းသည် ပိုင်ဟူဆက်၏ မျက်နှာကို အကဲခတ်လိုက်၏။

'ပိုင်ဟူဆက်၊ မိန်းကလေးတစ်ယောက်ယောက်နဲ့ မင်းတွေ့လာခဲ့လယ်မဟုတ်လား'

'ဗျာ...ဆရာကြီး ဟုတ်...ဟုတ်ကဲ့ ဆရာကြီးဘယ်လိုလုပ်သိလဲ၊ ဗေဒင်လာမေးတဲ့ ဧည့်သည်တစ်ယောက်ယောက်က ပြောပြလို့လား'

'ဒီမနက် ဘယ်သူမှမလာသေးပါဘူး'

ချင်ကွေ့စမ်းက စူးရှသော မျက်လုံးများဖြင့် ကြည့်ရင်း ပိုင်ဟူဆက်ကို ပြောလိုက်သည်။ စူးရှတောက်ပြောင်သော ချင်ကွေ့စမ်း၏မျက်လုံးများကို ရင်မဆိုင်ရဲသောကြောင့် ပိုင်ဟူဆက်မှာ မျက်နှာလွှဲလိုက်ရသည်။

ပိုင်ဟူဆက်အကြောက်ဆုံးမှာ သူ့ဆရာ၏ မျက်လုံးများပင် ဖြစ်သည်။ သူ့ဆရာ၏မျက်လုံးများသည် အခြားသူတို့၏မျက်လုံးများနှင့်မတူ။ အလွန်တောက်ပ ပြောင်လက်နေသည်ဟု ပိုင်ဟူဆက် ထင်မှတ်သည်။

ဖန်ဂေါ်လီလုံးများကဲ့သို့ပင် သူ့ဆရာ၏ မျက်လုံးများက စူးရှပြောင်လက်နေ၏။ စကားတစ်လုံးမှ ဆက်မပြောသေးသော ပိုင်ဟူဆက်ပြောမည့်စကားကို ချင်ကွေ့စမ်းက စောင့်နေ၏။

'ကျွန်တော် မုပါးဆိုတဲ့ကောင်မလေးနဲ့ စကားပြောခဲ့ပါတယ်'

'ကောင်မလေးကို မင်းတော်တော် စွဲလမ်းနေပြီ မဟုတ်လား၊ မင်းတော့ ဒုက္ခရောက်တော့မှာပဲ၊ ဟင်း.... မင်းချည်း မဟုတ်ဘူး၊ ငါလဲ ဒုက္ခရောက်မှာပဲ၊ အင်း....အချိန်ကျလာပြီ ထင်ပါရဲ့'

ခပ်လေးလေးပြောလိုက်သော ချင်ကွေ့စမ်း၏အသံကြောင့် ပိုင်ဟူဆက်မှာ ခေါင်းတောင်ထောင်ပါသည်။ သူ မိန်းကလေး တစ်ဦးနှင့် စကားပြောခဲ့ရုံမျှနှင့် သူတို့ဆရာတပည့်သည် မည်သည့်အတွက် ဒုက္ခရောက်နိုင်သည်ကို မတွေးတတ်ပေ။



'ကျွန်တော်နဲ့ စကားပြောတဲ့ မိန်းကလေးက သဘော ကောင်းပါတယ် ဆရာကြီး၊ သူ့နာမည်က မုပါးတဲ့၊ သူတို့ က ဒီရွာထဲမှာနေတာပါ'

ချင်ကွေ့စမ်းက ခေါင်းကိုခါယမ်းနေ၏။

'မင်းနားမလည်ပါဘူး ပိုင်ဟူဆက်၊ နာမည်က ဘယ်သူ ဖြစ်ဖြစ် သူကဘယ်မှာနေနေ အရေးမကြီးဘူး၊ မင်းဟာ မိန်း ကလေးတစ်ယောက်ကိုပဲ စွဲလမ်းသွားတာဟာ အရေးကြီး တယ်၊ လောကမှာ ဒုက္ခတော်တော်များများဟာ မိန်းကလေး တွေဆီက လာတာကွ'

'မိန်းကလေးတွေဟာလဲ ကျွန်တော်တို့လိုလူပါပဲ ဆရာကြီး ရယ်၊ ဒုက္ခတွေ ကျွန်တော်တို့ဆီ မလာအောင် တားထားမှာ ပေါ့'

ပိုင်ဟူဆက်၏စကားကြောင့် ချင်ကွေ့စမ်းက ဟားဟားဟား အော်ရယ်လိုက်သည်။

'ဟား....ဟား....ဟား.... မင်းဘာမှ နားမလည်သေးဘူး၊ အင်မတန်ပါးနပ်တဲ့ မိန်းမတွေက ပေးတဲ့ ဒုက္ခကို ဘယ် ယောကျ်ားကမှ တားမြစ်လို့မရဘူးကွ၊ အခု ဒီမိန်းကလေးကို အကြောင်းပြုပြီး မင်းကိုရော ငါပါ မကြာခင် ဒုက္ခရောက်ရ လိမ့်မယ်၊ ပစ္စည်းတွေသိမ်းထားတော့'

'ဗျာ'

ချင်ကွေ့စမ်းက သူသယ်သွားရမည့် ပစ္စည်းများကို အိတ် တစ်လုံးထဲတွင် ထည့်ထားနိုင်သည်။ ပိုင်ဟူဆက်မှာ ဆရာ လုပ်သူ လုပ်နေသည့်အဓိပ္ပာယ်ကို နားမလည်ပေ။

ပစ္စည်းများသိမ်းဆည်းပြီးသောအခါတွင်ပိုင်ဟူဆက်သည် ဆရာကြီးအနီးသို့သွားကာ နှိပ်နယ်ပေးနေသည်။

'ကျွန်တော်ကတော့ ဘာဒုက္ခမှ ရောက်လာမယ် မထင်ပါဘူး၊ ဆရာကြီး တကယ်လို့ ကျွန်တော်တို့ကို လာဒုက္ခပေးရင်လဲ ဆရာကြီးရှေ့က ကျွန်တော် ကာကွယ်ပါ့မယ်'

စိတ်မချမ်းမြေ့မှုဖြစ်နေသော ချင်နောက်စမ်းကို ပိုင်ဟူဆက်က အားပေးစကားပြောလိုက်သည်။

'မင်းတာဝန်က မနက်တိုင်း လှေဆိပ်ကိုသာ သွားပြီး စောင့်ကြည့်၊ မသင်္ကာစရာလူတွေ့ရင် ငါ့ဆီကို ချက်ချင်း လာခဲ့'

....ဝ....

# အခန်း (၁၈)

ပိုင်ဟူဆက်ကလည်း မိုးလင်းသည်နှင့် လှေဆိပ်သို့ သွားသည်။ လှေဆိပ်တွင်ထိုင်ကာ မသင်္ကာသူလူများ သူတို့ဘက်ကမ်းသို့ ကူး၍လာခြင်း ရှိမရှိကိုကြည့်သည်။ သို့သော် နှစ်ရက်တိုင် မည်သည့်ထူးခြားမှုမှ မရှိပေ။ မုပါးနှင့်ကား နေ့စဉ်တွေ့၍ ရင်းနှီးချစ်ခင်စွာ စကားပြောကြရသည်။

သုံးရက်မြောက်နေ့တွင် ထုံးစံအတိုင်း လှေဆိပ်သို့ သွားစောင့်နေရာ မုပါးမြန်လာသည်ကို တွေ့ရ၏။ မုပါး၏ခြင်းကို နေ့စဉ်တွေ့နေရသော လှေလှော်သူလူဝကြီးကဆွဲ၍ ကုန်းပေါ်တက်လာသည်။

'ဟိုလှေသမားကြီးက မုပါးတို့အိမ်ကို လိုက်ပို့မလို့ တင်တယ်'

ပိုင်ဟူဆက်က တစ်ကိုယ်တည်းတွေးလိုက်၏။ သို့သော် သူ ထင်မြင်သကဲ့သို့ မဟုတ်ပေ။ လူဝကြီးသည် မုပါးနှင့်အတူ သူ့အနီးသို့ရောက်လာကာ...

'ကျွန်မပြောတာ သူပါပဲ'

မုပါးက ပိုင်ဟူဆက်အား လက်ညှိုးထိုးကာ လူဝကြီးကို ပြောလိုက်၏။

'ဟော့....သူပြောတာ ဟုတ်သလား၊ မင်းရဲ့ ဆရာကြီးက အင်္ဂဝိဇ္ဇာဆရာကြီးချင်ကွေ့စမ်းဆို'

'ဟုတ်ပါတယ် ခင်ဗျ၊ ဘာဖြစ်လို့လဲ'

လူဝကြီးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'အေး....ငါ့အသိတစ်ယောက်က ဗေဒင် မေးချင်လို့တဲ့၊ အတော်ပဲ မင်းနဲ့ငါ တစ်ခါတည်း လိုက်ခဲ့မယ်'

ပိုင်ဟူဆက်က လူဝကြီးကို နှစ်စဉ် တွေ့မြင်၍နေရသဖြင့် မစိုးရိမ်မိသော်လည်း ချင်ကွေ့စမ်းက ဤရက်ပိုင်း အတွင်း ဗေဒင်မေးမည့်သူများ သူ့ထံ ခေါ်မလာရဟု အမိန့်ပေးထားသည်ကို သတိရသွား၏။

'ခုတော့ လိုက်လို့မရသေးဘူး ခင်ဗျာ'

'ဟင်....ဘာဖြစ်လို့လဲ'

မုပါးက အံ့အားသင့်သော မျက်လုံးများဖြင့် ပြန်၍မေး လိုက်၏။



'ဆရာကြီးက ဒီရက်ပိုင်းအတွင်း ဗေဒင်မဟောသေးဘူး၊ သူဟောမဟော ကျွန်တော်မေးပြီး ဟောတဲ့ရက် ကျရင် လာခေါ်ပါ့မယ်'

ပိုင်ဟူဆက်က ဆရာ၏အမိန့်အတိုင်း ရိုးသားစွာ ပြောလိုက်သည်။ လူဝကြီး၏မျက်နှာ ပျက်သွားသည်။ မုပါးမှာပါ နှုတ်ခမ်းစူလိုက်၏။

'ရှင်ပဲ ရှင့်ဆရာဆီကို အချိန်ရွေး ဗေဒင် လိုက်မေးလို့ရတယ်ဆို့၊ ရှင်နဲ့ကျွန်မ ခုတွေ့တွေ့ချင်း ပြောဖူးတယ် မဟုတ်လား'

'အဲဒီတုန်းက ဟုတ်ပါတယ်၊ အခုမဟုတ်တော့ဘူး'

'ဟင်....ဘာဖြစ်လို့လဲ'

'ဆရာကြီး စိတ်ဆိုးနေလို့'

'ဘယ်သူ့ကို စိတ်ဆိုးတာလဲ'

'မသိပါဘူး၊ သူ့ဟာသူ စိတ်ဆိုးနေတာပဲ'

မုပါးနှင့် လှေသမားကြီးလူဝကြီးက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

'အေးလေ....သူက ခေါ်မသွားချင်လဲ နေပါစေ၊ ကဲ... မင်းပြန်ချင်ပြန်တော့လေ'

'ဟင့်အင်း....ကျွန်တော် မပြန်သေးပါဘူး'

နေလယ်ခင်း လှေဆိပ်၌ လှေများနောက်ဆုံး စိုက်သည်အထိ စောင့်ကြည့်ရန် ချင်ကွေ့စမ်းက အမိန့်ပေးထားသောကြောင့် ထိုင်ရာမှမထဘဲ ပြောလိုက်ခြင်းဖြစ်သည်။

'ကဲ... သူနေချင်လဲ နေပါစေ၊ တို့သွားစရာရှိတာ သွားကြစို့'

လူဝကြီးက မုပ္ပါးကိုပြောကာ နှစ်ယောက်အတူတူ ကုန်းပေါ်သို့တက်သွားကြသည်၊ မုပ္ပါးနှင့်လူဝကြီးတို့ ထွက်သွားရာသို့ ပိုင်ဟူဆက် မျက်စိဖြင့်လိုက်ကြည့်ရင်း စိတ်ထဲတွင် တင်းမျိုးကြီးဖြစ်လာသည်။

သူ့အင်မတန်ချစ်မြတ်နိုးသော မုပ္ပါးသည် လူဝကြီးနှင့်အတူ ယှဉ်တွဲကာသွားသည်။ သူတို့နှစ်ယောက် သွားပုံက နီးနီးကပ်ကပ်။ ပြီးတော့ လူဝကြီးက လက်တစ်ဖက်က ခြင်းတောင်းကို ဆွဲ၍ လက်တစ်ဖက်က မုပ္ပါး၏ပခုံးကိုဖက်ကာ သွားလေသေး၏။

'အင်း... သူတို့က ရိုးမှရိုးရဲ့လား၊ မုပ္ပါးနဲ့ လှေသမားကြီးက အသက်ချင်းတော့ တော်တော်ကွာတာ သူတို့ချင်း ခင်လို့ဖြစ်ပါလိမ့်မယ်'

ပိုင်ဟူဆက်သည် စိတ်သက်သာရာ သက်သာကြောင်းကို တွေးရင်းမှာပင် ငိုချင်သလိုလိုဖြစ်လာသည်။ သူသည် ဆရာ၏ အမှာစကားအတိုင်း လှေဆိပ်တွင်ကပ်မည့်လှေများ ကုန်သည်အထိ ဆက်မစောင့်တော့၊ ခေါင်းငိုက်စိုက်ချကာ သူတို့အိမ်ရှိရာသို့ ပြန်သွားလေသည်။

'ဟော... မင်းမျက်နှာက မကောင်းပါလား၊ ဒီနေ့ ဘယ်လိုဖြစ်တာလဲ'



အိပ်ရာထဲမှ ချင်ကော့စမ်းက လှမ်းမေးလိုက်သည်။ ရုတ်တရက် ပိုင်ဟူဆက်သည် စကားပြန်မပြောနိုင်။ ဆို့နင့်နေသည်။

'ပိုင်ဟူဆက်၊ မင်းဘယ်လိုဖြစ်လာတာလဲ၊ ငါ့ကို မြန်မြန်ပြောစမ်း'

စိုးရိမ်စိတ်ပေါ်လာသော ချင်ကော့စမ်းက လှမ်းအော်၍ မေးလိုက်သည်။

'မုပ္ပါးက လူစိမ်းယောက်ျားနဲ့ တွဲသွားသို့၊ ပြီးတော့ အဲဒီလူက ပေဒင်လိုက်မေးချင်လို့တဲ့၊ ကျွန်တော်က ဆရာကြီးဆီကို အချိန်အတိုင်း ခေါ်မလာခဲ့ဘူး'

'အေး... မင်းကို ဘယ်လိုမေးသလဲ'

ပိုင်ဟူဆက်က သူတွေ့ကြုံခဲ့သည့်အတိုင်း ပြန်ပြောပြလိုက်သည်။ ပိုင်ဟူဆက်၏စကားကို နားထောင်၍ ချင်ကော့စမ်း၏ မျက်နှာမှာ ရွာတော့မည့်မိုးလို မည်းမှောင်လာလေတော့သည်။

'လူမိုက်... မင်းဟာ လူမိုက်ပဲ၊ ကျားရှေ့ မှောက်လျက်လဲခဲ့တဲ့ ဒရောင်၊ ကဲ... တို့ထွက်ကြမှဖြစ်မယ်၊ မင်းအိတ်ထဲကို ဓားရယ်၊ ကြိုးရယ်၊ သံချိတ်တွေရယ် အကုန်ထည့်ထားလား'

'ထည့်ထားပါတယ် ဆရာကြီး'

တစ်ခဏအတွင်းမှာပင် ဖိုင်ဟူဆက်တစ်ယောက် ကြီးကို ပခုံးပေါ်တွင်ထမ်းလျက် လက်တစ်ဖက်က လုံးကိုဆွဲကာ တောအုပ်တစ်အုပ်ရှိရာသို့ ဦးတည် ထွက် လေတော့သည်။

....၀....